
www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃
နတ်ရှာမိုး
နဂါးငွေ့တန်းရဲ့ပန်းပုံပြင်/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၇။
၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

၂၀၁၇ ခုနှစ်၊ (မေလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ - ၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြ - ၀၀၂၇၆)၊ အမှတ် (၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အဆင်း..အပြည့်
အနံ့..အပြည့်
ခွန်အား..အပြည့်
ပန်းအင်္ဂါ..အပြည့်နဲ့
ပန်းမျိုးစေ့ဟာ..ငါ..
အလေ့ဂျမပေါက်တတ်တာ
ဆန်းသလား...
နမ်းချင်ရင်တော့...စိုက်..ကြည့်..လိုက်...။ ။

(ဒိုင်ယံ)




www.burmeseclassic.com

www.burmeseclassic.com

ကျုပ်..
ခရီးမထွက်ခင်
ကျုပ်သားလေးကို
"ထင်အိန္ဒ"လို့..ကင်ပွန်းတပ်ပြီး
တစ်နှစ်မြောက် မွေးနေ့ပွဲကို
ခမ်းခမ်းနားနား ကျင်းပပေးခဲ့တယ်။
ကျုပ် အိမ်ပြန်လာတော့..
ကျုပ်မိန်းမ "အာစင်ဒီ" ရဲ့
ဗိုက်ထဲမှာ...ကျုပ်သားဟာ..
ကိုယ်ဝန်အရင့်အမာနဲ့
မွေးတောင်မမွေးသေးဘူး..တဲ့။
ကျုပ် တွေးမရဖြစ်နေတာ..
အဲ့ဒါပဲ..။ ။

(အာထင်ကာ)



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

# နန်းမြွေနှင့် တစ်ရွာသား



www.burmeseclassic.com

www.burmeseclassic.com

ကြည့်...
အဲ့ဒါလည်း...
တွေ့တွေ့ချင်း သူ့မစိတ်ထဲက မေးမိတဲ့..
ငေါ့တွေး..
ငေါ့မေး..မှတ်ဘူးလား..
စိတ်မေးခွန်းကို သူဖြေပြန်ပြီး..
ရှင်ဘယ်လိုလူလဲ..?

(နန်းမွေ)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အစိမ်းရောင်ပေါင်း မြောက်မြားစွာ ကြွယ်ဝသည့် ဖြိုးဖြိုးမောက်မောက် မြင်ကွင်းကြီး မှန်ပြတင်းထဲ ဘွားခနဲ ဝင်လာသည်။ မြင်မြင်ချင်း မင်သက်မိရင်း. . .

ဒါ အစိမ်းရောင်အစစ်တွေ. . .

သဘာဝတရားကြီးက မွေးဖွားဖြစ်တည်လာတဲ့. . .

အစိမ်းရောင်အစစ်တွေ. . .

ဟူသောအသိ ဝင်လာသည်နှင့် သူမရင်သည် ညွတ်ညွတ်နူးနူး ဖိုလှိုက်လာသည်။ တရိပ်ရိပ် ပြေးရင်း အနီးအဝေး ချာလပတ်လည်၍ လိုက်ပါနေသော အစိမ်းနု အစိမ်းရင့် အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ပုတ်. . .၊ သဘာဝတရားကြီး၏ စုတ်တံနှင့် ခြယ်မှုန်းထားသော သက်ရှိ အစိမ်းပင်လယ်မြင်ကွင်းကျယ်ကြီးကို တအံ့တသြ ငေးမောမဆုံး ဖြစ်လာနေ၏။

မှန်ပြတင်းကို တစ်ပိုင်းတစ်စ လာကွယ်သလို ဖြစ်နေသော မီးခိုးရောင် နေကာလိုက်ကာစကိုပင် ခုံလက်ရမ်းရှိ ခလုတ်နှိပ်၍ တွန်းဖယ်ပစ်လိုက်မိသည်အထိ ဖြစ်ရသည်။

မြင်ကွင်းစိမ်းကြီး တရိပ်ရိပ်ကို ငေးရင်း. . .

သူမရှေ့က ထိုင်ခုံကျောမှီကို ဆွဲချ၍ ဖြန့်ခင်းထားသော စားပွဲငယ်ပေါ်တွင် ဖွင့်ဖောက်ပြီး တစ်ငုံမှ မသောက်ရသေးသော ကော်ဖီအေးခွက်ကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။

သည်လောက်အရှိန်နှင့် သည်ဘတ်စ်ကားကြီး ပြေးနေတာတောင် ပြည့်လျှံနေသည့် ကော်ဖီတစ်စက်မှ စက္ကူခွက်နံရံမှ ဆင်းမလာချေ။ ကားအတွင်းမှာတော့ ပကတိ အိမ်လိုပင် ငြိမ်နေ၏။

သူမကော်ဖီစားပွဲနှင့် လက်မအနည်းငယ်သာ ခြားသော စားပွဲလေးပေါ်မှာလည်း ' 120 Years Old ' ဟု စာတန်းကပ်ထားသော ပုလင်းပြားလေးနှင့်အတူ အပြည့်အလျှံ ထည့်ထားသော ဝိုင်ဖန်ခွက်ကလေး ရှိနေ၏။

သူမမျက်စိက လှမ်းကြည့်ရင်း ဘေးကပုဂ္ဂိုလ်ဆီ မသိမသာ စောင်းငဲ့ကြည့်လိုက်မိပြန်သည်။

မြို့တော်အဝေးပြေးကားဂိတ်မှာ သူမ ကားပေါ်စတက်လာကတည်းက သည်အတိုင်းပင် ပုံစံတစ်စက်ကလေး မပျက်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ကျောင်းသား အဝတ်အစား အပြည့်အစုံ (သေနတ်တော့ မပါ)နှင့် သက္ကလပ် ဦးထုပ်ပြားကြီး မျက်နှာအုပ်၍ မက်မက်စက်စက် အိပ်လျက်ပါလာပုံ။ သူမ ကျော်ခွ၍ နေရာယူခဲ့ရသည်။ မြင်းစီးခြေနင်းနှင့် ဆန့်ဆင်းထားတဲ့ ခြေထောက်ကလည်း အရှည်ကြီး။

"အင်း. . . ကာလနဂါးမကြီးရဲ့ ဘယ်နှစ်ဥမြောက်က ပေါက်တဲ့ သဘောက်သားပါလိမ့်. . ."

သူမ ခပ်ငေါ့ငေါ့ တွေးရင်း မှန်ပြတင်းဘက် ပြန်လှည့်သည်။

အို. . . လှလိုက်တာ. . .။

အစိမ်းရောင်မြင်ကွင်းကြီးကို ကျနေခြည် ဝါရွှေရွှေက တလက်လက် လှမ်းပက်နေသော SUNSET မြင်ကွင်း။ မိခင် သဘာဝတရားကြီး၏ ရင်နှစ်သည်းချာရတနာ သက်ရှိပန်းချီကားချပ်ကြီး၊ အစိမ်းပုတ် အစိမ်းရင့်ရင့် အဆင့်ဆင့် တောင်ထိပ်တောင်ကလပ်တွေပေါ်က ရွှေရောင်နှင့် အဝါရောင်ချင်း ထိခတ်၍ ဖျတ်ခနဲဖျတ်ခနဲ အလင်းဆုံး အဝင်းဆုံး ရွှေမြင်ကွင်းကတော့ သူမရင်တွင်းသို့ နက်ရှိုင်းစွာ နှစ်ခနဲ ဝင်လာသည်။

စီးထားသော ဖိနပ်ပါးလေး ချွတ်၍ သူမ လက်အုပ်ချီမိုး ရှိခိုးလိုက်မိ။ မျက်စိမှိတ်၍ ကြားဖူးလိုလက်ကလေး နဖူးနှင့်ထိထားစဉ် ကြည်လင်ချိုအေးသောအသံလေး ပေါ်လာသည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်. . . ဝေဒေဟီ ခရီးသွားယာဉ်ပေါ်က ခရီးသည်အပေါင်း မင်္ဂလာပါရှင်၊ ကျွန်မတို့ယာဉ်



www.burmeseclassic.com

www.burmeseclassic.com



တာ သန့်ရှင်းလတ်ဆတ်တဲ့ သတ်မှတ်သဘာဝလေဖုန်အတွင်း တို ဝင်လာနေပြီမို့ သဘာဝလေကို ရှူရှိုက်လိုသူ ခရီးသွားပြည်သူ များ မှန်ပြတင်းများကို ဖွင့်လိုက ဖွင့်ထားလို့ရပြီဖြစ်ကြောင်း. . သတင်းကောင်း ပေးအပ်ပါတယ်ရှင်၊

တစ်ဆက်တည်းမှာပဲ ကြိုတင်အစီရင်ခံလိုတာကတော့ နောက်(၂၂)မိနစ်ကြာရင် ကျွန်မတို့ယာဉ်ဟာ နောက်ဆုံးယာဉ် ရပ်စခန်းဖြစ်တဲ့ သမ္ဘူလ ယာဉ်ရပ်စခန်းကို ဝင်ရောက်ရပ်နားမှာ ဖြစ်ပါတယ်ရှင်. . . ကျေးဇူးတင်ပါတယ်ရှင်"

သူမရှေ့ရှိ ဖန်သားပြင်အသေးလေးနှင့် ကားခေါင်းရှိ ဖန်သားပြင်ကျယ်ပေါ်မှ သရီးဒီအပြုံးနှင့် ချိုသာသော အသံ ပိုင်ရှင်လေး ပျောက်ကွယ်သွားသည်။

သူမ ဝမ်းသာအားရ သဘာဝလေ ရှူရန် ပြတင်းမှန်ကို ခလုတ်ဖွင့်လိုက်သည်။ ကားအရှိန်ကို လိုသလောက် လျှော့ချ ထားပြီဖြစ်သည်။ ဖန်တီးထားသော အဲယားကွန်းလေ မဟုတ်ဘဲ သဘာဝလေအေး ဝင်လာ၏။

သူမ အားပါးတရ ရှူရှိုက်လိုက်မိသည်။ သူမ၏ညို မောင်းသော ဆံပင်လက်လက်တွေ ဝေ့ဝဲဖွာလွင့်နေပုံက ပန်းချီ ဆန်နေပေလိမ့်မည်။

သူမ ဖျတ်ခနဲ သတိရသွားသည်မှာ သူမ၏ဆံပင်ရှည် အဖျား ဘေးက ကိုကာလနဂါးကိုများ သွားရိုက်လေမလား ဟူ၍ဖြစ်သည်။

ချက်ချင်းလှည့်ကြည့်လိုက်မိသည်။ အလို့. . ဘုရားရေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖွင့်ထားသော ပြတင်းလေကြောင့် သူ့မျက်နှာပေါ် အုပ်ထားသော နွားကျောင်းသားဦးထုပ်က တလှုပ်လှုပ်နှင့် မြောက်ကြွ မြောက်ကြွ ဖြစ်နေပါပေါ့လား. . .။ သူမ ကိုယ်ပိုင်လွတ်လပ်ခွင့် ကြောင့်တော့ဖြင့် သူတစ်ပါး မနှိုးစေချင်။ ပြီးတော့ သူ့ဦးထုပ် ကြမ်းခင်းခြေနင်းဖတ်ပေါ် ပြုတ်ကျသွားမှာလည်း စိုးမိသည်။

သည်လို COUNTRY FOLK မျိုးက အယူသည်းတတ်မှန်း သူမ ဖတ်ဖူးသည်။ လေကလည်း လတ်ဆတ်လွန်း၍ ရှုလို့က မဝသေး. . .။ ဘယ်လိုလုပ်ရပါ့. . .။

ဦးထုပ်အကြွတွင် သူ့မျက်နှာကို သူမ ခိုးကြည့်လိုက်မိ၏။ ဟာမလေးဟဲ့. . . ကိုကာလနဂါးက သူ့မျက်နှာကို ဦးထုပ်အောက်မှာတောင် လည်စည်းပုဝါကြီးနှင့် စည်း၍ အုပ်ထားလိုက်သေး. .။

လေက ပိုတိုးလာသဖြင့် ဦးထုပ်က လွင့်တော့မည်။ သူမ ပြတင်း ခဏပြန်ပိတ်လိုက်၏။ သူမခေါင်းက ဆံညှပ်ကို ဖြုတ်ယူလိုက်၏။ လက်ညှိုးခန့်ရှည်သော ခပ်ပါးပါး ဆံညှပ်ကလေးနှင့် သူ၏ဦးထုပ်အနားနှင့် ဝေ့စ်ကုတ်အကျီကော်လာကို အသာကလေး အသားမထိစေဘဲ ဆွဲကပ်၍ ညှပ်ထိုးပေးထားလိုက်၏။

"ဟူး. . ."

သူမ အောင်မြင်သွားမှပင် အသက်ရှူဖို့ သတိရတော့သည်။ အဆင်ပြေသွားသည်။ သူမ စိတ်ချလက်ချပင် ပြတင်းမှန်ကို ပြန်ဖွင့်လိုက်သည်။ လေတိုးဝင်လာပြန်သည်။ သူ့ဦးထုပ်. . သူ့လိုပင် တုတ်တုတ်မျှ မလှုပ်ပါလေတော့. .။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလေကို တဝရှုရင်း မြင်ကွင်းထဲ လွတ်လွတ်လပ်လပ် စိတ်ကို လွှတ်ပေးလိုက်မိပြန်သည်။ ထိုစဉ်. . သူမကိုယ် ရှတ်တရက် ယိုင်သွား၏။ နှစ်ယောက်ကြားရှိ လက်ရမ်းပေါ်တင်ထားသော သူ့လက်ကိုပင် ယောင်၍သွားကိုင်မိ၏။

ကားကြီးက ခြောက်လမ်းသွား အဝေးပြေးလမ်းမကြီးပေါ်မှ အနောက်စူးစူးသို့ ဖဲ့ဆင်းသော နှစ်လမ်းသွားလမ်းပေါ် ကွေ့ချိုးလိုက်ခြင်းဖြစ်သည်။ ခဏတာ သူ့လက်ကို ကိုင်ပြီးမှ သူမ လွှတ်ပေးလိုက်မိသည်။ သူ အနည်းငယ် လူးလွန့်၍ လက်ရမ်းပေါ်က လက်နှင့် သူ့ဦးထုပ်ကို ဖိ၍. . လက်ကို ဂျင်းဘောင်းဘီဝတ်ထားသောပေါင်ပေါ် ပြန်ချရင်း ဆက်အိပ်သွား၏။

"ကျေးဇူးပြု၍ နားဆင်ပါရှင်. .၊ နောက်နှစ်မိနစ်တွင်း ကျွန်မတို့ယာဉ်ဟာ သဗ္ဗာလူလ ယာဉ်ရပ်စခန်းကို ဝင်ပါတော့မယ်ရှင်. . . ကျေးဇူးတင်ပါတယ်ရှင်"

အခုန သရီးဒီ ဖန်သားပြင်ပေါ်က အပြုံးပိုင်ရှင်လေး အရှင်လတ်လတ်ပင် လျှောက်လမ်းအတိုင်း ပြုံး၍လျှောက်လာရင်း အိပ်ပျော်နေသူတွေကို နှိုးလာ၏။ နိုင်ငံခြားခရီးသည် (တိုးရစ်)များမှလွဲ၍ ကျန်ခရီးသည်အားလုံး မဆင်းလျှင် မရသော သဗ္ဗာလူလ ကားရပ်စခန်း ဖြစ်သည်လေ။

ဘေးကလူက လက်ပြ၍. . .

"ထမယ်"

ဟု ပြောလိုက်၏။

သူမ မျက်စိရှေ့က ကော်ဖီခွက်နှင့် ဝိုင်ခွက်ဆီအကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။ အခုန လူပင်ယိုင်သွားအောင် ကားကွေ့လိုက်သော်လည်း ပြည့်နေသောခွက်တွေ မမှောက်သည့်အပြင် ဘေးကို ဖိတ်စဉ်၍ပင် မကျကြောင်း မျက်လှည့်ဆန်ဆန် သူမ တွေ့လိုက်ရသည်။

ဘယ်လိုဖြစ်လို့ မဖိတ်စဉ်ကုန်ပါလိမ့်ဟု သူမ အပြင်းအထန် စဉ်းစားကြည့်နေမိစဉ် ကားကြီးသည် အရှိန်လျှော့၍ SAN BU LA PARK ဟူသော ရောမနီယန်ဆိုင်းဘုတ်ကြီးအောက်မှ ခေါင်းထိုးဝင်လိုက်လေပြီ။

"ကျေးဇူးပြု၍ နားဆင်ပါရှင်. . . FLOATING ROCK ခေါ် အင်ဖာဗီရှာကို သွားမယ့်ခရီးသည်များ လမ်းညွှန်ချက်အတိုင်း ဝေဒေဟီခန်းမမှာ ညဉ့်နေစာ စားသုံးရန် အားလုံးကြွရောက်ဖို့ ဖိတ်ကြားအပ်ပါတယ်ရှင်"

နှစ်ခါပြန် ကြေငြာတော့မှ ကာလနဂါး ဒိပျင်းကြောဆန့်လိုက်သည်။ ရှင်းခနဲ မြည်သံနှင့်အတူ ကားကြီးက ငြိမ့်ညောင်းစွာ ထိုးရပ်လိုက်သည်။ မျက်နှာပေါ်က ဦးထုပ်ကို ခေါင်းပေါ်ဆောင်းလိုက်သည်။ နေသားတကျဖြစ်အောင် ဖိသည်။ မျက်နှာက ပုဝါက လျော့တိလျော့ရဲမို့ ငုတ်တုတ်ထိုင်ရင်း လက်နှစ်ဖက် နောက်ပစ်၍ ပြန်စည်းသည်။ သူမ မတ်တတ်ရပ်နေပြီ။

သူမကို တစ်ချက်ကလေး မော့မကြည့်ဘဲ ဆင်းထားသော ခြေထောက်ကို နောက်ဆုတ်လမ်းဖယ်ပေးသည်။ သူမ လှမ်းထွက်ရန် ပြင်စဉ်မှာပဲ သူ့လည်သာဝေ့စ်ကုတ်ကော်လာပေါ်က ဆံညှပ်ကို မြင်သွားပြီး. . . ညာလက် လက်မလက်ညှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဆွဲဖြုတ်၍ (မျက်နှာရှေ့ထောင်၍) သိကြားမင်း၏ဝရဇိန် လက်နက်ကို ခုမှပင် မြင်ဖူးသူလို ကြည့်ရင်း ခေါင်းတငြိမ့်ငြိမ့် ညိတ်ရင်း ကျန်ခဲ့သည်။

ပြဿနာပဲ. . .။ ဆံညှပ်က ဦးထုပ်မှာ ကပ်ပါသွားရင်သွား၊ ဒါမှမဟုတ် သူ မမြင်အောင် ပြုတ်ကျနေခဲ့ရင် ပြီးတဲ့ဟာကို အရစ်ကတော့ ရှည်ဦးတော့မည်။

တတ်နိုင်ဘူး. . .၊ သူ့ကို ညဉ့်စာခန်းမထဲ မဆုံအောင် ရှောင်နေပြီး ကားပြန်ထွက်ရင် ထိုင်ခုံ အလွတ်တစ်ခုခုကို နေရာ ရွေ့ပေးဖို့ ကားယာဉ်မယ်လေးကို ပြောရမှာပဲ။

သူမ ဆလင်းဘက်ခ်ျ လွယ်၍ ကားပေါ်မှ ဆင်းလိုက် သည်။ ရှေ့က တန်းစီ၍ ဝင်သွားသော စကြ်န်လမ်းကို တန်းစီ၍ ဖြတ်ဝင်ကြရပြန်သည်။ ဘေးတစ်ဖက်တစ်ချက်က ကြည့်မှန်နံရံ တွေ ကာရံထားသည်။

သူမကိုယ်သူမ ကြည့်မှန်ထဲ စေ့စေ့စပ်စပ် ကြည့်ရင်း. .

သူမအဝတ်အစား အသုံးအဆောင်နှင့် ဆံပင်ကစ၍ ဖိနပ် ခြေဖျားအထိ အင်တာနက်ဖေဖေ "အာကောင်းထင်"၏ ညွှန်ကြားချက်အတိုင်း တလေးတစား ပြင်ဆင်ဝတ်စားလာပြီး သား ဖြစ်နေခဲ့သည်လေ။

"သမီးနန်းမွေ့. . ဖေဖေ့ဆီ လာလည်မယ်ဆိုရင် အရေး အကြီးဆုံးအချက်က ဖေဖေတို့ရွာ အင်ဖာဗီရဲ့ ရွာသူတွေလို ပြင် ဆင်ဝတ်စားလာရလိမ့်မယ်၊ ရွာဘာသာစကား ရွာဓလေ့ကို ဖေဖေ အွန်လိုင်းမှာ သင်ကြားပြီးဖြစ်လို့ သမီး တော်တော်လေ့



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ပြီးသား ဖြစ်နေပေမယ့်. . နည်းနည်းပါးပါး မှားယွင်းတာ ပြဿနာ မရှိဘူး၊ သမီးကို တစ်ရွာလုံးက ညွှဲ့သည်မှန်း သိတယ်၊ အမှားအယွင်း မခံနိုင်တာက ဝတ်စားဆင်ယင်မှုနဲ့ သမီးရဲ့အသုံး အဆောင်ပစ္စည်းတွေပဲ၊ ဆံပင်ပုံစံ ဆံညှပ် ကလစ်ကအစ ဖိနပ် ခြေသည်းနီအဆုံး အားလုံးဟာ ရွာသူဒီဇိုင်းနဲ့ ရွာသုံးပစ္စည်းစစ်စစ် တွေပဲ ဖြစ်ရမယ်"

လူကိုယ်တိုင် လုံးဝမမြင်ဖူးသေးသော မွေးစားဖေဖေ "အာကောင်းထင်"၏ အွန်လိုင်းပေါ်ကစကားများကို သူမ ပြန် လည်ကြားယောင်သည်။

ဖေဖေညွှန်ကြားသော (မြို့တော်ရှိ) အင်ဖာဗီ အလှပြင် ဆိုင်ကြီးငါးဆိုင်အနက် အကောင်းဆုံးဆိုင်တွင် သူမ ရွာသူဒီဇိုင်း ဖြစ်အောင် အားလုံးပြောင်း၍ ပြုပြင်ခဲ့သည်။ ရွာသူဒီဇိုင်းနှင့် နေ သားကျအောင်လည်း တစ်ပတ်ခန့် ဟိုတယ်တွင် အခန်းအောင်း ရင်း လေ့ကျင့်ခဲ့ပြီးဖြစ်သည်။ ကားပေါ်တွင် အတွင်းသိ မဟုတ်ပါ က သူမကို ရွာသူပင် ထင်မှတ်ကြပေမည်။

အင်း. . . ဟိုရွာသား COUNTRY FOLK ကရော ရွာ သားအစစ်လား၊ ငါ့လို အတုပဲလား၊ သူ ရွာသားအစစ်ဆိုရင် တော့ ငါ့ကို ရွာသူအတုမှန်း သိနေမလား. . . သိမနေဘူးလား။

အို. . . ငါက ဘာလို့ စိတ်ဝင်စားနေရတာတဲ့တုန်း. . ၊ သူက ငါ့ကို. . အဲ. . ရွာစကားနဲ့ ဘယ်လိုပြောမလဲ၊ အင်း. . ရပြီ. . သူက ငါ့ကို ဖုတ်လေသည့်ငပိ ရှိလေ၏မှ မထင်ခဲ့တာ ပဲဟာ. . ဟင်းဟင်း. . ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို သူမ အွန်လိုင်းပေါ်က စုဆောင်းခဲ့ခြင်းဖြစ်သည်။ ငပိဆိုတာ ငါးကို ဆားပက်ပြီး နှစ်ချို့အောင် အပုတ်ခံထားတာတဲ့. . ။ စားဖူးဖို့ နေနေသာသာ ငပိအစစ်ကို မြင်ပင် မမြင်ဖူးသေး။ တွေးရင်း သူမတစ်ကိုယ်တည်း ပြုံးနေစဉ်. . .

ရှေ့နားက ကြည့်မှန်ထဲက တံခါးချပ် ပွင့်သွားပြီး ဝန်ထမ်းဝတ်စုံနှင့် မိန်းမလှလေးက ပြုံး၍ အထဲကို ခဏလေး ကြွပါရန် ဖိတ်ခေါ်သည်။

သူမ ရှာသူမဟုတ်မှန်း ဘယ်ဟာက ပေါ်လွင်နေပါလိမ့်။ ကြည့်မှန်များထဲတွင် စကင်နာ ဖတ်နိုင်ကြောင်း သူမ သိနေခဲ့သည်လေ။ သူမကို ဒိုးယိုပေါက် စစ်ဆေးနေခဲ့ကြသည်မှာ သေချာသည်။

"ကျွန်မ အင်ဖာဗီ ဧည့်သည်ပါ၊ ဘာများ အမှားအယွင်း ရှိလို့ပါလဲရှင်"

"အများကြီး မဟုတ်ပါဘူး၊ အတွင်းခံကအစ ရှာသူပီသပါတယ်၊ ဟောဒီ. . အပြင်က အလွယ်တကူ မင်ရတဲ့ ဆလင်းဘတ်ချ်တစ်ခုပဲ နည်းနည်းပြောစရာရှိလို့ပါရှင်"

"ဒါ အင်ဖာဗီပါလာ'ဝမ်း'က ဝယ်ခဲ့တာပဲ၊ (၂၀)ရာစု အစစ်ပဲ"

"ဟုတ်ပါတယ်ရှင်. . . (၂၀)ရာစုပစ္စည်းအစစ်ပါပဲ၊ ဒါပေမယ့် နှစ်ကုန် ဒီဇင်ဘာ ဒစ်စကောင့်နဲ့ ချပြီး ဈေးလျှော့ရောင်းတဲ့ ခလေ့ဟောင်း ရှိခဲ့တယ်လေ၊ ဟောဒီ. . selling date က ဇန်နဝါရီ ဆိုတော့ အရောင်းဒိတ်က (၂၁)ရာစုထဲ ဝင်နေလို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့ဩသွားသည်။ သူတို့တွေ စေ့စပ်သေချာလိုက်ပုံ။

"အင်ဖာဗီဟာ (၂၀)ရာစုစစ်စစ် ဖြစ်တဲ့ရွာမို့ပါရှင်၊ ကျေးဇူးပြုပြီး အိတ်ထဲက ပစ္စည်းတွေ သွန်လိုက်ပါ"

"ရှန်. . . ကျွန်မက ဘာနဲ့ထည့်သွားရမလဲ၊ (၂၀)ရာစုလိုပဲ ကြွပ်ကြွပ်အိတ်လေးနဲ့လား"

ဝန်ထမ်းမလေးက သဘောကျစွာ ရယ်ရင်း. . .

"အင်ဖာဗီမှာတော့ ရှင် အဲ့ဒီကြွပ်ကြွပ်အိတ် ယဉ်ကျေးမှုကို မျက်ဝါးထင်ထင် မြင်ရဦးမှာပါ၊ ဒီမှာတော့ မရှိတော့ဘူးရှင့်၊ စနိဘူလမှာ ကြွပ်ကြွပ်အိတ် လက်ဝယ်တွေ့ရှိရင် ရာဇဝတ်မှုထက် အပြစ်ကြီးတယ်၊ ကဲ. . . ဟောဒီမှာ ရှင့်အိတ်နဲ့ တံဆိပ်တူ ပုံစံတူ အိတ်တစ်လုံး လက်ဆောင်ပေးလိုက်ပါ့မယ်၊ သူလည်း ခရစ္စမတ် မတိုင်ခင် အရောင်းအဝယ်ဖြစ်ထားတာပါ"

တစ်မိနစ် မကြာလိုက်။ လူတန်းထဲ သို့မ ပြန်ရောက်၍ ရွေ့မျောပါလာ၏။

ဩော်. . . အင်ဖာဗီဟာ ဒါကြောင့်လည်း နာမည်ကျော်တာကိုး. . ။ တစ်နှစ်ကို ကမ္ဘာလှည့်ခရီးသည် နှစ်သန်းခွဲကျော် အလည်လာလေ့ရှိသတဲ့။

FLOATING ROCK... ပေါလောပေါ်နေတဲ့ ကျောက်ဆောင်ကြီးရေ. . ကိုယ့်မြေဆီ. . ကိုယ့်အမွေဆီ. . "နန်းမွေ" လာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

စားသောက်ခန်းက ဘူဖေးစနစ်ဖြစ်သည်။ သူမ ငပိရည်ရှာကြည့်ပြီး မတွေ့၍ မေးကြည့်သောအခါ ဝန်ထမ်းက ရယ်မော၍ အင်ဖာဗီရှာရောက်ရင် ဖွူဖွူအကောင်လေးတွေ တရွရွ တက်နေတဲ့ ငပိအိုးပါ မြင်ရမှာပါ ဟူ၍ ပြန်ပြောသည်။

စားသောက်ဖွယ်များယူ၍ သူထိုင်ရန် နေရာရှာရင်း ကိုကာလနဂါးကို ဝေ့၍ရှာမိသည်။ ကားပေါ်တွင် သူတစ်ဦးသာ နွားကျောင်းသားဒီဇိုင်းနှင့် ဦးထုပ်ကြီးပါသူမို့ ရှင်းခနဲ မြင်နိုင်လောက်သည်လေ။ မတွေ့ရ၍. . သူမထောင့်နားက စားပွဲတွင် သူမ၏ ဗျတ်ပန်းနှင့် အအေးဗူးကိုချ၍ နေရာယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာဗီရောက်လျှင် သူမ ကြုံတွေ့ရမည့်အစားအစာနှင့် အနီးစပ်ဆုံး ထမင်းနှင့်ဟင်းအမယ်များကို သူမ ဗျတ်ဗန်းထဲ ထည့်ယူ မြည်းစမ်းနေခြင်းဖြစ်၏။ ဝက်သားပုန်းရည်ကြီး၊ မျှစ်ချဉ်ကြော်ကို သူမ ခံတွင်းတွေ့နေမိ၏။

အသံသေတ္တာမှ လာနေသော သီချင်းသံသဲ့သဲ့က ရှေးဟောင်းသီချင်း(သီချင်းကြီးတစ်ပုဒ်)ဖြစ်သည်။ ရှေးဟောင်းအဆိုတော်နှစ်ဦး၏ မူရင်းစုံတွဲအသံကို ခေတ်ပေါ် ဩဂတ်စတာဂီတနှင့် ရောစပ်၍ တီးထားသဖြင့် နားဆန်းပြီး နားဝင်ပီယံ ဖြစ်နေ၏။

သူမ စားရင်းစဉ်းစားနေမိသည်။ နေပါဦး. . ဒီရှေးခေတ်အဆိုတော်ကြီး နှစ်ယောက်အသံကို ငါသိပါတယ်၊ ပါးစပ်ဖျားတွင်ပါ။ သြော. . သြော. . မှတ်မိပြီ။ ဦး R-ဇာနည်နဲ့ ဒေါ်နီနီခင်ဇော်. . ဘိုးအေဘွားအေတွေ။

ထိုစဉ်မှာပင် သူမမျက်နှာချင်းဆိုင် ကုလားထိုင်တွင် သူလာဝင်ထိုင်ခြင်းဖြစ်ပါသည်။ သူမ နေရာပြောင်းရန် ဘေးဘီကို မသိမသာ ကြည့်သည်။ ထိုင်ခုံလွတ် မရှိတော့ပြီ။ သူမ စိတ်ဒုံးဒုံးချလိုက်သည်။ ဆံညှပ်လေးတစ်ချောင်းကိစ္စသာ ဖြစ်ပါသည်။

သို့သော် ယောက်ျားတစ်ယောက်၏ သီးသန့်လွတ်လပ်ဖြစ်တည်မှုထဲ သူမဘက်က စတင်ကျူးကျော်ထားမိသော. . မြောင်းပေးခြေလှမ်းလို ဖြစ်နေသည်။

သူကတော့ သူမသူ့ရှေ့တွင် ရှိနေသည်ကို. . ဟုတ်ပ့ါ အခုန ဖုတ်လေသည့်ငပိပါပဲ။ ဦးထုပ်မချွတ်ပါ။ ထမင်းစားတာပဲ ဦးထုပ်ချွတ်စရာမှ မလိုတာပဲ. . ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . သူ့မျက်နှာပေါ်က လည်စည်းပုဝါကိုတော့ သူ မချွတ်၍ ဘယ်လိုမှ မရပါလေ။ ထမင်းဆိုတာက ပါးစပ်ပေါက်က ထည့်ရတာ မဟုတ်လား။

သူ့မျက်နှာက ပုဝါကို အောက်သို့ဆွဲချလိုက်သည်။ သူ့မျက်နှာ အောက်ပိုင်းပေါ်လာ၏။ စိမ်းညို့မည်းလက်နေသော နှုတ်ခမ်းမွေး ပါးမြိုင်မွေးတွေကြားက မိန်းမတစ်ယောက်လို နီရဲနေသော မဲ့ပြုံးပြုံး နှုတ်ခမ်းတစ်စုံ ပေါ်လာသည်။ မျက်စိကတော့ ထမင်းဗျတ်ဗန်းပေါ် ကသိုဏ်းရှုနေသောကြောင့် ဦးထုပ်အပေါ်နားက အုပ်ထား၍ သူမ မမြင်ရသေး။

သူမကို မော့မကြည့်သေး၍ သူမ အနုလုံပဋိလုံ ကြည့်ခွင့်ရနေခြင်းဖြစ်သည်။ သူမအကြည့်က သူ့ထမင်းဗျတ်ဗန်းထဲ ရောက်သွား၏။ ကြက်ရင်အုံ ဆီပြန်ဟင်းတစ်ခွက်၊ ပဲဟင်းနှင့် မြှုတ်ထားပုံရသော အသီးအရွက် တော်တော်များများ အပုံလိုက်နှင့် . .၊ ဟင် . . . ဒီဘက်က အပုံလိုက် အတုံးလေးလိုဟာက ဘာပါလိမ့် . .။

သူက မုန်လာဥနီပြုတ်နှင့် ထိုအတုံးလေးကို တို့၍ . . တဂွမ်းဂွမ်း တဂွတ်ဂွတ် ဝါးရင်း ဖျတ်ခနဲ ဦးထုပ်နှုတ်ခမ်းသား အောက်က လက်ခနဲ မျက်လုံးနှင့် သူမကို စူးခနဲ စိုက်ကြည့်သည်။

သူမက ခပ်ကြာကြာကြည့်နေ၍ လူမိသွားသည်မို့ ဖျတ်ခနဲ အကြည့်လွှဲသော်လည်း သူ၏အညိုရောင်ရင့်ရင့် မျက်ဆံကြီး သူမအမြင်ထဲ ဖျောက်မရအောင် စူးစိုက်ပါလာသည်။

ထိုအကြည့်သည် သူမရင်ထဲ စိတ်ထဲထိ ကျမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သလိုမျိုးကြီးဟု ခံစားလိုက်ရသည်။ ကြည့်စမ်း. . . အလိုလို ပင် သူမအကြည့်တွေ ထိုမျက်လုံးဆီ ပြန်ရွေ့သွားသည်ကော လေ. . ။

အကြည့်မျဉ်းကြောင်းချင်း တစ်မီတာလောက်အကွာ အလျားလေးအတွင်းမှာ ထပ်တူကျသွားပြန်၏၊ သူက အစာဝါး ရင်း ပြုံးသည်ဟု သိသာရုံ ပြုံးပြရင်း. . အစာဝါးရင်း ပြောသည် ဆိုရုံ စကားသံ ခပ်တိုးတိုးလေး ပြောလိုက်သည် ထင်သည်။

သို့သော် ဘေးကကပ်လျက်လူတောင် ကြားမည်မဟုတ် သော သူ့စကားတီးတိုးက ဟီးနိုးကြီး ဖြတ်မောင်းသွားသလို သူမ နားက အကျယ်ကြီး ကြားလိုက်ရသည်။

"ငပိစားကြည့်ချင်ရင် စားကြည့်လေ၊ အဲ့ဒါ ငပိဖုတ်ပဲ၊ နည်းနည်းတော့ စပ်တယ်"

သူမ ပြန်ပြုံးပြလိုက်မိသလား၊ ခေါင်းညိတ်ပြလိုက်မိသ လား ကိုယ်တိုင်မသိ။ သူ့အကြည့်ကို (အထူးသဖြင့် သူ့မျက်လုံး ညိုညိုတွေကို) အားတင်းဖြတ်ချ၍ သူပြောသောငပိဖုတ်ဆီ အကြည့်ကို ငိုက်ချလိုက်သည်။ နည်းနည်းတော့ စပ်တယ်တဲ့. . ။ ချက်ချင်းပင် စပ်ချင်လာ၏။ သူမလျှာက အစပ်တောင်းလာ၏။ သူမလိုလိုပင် ဇွန်းကိုင်လက်က ငပိဖုတ်ဆီ ရွေ့သွားသည်။

"ဒီအတိုင်း မစားနဲ့၊ ရော့. . . ဒါနဲ့စား၊ ဒါကို တို့စရာလို့ ခေါ်တယ်. . . တို့စားရတာ"

သူကမ်းပေးသော မုန်လာဥဖြူဖြူတောင့်က အနေတော် စိပ်ထားသည်။ သူက လက်နှင့်ကိုင်ထား၍ သူမ ဇွန်းချပြီး လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



မိလျက်သား ဖြစ်သွား၏။ လတ်လတ်ဆတ်ဆတ်နှင့် ခပ်နွေးနွေး လေးဖြစ်သည်။ သူ့လိုပင်တစ်တို့လှမ်းတို့၍ သူမ ဝါးကြည့်သည်။ မကြုံဖူးသော အရသာအသစ်ပါပင်။

သူ့ကို အသေအချာ ပြုံးပြ၍ ခေါင်းညိတ်ပြရင်း နောက် တစ်တို့. . နောက်တစ်ကိုက်. . ။

"ကောင်းတယ်. . . ကျေးဇူးပဲ၊ အခုန ဒီက ဘူဖေးမှာ မေးကြည့်သေးတယ်. . . မရှိလို့"

"ဒီမှာမရှိဘူး. . . ဟိုဘက်က အင်ဖာဗီ ထမင်းဆိုင်က သွားဝယ်လာတာ၊ ကိုယ်တို့ တောသားတွေက အဲ့ဒီငပိမပါရင် ထမင်းသိပ်မဝင်ဘူးလေ"

ဒါပဲပြောပြီး သူက သူ့ထမင်းကို အေးအေးလူလူပင် ဆက်စားနေသည်။ သူနှင့်အတူရှိနေသော အနေကျပ်မှုကို သူ သည် လွယ်လွယ်ကူကူပင် သူမထံက ဖယ်ရှားပေးလိုက်သည်။ သူမ မြိန်မြိန်ယှက်ယှက်ပင် စားနေခြင်းဖြစ်သည်။ ဘာမှထပ် မမေး ထပ်မပြော. . ။ စပ်စုချင်လာ စကားပြောချင်လာတာ သူမ ဖြစ်နေသည်။

ငါ ငပိစားချင်နေတာ သူ ဘယ်လိုသိနေတာပါလိမ့်. . ။ ငါ့ကို ရွာသူမဟုတ်မှန်း ဘာကိုကြည့်ပြီး သူသိတာပါလိမ့်. . ။ သူ့စကားထဲမှာ ကိုယ်တို့ တောသားတွေတဲ့။ ဒါဆို သူက ရွာ သား အစစ်ပေါ့။ မမေးဖြစ်သော်လည်း သူ ငပိစားပုံကိုတော့ စပ်စုလို့ ရနေသည်။ ထမင်းနှင့်ဟင်းအနှစ်ကို နယ်ဖတ်သည်။ တို့စရာကို ထမင်းပေါ်တင်၍ ငပိဖုတ် ကော်၍ ထိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းနှင့် ပြန်ဖုံး၍ စားနေသည်ကို စပ်စုနေတာ သူ မရိပ်မိဘဲ မနေပါ။ မော့ပြုံး၍ ပလုတ်ပလောင်းသံနှင့်. . .

"ရွာမှာဆို လက်နဲ့ စားတာဗျ၊ ငပိပါတဲ့ ထမင်းဝိုင်းဆိုတာ လက်နဲ့ နယ်ဖတ်စားမှ အားရတာလေ. . . ဟင်းဟင်း. . ခေတ်နောက်ကျတဲ့ အရသာတစ်မျိုးပေါ့"

သူ ထမင်းလုပ်နှင့် သေသေချာချာ ပြုံးခြင်းဖြစ်သည်။ ထမင်းလုံးတွေကြားက ဖွေးလက်စီတန်းနေသော သူ၏သွားများနှင့် ခံတွင်းသန့်ရှင်းမှုကို သူမ မြင်ရပါသည်။ မုတ်ဆိတ် ပါးမြိုင်းမွေးတွေကို စိတ်နှင့် ရိတ်ပယ်ကြည့်လိုက်မိသည်။

ထင်တာထက် နုငယ်၍ နူးညံ့သိမ်မွေ့သောမျက်နှာလေး စိတ်ကူးထဲ ပေါ်လာ၏ (စိတ်ကူးထဲ မဟုတ်ပါဘူးလေ။ လက်တစ်ကမ်းရှေ့တွင် ရှိနေတဲ့ဥစ္စာကြီးကို)။

သူ တော်တော်ချောတဲ့ ပကတိ သဘာဝမျက်နှာပဲ. . ။
ကျွန်မမျက်နှာလည်း ဘာဆာဂျရီမှ လုပ်မထားပါဘူး။
မိမွေးတိုင်း မျက်နှာပါရှင်. . . ယုံလား. . ။

"ကိုယ်ယုံပါတယ်"

"ရှန်. . . ဘာကို ယုံတာလဲ"

သူမ လန့်ဖြန့်ပြီး ပြန်မေးခြင်းဖြစ်သည်။

"ဩော်. . . ဘာမှမဟုတ်ပါဘူးဗျာ၊ ဟို. . အဲ. . ရွာရောက်ရင် ခင်ဗျားပျော်မယ်ဆိုတာကိုပါ"

သူ စကားလွှဲသွားသည်ဟု သူမထင်သည်။ ငပိစားချင်နေတာ သူသိနေသလိုပါပဲ။ ရှင်ဘယ်လိုလူလဲ။ ဘယ်လိုရွာသားလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူက အင်ဖာဗီရွာသားစစ်စစ်ပဲလားဟင်"

"မဟုတ်ပါဘူး. . . ကိုယ်က ဂျစ်ပစီပါ၊ လှည့်လည်သွားလာရင်း နေလို့ထိုင်လို့ လုပ်ကိုင်စားသောက်လို့ကောင်းတဲ့ရွာမို့ ခဏအခြေချနေတဲ့သဘောပါပဲ"

"စပ်စုမယ်နော်. . . ရှင်က ဘာများလုပ်ကိုင်စားသောက်ပါသလဲ"

"ပျံကျပါပဲ. . . ရရစားစားပေါ့"

သူ သိပ်ပြောချင်ပုံမရ၍ သူမဆက်မမေးဘဲ အစားသာတုန်အောင် ဆက်စားနေလိုက်သည်။ သူက လက်စသိမ်းပြီး ထသွားသည်။ မကြာခင် အချိုရည်နှစ်ဗူးနှင့် ပြန်ရောက်လာသည်။

"ရွာမှာက ခုချိန် နည်းနည်းပူတယ်၊ လွတ်လပ် လဟာတွေက များတယ်. . . ချွေးထွက်လိမ့်မယ်၊ ဒီဆားငံသီးဖျော်ရည်ကို ကြိုသောက်ထားသင့်တယ်၊ မြည်းကြည့်ပေါ့. . . ကြိုက်မှသောက်ပါ၊ ခွင့်ပြုဦးနော်. . . ကားမထွက်ခင် ကစားနေကျတစ်ခုသွားကစားမလို့"

သူ အေးဆေးစွာပင် ခန်းမနောက်ပေါက်မှ ထွက်သွားသည်။ သူ့ကျောပြင်ကို ငေးရင်း သူယူလာသော ဆားငံသီးဖျော်ရည်ကို တစ်စုပ်,စုပ်မိသည်။ ဟာ. . . ကောင်းလိုက်တာ။ သည်ဘူဖေးမှာ သူမ မတွေ့။ စွေ့ခနဲ ကောက်ထ၍ အပေါက်ဝဆီ သူမ အပြေးတစ်ပိုင်း ရောက်လာသည်။

"ရွာကို ဝယ်သွားမလို့ ဒီအချိုရည်မျိုး ဘယ်ဆိုင်မှာရောင်းတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသောမေးခွန်း မေးရန်ဖြစ်သည်။ ဒါက သူမ သိစိတ်ထဲက အင်မတန် သဘာဝကျသော အကြောင်းပြချက်။

သူမ၏တကယ်စိတ်ရင်း(မသိစိတ်)က သူ ဘာဝါသနာပါလို့ (ကားမထွက်ခင် အချိန်လုပြီးတောင်) ဘာကစားနည်းကို သွားကစားပါလိမ့်ဟူသော သိချင်စိတ်က သူမငယ်ထိပ်တည့်တည့်မှာ ရှိနေလေသည်။

သူ ကစားနေကျတဲ့. .။ တီဗွီဂိမ်းတစ်ခုခု ဖြစ်မည်ထင်သည်။ ဟော. . ဟိုးမှာ သူ။ ဝေဒေဟီခန်းမကို သူမနောက်မှာ ထားခဲ့လိုက်၏။ ခြေလှမ်းခပ်သွက်သွက်နှင့် သူ့ကို လှမ်းကြည့်ရင်း လူတွေကို တိုးဝှေ့၍ လိုက်ရသည်။

စန်ဘူလ ကားရပ်စခန်းကြီးက ကျယ်ဝန်းလှ၏။ ဘားမျိုးစုံ၊ စူပါမားကတ်မျိုးစုံ၊ စားသောက်ဆိုင်မျိုးစုံ၊ လူနေမှု ယဉ်ကျေးမှုမျိုးစုံ၊ ခေတ်မျိုးစုံ၊ ကစားနည်းမျိုးစုံ၊ ဖက်ရှင်ဒီဇိုင်းမျိုးစုံနှင့် လူပျားအုံကြီးလို စည်ကားရှုပ်ထွေးနေ၏။

သူ့ကို မျက်ခြေမပြတ်အောင် အတော်လိုက်ယူရသည်။ သူက ဘားတစ်ခုထဲသို့ ဝင်သွားသည်။ ရှေးဟောင်းအမေရိကန်ခေတ် နွားကျောင်းသားများ စတည်းချတတ်သော ဆင်နားရွက်တံခါးနှင့် ဘားလေးဖြစ်သည်။ ကြည့်ရန်. . မှန်တံခါးများနှင့် ကာရံထားသဖြင့် အပြင်က အထဲရှိမြင်ကွင်းအားလုံးကို မြင်နေရသည်။

ရုပ်ရှင်တွေထဲကလိုပင် တကယ့်ပင် တက်(က)ဆပ်ပြည်နယ်က ဘားလေးလိုပင်. .၊ အထဲတွင် သူဝတ်ဆင်ထားသလို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘွိုင်တွေ အရက်သောက်နေကြ၏။

သူက အဝင်တံခါးနားရှိ လက်နက်ကောင်တာတွင် သေနတ်နှင့် ကျည်ခါးပတ် ဝယ်ပတ်လိုက်သည်ကို မှန်နံရံကို ဖြတ်၍ မြင်နေရ၏။ သူ ဘာလုပ်မလို့ပါလိမ့်။ သူမ ဆိုင်ပြင်မှပင် ငေးနေမိသည်။ အထဲတွင် ဂါဝန်ဝတ် မိန်းမတချို့ ရှိသော်လည်း သူမ လိုက်မဝင်ရဲ။ အထဲမှာက တကယ့်မိုက်တီးပုံစံတွေချည်း ဖြစ်သည်။

သူ ဘားကောင်တာရှိ ခုံမြင့်တွင် သွားထိုင်သည်။ ဘီယာ ဘစ်ခွက် သူ့ရှေ့ရောက်လာသည်။ ထိုစဉ် သူဝင်လာကတည်းက ပေစောင်းစောင်း ကြည့်နေသော ခေါင်းတုံးနှင့်(၂၀-ရာစုမင်းသားကြီး ယူဘရိုင်းနားဒီဇိုင်းနှင့်)လူက သူ့နောက်က ဝင်သွားပြီး သူ့ဘီယာခွက်ကို ယူသောက်လိုက်သည်။ ဘာတွေဖြစ်မလဲဟု သူမရင် ဒိတ်ခနဲ ဖြစ်သွားသည်။

သူက နောက်တစ်ခွက် မှာသည်။ ခပ်အေးအေးပင် ဘီယာခွက်ဆီ လက်အလှမ်း၌ ယူဘရိုင်းနားက သူ့လက်မရောက်ခင် ဒိုင်းခနဲ ဖန်ခွက်ကို အနီးကပ် သေနတ်နှင့် ပစ်ခွဲလိုက်သည်။ စိန်ခေါ်လိုက်သောသဘောပင်။

သူကလည်း ယူဘရိုင်းနားပါးစပ်မှ ဆေးပြင်းလိပ်ကို ဆတ်ခနဲ ဆွဲယူ၍ ဖန်ခွက်အကွဲပေါ် ပစ်ချလိုက်သည်။ စိန်ခေါ်သည်ကို လက်ခံသောသဘောဖြစ်သည်။

အို. . ဘုရား. . ဘုရား။

ဒါ ချိုဝဲလ်(ခေါ်)သေနတ်ချင်း ယှဉ်ပစ်မည့်သဘောပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဒါ ကစားစရာလား. .။ ဟင့်အင်း. . . မလုပ်ရဘူး. .။ အသက်နဲ့ရင်းရတဲ့ ကစားနည်းကြီးပါလား. .။ သူမ ဝင်တားမှ ဖြစ်မည်။ ဟိုက သေနတ်ကိုင်နေကျ ကျွမ်းကျင်ပုံစံတွေ. .။ သူမ ဆင်နားရွက်တံခါးအရောက်၌ အထဲက ကောင်းဘွိုင်တွေ အပြင် ထွက်လာကြသည်။ သူမ ဝင်၍မရ. .။

"ပွဲကြီးပွဲကောင်းပဲဟေ့"

"ကောင်လေးအတွက် အခေါင်းမှာထားလိုက်"

"သူ့ညာလက်ရုံးအတွက် ဂတုံးက လက်စားချေချင်နေတာ"

"ယူဘရိုင်းနားဘက်က ငါးလေးတစ်လေးဟေ့"

ဆူညံအော်ဟစ်၍ ဘားရှေ့က ကွက်လပ်ကို လူရှင်းသူက ရှင်းနေသည်။ ရုပ်ရှင်ထဲကအတိုင်း အပြင်မှာ ယှဉ်ပစ်ကြမှာကိုး. .။

မှန်သည်. .။ ယူဘရိုင်းနား ထွက်လာသည်။ လက်ကြီးကားပြီး အေးစက်စက် မျက်လုံးကြီးနှင့် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိနေသော ခြေလှမ်းတွေနှင့် ကွက်လပ်ဟိုဘက်စွန်းသို့ သွားနေသည်။ နောက်က ထွက်လာသော သူ့လက်ကို သူမ ဖတ်ခနဲ လှမ်းဆွဲ၍. . .

"ဒါ ကစားတာလား. . မလုပ်ရဘူး၊ လာ. . . ကားထွက်တော့မယ်"

"ဟင်. . . ဘာလို့လိုက်လာတာလဲ"

"ဘာဖြစ်ဖြစ် မလုပ်နဲ့၊ လာ. . . သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အတင်းဆွဲနေ၍ ကောင်းဘွိုင်တွေရော ခရီးသွား ပရိသတ်တွေကပါ ဝိုင်းကြည့်နေကြသည်။ အင်မတန်လှသော ချစ်သူက တားနေသည်။

"မရတော့ဘူး. . . ထုံးစံအရ သူစိန်ခေါ်တာကို ကိုယ်က လက်ခံပြီးနေပြီ၊ စိတ်ချပါ. . . ကိုယ်နိုင်မှာပါ"

"မနိုင်ရင် သေမှာလေ. . မလုပ်ပါနဲ့ ဟိုလူကြီးကို ကျွန်မ သွားတောင်းပန်မယ်"

"အဲ့ဒါက သေတာထက်တောင် ဆိုးသေးတယ်၊ အခုလို တားဆီးခံနေရတာထက် ဟိုမယ် လှောင်ပြောင်တဲ့အကြည့်နဲ့ ကြည့်နေကြပြီ၊ ရှက်စရာကောင်းတယ်"

"ဘယ်သူ့ကို ရှက်နေရမှာလဲ၊ ကိုယ့်အသိတစ်ယောက်မှ ရှိတာ မဟုတ်ဘူး၊ ဒီနေရာမှာ အရှက်နဲ့လူလုပ်တာ မဟုတ်ဘူး၊ အသက်နဲ့ လူလုပ်တာ"

"ခဏပဲ. . ခဏလေးပါ၊ မင်း ပွဲကြည့်ပရိသတ် လုပ်စမ်းပါ"

ထိုစဉ်. . ယူဘရိုင်းနားက အောင်မြင်သောအသံဝါကြီး နှင့်. . .

"ဟေ့ကောင်လေး. . . မင်းက သံယောဇဉ်တွေနဲ့ကိုးကွ၊ ဒါဆိုလည်း. . လာ၊ မင်းနားရွက်ကို ငါ တံတွေးထွေးပြီး ကျေအေး ပေးလိုက်မယ်. . . ဟား. . ဟား. . ဟား. . ဟား"

ဘေးကလည်း တဟားဟား ဝိုင်းရယ်ကြတော့သည်။ သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ နားရွက် တံတွေးဆွတ်၍ ချဲလင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သောမလေ့ ရှိသည်။

"ကဲ. . . အမိလေး ဖယ်၊ ကိုယ့်ကို ဒီကားကွင်းက အကုန်သိတယ်၊ မသိရင်လည်း ယောက်ျားကောင်းပဲ၊ အရှက်နဲ့ လူလုပ်ခွင့် မင်းပေးမှ ဖြစ်မယ်"

ဇွတ်ပင် ကွက်လပ်ထဲ ဆင်းချသွားသည်။ မျက်နှာချင်းဆိုင်လိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ကိုက်နှစ်ဆယ်ခန့် အဝေးသာ ရှိသည်။ အားလုံးငြိမ်သက်သွား၏။

ခပ်လှမ်းလှမ်းက လည်ပတ်နေသော ချားတွေ ရဟတ်တွေပင် ရပ်တန့်သွား၏။ ဤချိုဝဲလ်ကို လူတိုင်းစိတ်ဝင်စားပုံရသည်။ နှစ်ဦးသဘောတူကိစ္စကြီးဖြစ်သည်။ အိတ်ထဲက သေနတ်ကို အမြန်တကာ့ အမြန်ဆုံး ဆွဲထုတ်၊ ဖြောင့်အောင်ချိန်၊ အမြန်ခလုတ်ညှစ်ပြိုင်ခြင်း ဖြစ်သည်။ စက္ကန့်၏အပုံတစ်ပုံခန့် နောက်ကျသူ လက်မဖြောင့်သူ ပေးဆပ်ရမည့်အရှုံးက. အသက်ဖြစ်နေခြင်းသည်ပင် စိတ်ဝင်စားဖွယ် မဟုတ်လား။

ပြိုင်တူပင် သေနတ်အိတ်ပေါ်ကအဖုံး နှိပ်စေ့ခလုတ်ကို သတိကြီးစွာ ဖွင့်ပြီး လက်တွေ ခပ်ကားကား တွဲလောင်းပြန်ချထားရင်း တစ်ယောက်မျက်စိထဲ တစ်ယောက်စိုက်ကြည့်နေကြပုံက သူများတွေတော့ မသိ. .။ သူမကတော့ အူအသည်းတွေပါ ဆတ်ဆတ်တုန်အောင် တဒိန်းဒိန်း ရင်ခုန်လာနေ၏။

တစ်ခုခု ဖြစ်တော့မည်။ ဘာဖြစ်မလဲ. . ဘာဖြစ်မလဲ။ သူမ မကြည့်ရဲ။ မကြည့်ဘဲလည်း မနေနိုင်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဆလင်းဘက်အိတ်ကိုသာ ရင်ဝယ်ပိုက်၍ ခပ်တင်း



www.burmeseclassic.com

www.burmeseclassic.com



တင်း ဖိထားမိ။ ဘေးဘီတွေလည်း ရှိနေမှန်းမသိ။

သဗ္ဗာ့ဒွေ့ . သဗ္ဗာ့ဒွေ့ ရသော်လည်း ရွတ်ရန်မေ့ . အမေ့၊ ဒိုင်းဒိုင်း သေနတ်သံနှင့်အတူ လျှပ်တစ်ပြက် လက်တွေ ရိုပ်ခနဲ လှုပ်သွားသည်။ သူမ မျက်တောင်တစ်ချက် ခတ်လိုက်မိသည် ထင်သည်။

ပြန်၍ မျက်လုံးပြူး မျက်ဆန်ပြူး သူ့ကို ကြည့်လိုက်သော အခါ သူက သေနတ်ပြန်ထည့်ပြီးတာလား၊ ထုတ်ကို မထုတ်ရ သေးတာလား၊ စောစောကအတိုင်း လက်ချည်းဘေးချပြီး ငူငူကြီး ရပ်နေသည်။ (သူမက ဆိုင်ရှေ့ ဆင်နားရွက်တံခါးနားမို့ သူ့ နောက်ဘက် ခါးလွယ်ခုတ်နေရာမှ ကျောတစောင်း မြင်နေရ သည်။) ဟိုဘက်က ခေါင်းတုံးက ယမ်းငွေ့လူနေသော သေနတ် တိုကိုင်ရင်း ရှေ့ကို တစ်လှမ်းနှစ်လှမ်း သုံးလေးလှမ်း ထွက်လာ သည်။

သွားပြီ . ၊ သူထိသွားတာ သေချာပြီ။ သူမ ပြေးပွေ့ရန် ခြေလှမ်း၍အထွက် ခေါင်းတုံးကြီး ဟပ်ထိုးမှောက်လျက်သား လဲကျ . ။ ခွပ်ခနဲပင် အသံထွက်အောင် မျက်နှာနှင့် ကွန်ကရိ ကြမ်းခင်းရိုက်သံ ကြားလိုက်ရသည်။

သူ လက်ကား ပခုံးတွန့်၍ သူမဘက် လှည့်လာသည်။ လက်ဝါးနှစ်ဘက်လှန်၍ ပခုံးထပ်ပြီးတွန့်ပြသည်။ ပရိသတ် လက် ခုပ်သြဘာသံကြီး တခဲနက် ထွက်လာ၏။ သူမ အခုမှပင် အောင့် ထားမိသော အသက်ကို ရှူထုတ်ရန် သတိရပါတော့သည်။

သူ သေနတ်နှင့်ခါးပတ် ပြန်အပ်ပြီး ဝေဒဟီခန်းမဆီ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ပြန်လာသောလမ်းမှာတော့ သူမ ဘာစကားမှ မပြောဖြစ်တော့ပါ။ ဘာပြောရမှန်းလည်း မသိ၊ ပြောစရာ စကားကလည်းမရှိ မဟုတ်ပါလား။

သူကလည်း (ခင်စရာကောင်းအောင်ပင်)အလိုက်သိပါသည်။ တိတ်ဆိတ်စွာ ပါလာ၏။ ဘာမဆိုင်ညာမဆိုင် သူစိမ်းယောကျ်ားတစ်ယောက်ကို ပျာယာခတ်အောင် ရှပ်ပျက်ဆင်းပျက် သူမက ပူပန်နေမိခဲ့သောအဖြစ်လေ။

သူမ ဒေါသလည်းထွက်. . အဲ. . ရှက်လည်း ရှက်နေမိသည်။ ဘာမှမဖြစ်ခဲ့သလိုနေသောသူ့ကို ကျေးဇူးပင် တင်ရတော့သည်။

အခန်းထဲရောက်တော့မှ ဆားငံရည် အချို့ပူးလက်ကျန်ကို သူမ ကောက်မော့စဉ် သူက သန့်စင်ခန်းခဏပဲ ပြော၍ထွက်သွားသည်။ ခရီးသည် သုံးလေးယောက်သာ ခန်းမထဲ ကျန်နေသည်။ ဖန်သားပြင်၌ ကားယာဉ်မယ်လေး ပေါ်လာပြီး ကားထွက်ရန် ငါးမိနစ်လိုကြောင်း ကြေငြာသည်။ လူကိုယ်တိုင်လည်း သူမဆီ ပြုံးပြုံးရွှင်ရွှင် လာနေသည်။ ဘေးဘီအကဲခတ်၍ သူမကို ကပ်ပြောလာသည်။

"ဘေးက အမျိုးသား အရက်သောက်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရင် ထိုင်ခုံနေရာ ပြောင်းပေးမယ်လေ၊ ထိုင်ခုံအလွတ်ရှိတယ်"

"ကိစ္စမရှိပါဘူး. . ရတယ်. . သူ မမူးတတ်ပါဘူး"

ဆံညှပ်ကိစ္စနှင့် နေရာလဲဖို့ စောစောက အပြင်းအထန်



www.burmeseclassic.com

www.burmeseclassic.com



တြံစည်ထားခဲ့သော သူမပါးစပ်က အလိုလို ထွက်ကျသွားသော စကား။ အင်း. . . ကိုယ်စောင့်နေတာတော့ ကြားလေမလားပဲ. . ။

တတ်နိုင်ဘူးရှင်. . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ကိုယ် အရက်ပြင်း မသောက်ပါဘူး၊ တစ်ခါတ
လေ ဘီယာလောက် သောက်တာ"

"ဒီပုလင်းနဲ့ ဒီခွက်က . ."

"ဟင်းဟင်း . . မြို့တော်မှာ လေးရက်လုံးလုံး နေ့ရော
ညပါ မအိပ်ဖြစ်လိုက်ဘူးလေ၊ ကားပေါ်ကျမှ အရင်းရော
အတိုးပါ ပေါင်းအိပ်လာတာ"

"အဲ့ဒါ ဒီအရက်ခွက်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

"မူးပြီးအိပ်နေတဲ့လူကို ထရစ်မှာကြောက်လို့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



နိုးအောင်လုပ်လေ့မရှိဘူးလေ. . . ဟင်းဟင်း”

သူပြောတာမှန်နေပါသည်. . ။ သူမတောင်မှ သူ မနိုးအောင် ကျော်ခွဝင်ထိုင်မိခဲ့ခြင်း မဟုတ်လား။

ကန်တော့. . . ကန်တော့ဟု ခုမှပင် စိတ်ထဲက တောင်းပန်လိုက်မိသည်။ နည်းနည်းကြီးမလား ရွယ်တူလားလည်း မသိ။ ဘယ်လိုပဲဖြစ်ဖြစ် သူက ယောကျ်ားသားလေ။ ကန်တော့တာပဲ ဘာဖြစ်လဲနော်. . ။

ပြီးတော့ သူမစိတ်ထဲက မေးနေမိပြန်သည်။ စိတ်ထဲက မေးတာမို့ ခပ်ငေါက်ငေါက် ခပ်စွာစွာပါပဲ(ဘာဖြစ်လဲနော်)၊ လေးရက် လေးည၌လုံးလုံး မအိပ်ဘဲ ဘယ်တွေ သဝေလျှောက်ထိုးနေတာလဲ။

“ယောဂကျင့်စဉ်ကျင့်တဲ့ ရသေ့ကြီးတစ်ပါးရဲ့နောက်ကို လျှောက်လိုက်နေရတာပါ၊ ဆရာသမား ဟူးရာနဲ့ တွေ့တုန်း. . အချိန်တိုင်းဟာ တန်ဖိုးကြီးနေတာချည်းပဲလေ၊ အိပ်တာနဲ့သေတာဟာ ညီအစ်ကိုဝမ်းကွဲတော်တယ်”

ကြည့်. . . အဲ့ဒါပြောတာ။ စိတ်ထဲက မေးတာကို သူ ပြန်ဖြေနေတာလေ။ ဒါ တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်။ စောစောကစကားကို သူ့ဟာသူဆက်ပြီး ဘာကြောင့် လေးရက် မအိပ်သလဲဆိုတာကို သူစကားဆက်တာပေါ့။

ဒါပေမယ့် ကိုယ်က စိတ်ထဲက ငေါ့မေး,မေးနေခိုက် သူက တိုက်ရိုက်ဖြေသလိုကြီး ဖြစ်မနေဘူးလားရှင်. . ။

“ယောဂကျင့်စဉ်တွေဘာတွေ ကျင့်သလား”



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓမပွင့်ခင်ကတည်းက ဒီပညာရပ်တွေဟာ တခမ်းတနား ရှိတယ်လေ၊ ကိုယ်က အစွန်အဖျားလောက် လိုက်စားတာပါ၊ ပညာရပ်တစ်ခုပဲ မဟုတ်လား၊ တတ်ထားသိထားရင် ကောင်းတာပေါ့"

"သိပ္ပံနည်းလမ်းကျကျနဲ့ အဲ့ဒီပညာတွေဟာ ဘယ်လိုပတ်သက်နေလဲ"

"ကိုယ်က လူပြိန်းတစ်ယောက်ဆိုတော့ ဥပမာကို လူပြိန်းလိုပဲ ပြောပြမယ်နော်၊ ဂျိုက်ထောက်ထားတဲ့ ကားအောက်ကို သားလေး ဝင်ဆော့နေတယ်ပေါ့၊ မိခင်က ဂျိုက်ပြုတ်ကျတော့မှာကို လှမ်းမြင်တယ်၊ အပြေးလာပြီး ကားကြီးကို မ,ထားလိုက်နိုင်တယ်လေ၊ သူ့ဟာသူတောင် မသိလိုက်တဲ့ အက်ဒရီနလင် ဟော်မုန်းဓါတ် အလိုလို ထွက်လာတာပါပဲ၊ ချစ်ခြင်းမေတ္တာတရားက ထုတ်လုပ်ပေးလိုက်တာလို့ ပြောရမှာပေါ့"

"ဟုတ်တယ်နော်. . . မီးလောင်နေတုန်း သားနဲ့သမီးကို ချီပြီး ခြံစည်းရိုးအမြင့်ကြီးကို ခုန်ကျော်လိုက်နိုင်တာမျိုးပေါ့၊ သာမန်အချိန်ဆို တစ်ယောက်တည်းတောင် ခုန်ဖို့ မလွယ်တာကြီး"

"ခုခေတ်မှာတော့ HGH လို့ ခေါ်တဲ့ တက်စထရိုစတီရုန်း ဟော်မုန်းဆေးကို သုံးရင် အဲ့ဒီစွမ်းအင်မျိုး ရနေပါပြီ"

"မေတ္တာတရားကြောင့် အရေးပေါ် သူ့ဟာသူထုတ်လုပ်ပေးတဲ့ ဟော်မုန်းက ပိုကောင်းတာပေါ့နော်"

"သိပ်စိတ်ပူပန်ရရင်လည်း အဲ့ဒီအင်ဒရီနလင်ဟော်မုန်း



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ထုတ်လုပ်တတ်တယ်၊ ဟင်း. . ဟင်း. . ကျည်တွေဘာတွေ ပြီးတယ်လို့ ကြားဖူးတယ်"

သူ ရယ်ကျဲကျဲ ပြောလာသဖြင့် သူမ ရှက်သွားသည်။

"သွား. . ."

သည်တစ်လုံးပဲ ပြောပြီး အရှက်ပြေ မှန်ပြတင်းဘက်လှည့်၍ မျက်နှာဖွက်လိုက်မိသည်. .။ ဂျုံခင်းဝါဝါတွေအပေါ် လပြာပြာက ငွေရောင်တွေ သွန်ချနေသည်။ အင်မတန်လှသော သက်ငြိမ်ပန်းချီကားကြီးပါပင်. .။

သို့သော် သူမရင်ထဲ အပြည့်အဝ ရောက်မလာခဲ့ပါပေ။ အဝေးပြေးကားကြီးကို လအလင်းလက်တွေ ဖုံးထားသလို သူမတစ်ကိုယ်လုံးကိုလည်း အရှက်တွေ ဖုံးနေခဲ့သည်လေ။ ဘာရယ်မဟုတ်ဘဲ ဆလင်းဘတ်ကြိုးကို ပွတ်ချေနေမိသည်။

"သွား. . ဆိုတော့ ကိုယ်က ဘယ်ကိုသွားရမှာလဲ၊ ဒီကားပေါ်မှာ သွားစရာနေရာလည်း မရှိဘူး"

"ခုံလွတ်တွေ ရှိတယ်"

လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။

"စကားပြောဖော်မှ မရှိတာ. . . ပျင်းစရာကြီး"

"ပျင်းရင် လဲသေလိုက်"

"ကောင်းဘွိုင်ဘားမှာတုန်းကတော့ သူပဲ ကိုယ်သေမှာတို စိုးရိမ်နေခဲ့ပြီးတော့. . ."

"မစိုးရိမ်ပါဘူး. . . ခရီးသွားချင်း ဖေးမတဲ့သဘောပေါ့"

အနေခက်လာ၍ စေးထန်းထန်း လက်ဝါးချင်း သူမ ပွတ်



www.burmeseclassic.com

www.burmeseclassic.com



နေမိပြန်သည်။

"ခရီးသွားချင်း ဖေးမတဲ့သဘောထက် နည်းနည်းပိုပါတယ်ဗျာ. . . မညာပါနဲ့ဗျာ"

"ဘာလို့ ညာတယ်လို့ ပြောနိုင်တာလဲ"

ဘာရယ်မဟုတ် ပြောစရာမရှိ၍ အဆင်ပြေသလို ပါးစပ်ထဲရှိရာ ပြန်ပြောလိုက်မိခြင်းဖြစ်သည်။

"မှုသားဖော်စက်တော့ ကားပေါ်မှာ ပါပုံမရဘူး၊ ဒါပေမယ့် မုသားဖော်စက်က ဖမ်းယူဖော်ထုတ်တဲ့စံနှုန်းတွေ ရှိတယ်"

သူမ စိတ်ဝင်စားသွား၍ လက်ဝါးကို တစ်သျှူးနှင့်သုတ်၍ လုပ်စရာမရှိ ပြန်၍ ဆလင်းဘက်ကြိုးကို လိမ်နေမိပြန်သည်။ နားကတော့ စွင့်ထားသည်။ အကြည့်က ပြင်ပ လသာညဆီကိုပဲ ပို့ထားမိသည်။

"မုသားပြောထားသူဟာ အသက်ရှူနှုန်းနဲ့ သွေးတိုးနှုန်း မြန်နေတတ်တယ်၊ ဂနာမငြိမ် ဖြစ်နေတတ်တယ်၊ လက်ဖဝါး ခြေဖဝါးက ချွေးစေးပြန်နေတတ်တယ်၊ မျက်စိက တစ်နေရာကို ကြည့်နေတတ်တယ်တဲ့"

အမ်. . . လောလောဆယ် သူမ ဖြစ်တာတွေချည်းပါလား. . ။

"တော်ပြီကွာ. . . နေရာပြောင်းတော့မယ်"

သူမ တကယ်လည်း ရှက်ပြီး တကယ်လည်း နေရာပြောင်းချင်လာသည်လေ။ သူက သူမလက်ကောက်ဝတ်ကို ဖွဖွလေးဖမ်းဆုပ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . သေချာသွားတဲ့ နောက်ဆုံးအချက်ပဲ၊ ခင်း သွေးတိုးနှုန်းမြန်နေတယ်"

သူမ လုပ်စရာတစ်ခုပဲ ရှိပါတော့သည်။

ထိုင်ချ၍ သူ့ရင်ဘတ်ကြီးကို. . .

"ကဲဟယ်. . ကဲဟယ်. . ဘုန်း. . ဘုန်း. . ဘုန်း"

အားကုန်ဆင့်ထုချနေခြင်းပါပဲ။ သူက ရင်ဖွင့်ခံထားရင်း ခပ်ပြုံးပြုံးကြီး. . .

"ဟုတ်တယ်. . မင်းအသက်ရှူလည်း မြန်နေတယ်" တဲ့။

သူမ ထုခြင်းအမှုကို ရပ်လိုက်ရတော့သည်။

ဘယ့်နှယ့်ရှင် ရည်းစားသနာနှစ်ယောက် စိတ်ကောက် ရန်ဖြစ်နေပုံကြီးမို့. . ဘေးကခရီးသည်တွေ လှည့်ကြည့်နေကြပြီလေ။

ကိုယ်တော်က မချော့တဲ့အပြင် ရှက်ရမ်း,ရမ်းနေတဲ့သူကို ထပ်ရှက်အောင် ဆက်ပြောနေပုံကို ရှုစားတော်မူကုန်ကြပြီလေ။ တကယ်ပါပဲ. . . အလိုက်သိတုန်းက သိခဲ့သလောက် အလိုက်မသိတော့လည်း ကမ်းကုန်အောင်ပဲ မသိတာပါလားရှင်။

ကြည့်ဦး. . . ဆက်ပြောနေပုံ ရယ်ကျဲကျဲမျက်နှာနဲ့ လက်ညှိုးကြီးထိုးပြီး. . .

"မင်းလေး အရမ်းရှက်နေပြီ. . . ကြည့်စမ်း၊ မင်းမျက်နှာလေး ရဲတွတ်နေတာပဲတဲ့"

ရှေ့စားပွဲအောက်က ပိုက်ကွန်နဲ့ ထည့်ထားတဲ့ ခြင်ထောင် ပွပွကြီးကို ယူလိုက်ပြီး သူမ ခြုံ၍ ခေါင်းပါလုံအောင် အိုးချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါတော့သည်။ မှန်ပေါက်ဘက် ခေါင်းကပ်ပြီး ခုံနှစ်ခုကြားက လက်ရမ်းကို ခြေကန်ထားလိုက်မိသည်။ စောင်ထဲ ရောက်မှပဲ နည်းနည်းအရှက်လုံသွားသလို ခံစားမိပါသည်။

သူလည်း ရယ်သံမြှင်းမြှင်းနဲ့ ငြိမ်သက်သွားသည်။

ခဏနေမှ. . .

"ဆောရီးကွာ. . မင်းအရမ်းရှက်သွားတာလေး ချစ်စရာ ကောင်းလွန်းလို့ပါ. . စိတ်မဆိုးနဲ့နော်၊ အဲ့ဒါကမှ ရွာကမြီးကောင် ပေါက်ချာတိတ်မလေးတွေနဲ့ ပိုတူတာ" တဲ့. . လေ။

သူမ ငြိမ်ရင်း ကုတ်ဖွဲ့ပစ်ချင်စိတ်ကို မနည်းကြီး မျိုသိပ် နေရပါတော့သည်။ ပြီးတော့ သူဟာသူ ပြောသလိုလို ဆက်ပြော နေသောစကားက. . .

"ဩြော်. . . ဘဝမှာ အင်မတန်လှတဲ့ မိန်းမသူတစ် ယောက်ရဲ့ စိတ်ပူခြင်းကို ဘယ်တုန်းကမှ မခံရဖူးတဲ့ လူတစ် ယောက်ရဲ့ ရူးသွပ်သွားပုံပါလား၊ ကိုယ့်ကိုယ်ကို စိတ်ခါတ်ခိုင်ကျဉ် တယ်လို့ ထင်ထားသမျှ. . သွားတာပဲ"

သူ့ဘဝ တစ်စွန်းတစကို လှစ်ပြလိုက်သောစကားများ လည်း ဖြစ်နေပါသည်။ အေးလေ. . . ငါကလည်း သွားပူမိတာ ကိုး. . ။

"အင်း. . . မြို့သူဆိုတော့ သူ ကောင်းဘွိုင်းဂိမ်းကို ဘယ် သိပ့်ါမလဲ၊ မသိတာပဲ ကောင်းပါတယ်၊ သိရင် ဘယ်စိတ်ပူနေတော့ မှာလဲ"

"ဟင်. . . အဲ့ဒါ ဂိမ်းလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းမြီးခြုံထဲက မျက်နှာထုတ်၍ ရုတ်တရက် မေးမိသည်။

"ဟုတ်ပါတယ်. . . ဂိမ်းကစားတာလေ၊ အဲ့ဒီဆိုင်ထဲက ရှိသမျှ ကောင်းဘွိုင်တွေဟာ ရိုဘော့(တ်)တွေချည်းပဲ၊ WEST WORLD ဆိုတဲ့ (၂၀)ရာစုက ကားဟောင်းတစ်ကား မကြည့်ဖူးဘူးလား"

"ဟင့်အင်း"

"ခေတ်သစ်လူတွေ. . . လူလူချင်း သေနတ်နဲ့ပစ်ရတဲ့ အရသာကို အရမ်းကို လိုချင်လို့ ဖန်တီးထားတဲ့ ကောင်းဘွိုင်ခေတ်ကို ငွေကုန်ကြေးကျ အများကြီးခံပြီး မြေရှပ်ယာဉ်ကြီးနဲ့ သွားကြတာလေ"

"မကြည့်ဖူးပါဘူးဆိုနေ"

"အဲ့ဒီကားထဲမှာ မင်းသားကြီးယူဘရိုင်းနားက စက်ရုပ်ကောင်းဘွိုင်းအဖြစ် သရုပ်ဆောင်တာ၊ ခုဟာက တကယ့်ပေါ်လီမာ အရေပြားတုနဲ့ တကယ့်အရုပ်ကြီး"

"သေနတ်ကကော"

"သေနတ်က အစစ်၊ ကျည်ကလည်းအစစ်ပဲ၊ အဲ. . . ဒါပေမယ့် ကျည်ဖူးကတော့ ပလတ်စတစ်၊ ထိရင် အရမ်းနာတယ်၊ ဒဏ်ရာတော့ ရတတ်တယ်"

"မျက်လုံးတွေဘာတွေထိရင် ဘယ်လိုလုပ်မလဲ. . . ဟဲ"

သူ သွားတန်းလေး ပေါ်အောင် ပြုံးပါသည်။ ယောက်ျားတစ်ယောက်၏ ပွင့်လင်းပျော်ရွှင်သောအပြုံးကို အနီးကပ် မြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်းဖြစ်ပါသည်။

"အတုပါဆိုတာတောင် မျက်လုံးထိမှာ ပူနေသေးတယ် နော်၊ ကိုယ်ကြည်နူးလိုက်တာ၊ တကယ်ပါ. . . ကိုယ့်ကို စိတ်ပူတတ်တဲ့ လူသားတစ်ယောက်ရှိနေတာဟာ ကြည်နူးစရာ အလွန်ကောင်းပါလား လောကကြီးရေ"

"သူက ဘယ်သူနဲ့ နေတာလဲဟင်"

"တပည့်ကျော်တစ်ယောက်နဲ့ နေတယ်. . . ပါစံတစ်တဲ့၊ သူကတော့ ကိုယ့်ကို နည်းနည်းပါးပါး ပူတတ်ပန်တတ်ပါတယ်၊ ဒါပေမယ့် ဒီလောက်မကြည်နူးတာ အမှန်ပါ။ ဘာလို့လဲ မသိဘူး နော်"

"မသိဘူး"

သူမလည်း ဒါပဲပြောပြီး အပြင်ဘက် လရောင်ဆီ မျက်နှာကို ပြန်လှည့်လိုက်မှပဲ ကားက ဥမင်ထဲ ခေါင်းထိုးဝင်လိုက်၍ မြင်ကွင်းသည် မီးရောင်တွေ ထိန်လင်းနေသော ကွန်ကရိနံရံကြီး ဖြစ်သွားသည်။

"ကျေးဇူးပြု၍နားဆင်ပါရှင်. . . ကျွန်မတို့ ဝေဒေဟီယာဉ်ဟာ ကမ္ဘာပေါ်မှာ တတိယ အရှည်လျားဆုံးဖြစ်တဲ့ ဘူဒိတ ဥမင်လိုဏ်ဂူကို ဖြတ်သန်းနေပါတယ်ရှင်၊ အလျားပေ(၃၉. ၈)မိုင်ရှည်လျားပါတယ်. . . ကျေးဇူးတင်ပါတယ်ရှင်"

ဖန်သား သရီးဒီ၌ ဘူဒိတလိုဏ်ဂူကို ဖောက်လုပ်စဉ်နှင့် ဖောက်လုပ်ဆဲ၌ ကြုံတွေ့ရသော ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်မှတ်တမ်းများကို ပြသနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ယူကျူး၌ တအံ့တသြ ကြည့်ခဲ့ပြီးသားတွေ ဖြစ်နေ၍ ခဏကြည့်ပြီး ပျင်းရိလာသည်။ တကယ်တမ်း သိချင်တာတွေလည်း ရှိလာသည်။ ထိုဘူဒိတ ဥမင်ဖောက်လုပ်စဉ်က တစ်မိုင်ကျော် ဥမင်မြေသားကို တူးဖော်ပြီးသောအခါ ကျောက်သားထုကြီး မထင်မှတ်ဘဲ ခံနေသည်တဲ့. .။ တိုင်းထွာတွက်ချက်မှုထဲ၌ အင်ဂျင်နီယာတွေ မမြင်ခဲ့ မရှိခဲ့တဲ့ ဥမင်အူကြောင်းဖြစ်နေ၍ မီတာတစ်ရာကျော် ကျောက်သားများကို တူးဖယ်လိုက်သောအခါ ကျောက်သားထဲ၌ သဘာဝ ဥမင်လှိုဏ်ဂူကြီး ဘွားခနဲ သွားတော့သည်တဲ့။

သတ်မှတ်ထားသော ဥမင်လမ်းအူကြောင်းနှင့် ထပ်တူနီးပါး တူညီနေသဖြင့် အင်ဂျင်နီယာများ မင်သက်မိခဲ့ကြရသည်တဲ့။ ကုဋေငွေပေါင်းများစွာ အကုန်အကျ သက်သာခဲ့သည်တဲ့။

အင်ဖာဗီရွာကို ချဉ်းကပ်လာသောအခါကျမှပဲ(အတိအကျမှု '၂. ၈၆'-မိုင်အလိုကျမှပဲ) သဘာဝဥမင်သည် ရွာ၏အနောက်စူးစူးရှိ အသူတရာနက်သော မနောဒသရေအိုင်ကြီးဆီ ငုတ်လျှိုးသွားသည်တဲ့။ သဘောမှာ ရွာအဝင်လမ်းဆီသို့ ၂. ၈၆ မိုင်သာ ဆက်တူးလိုက်ရသည်တဲ့။

ဥမင်တစ်လျှောက် သဘာဝလှိုဏ်ဂူကြီးတစ်ခုကို ဖြတ်သန်းရသည်။ သဘာဝလှိုဏ်ဂူထဲမှာတော့ မိုးပျံတံတားပေါ်က ဖြတ်သန်းရင်း ဖန်သားလမ်းပြွန်ကြီးအတွင်းမှ သဘာဝ ကျောက်ဂူကြီး၏ အံ့မခန်းမြင်ကွင်းကို ဘယ်ကရမှန်းမသိသော သဘာဝအလင်း၊ လူတွေဖန်တီးထားသော မီးရောင်စုံများနှင့် ရင်သပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုမောဖွယ်ရာ မြင်ရသည်။

ဧရာမ ကျောက်ပန်းဆွဲကြီးများ ရာထောင်မက တွဲရရွဲ ကျနေပုံက စိုစိုလက်လက် ရေတစ်စက်စက်နှင့် ရောင်စုံမီးရောင်ထဲ အနုပညာဆန်လှသည်။ လိုဏ်ဂူနံရံအချို့ ကမ္ဘာဦးကျောက်လွှာကြီးတွေကို ဧရာမအလွှာကြီးတွေအဖြစ် တစ်လွှာချင်း သပ်သပ်ရပ်ရပ် စီထပ်၍ တန်ခိုးရှင်တစ်ပါး၏ မဟာ့မဟာ ဓါးကြီးဖြင့် တိခနဲ လှီးဖြတ်ပြထားသော (SECTIONAL ELEVATION) မတ်တတ်ဖြတ်ပိုင်းပုံကြီးတွေ ဖြစ်နေသည်။

"အိုး. . . လှလိုက်တာ"

"ဟိုးမှာ ရွှေကြောကြီး၊ ဟိုးအောက်က ကျောက်စိမ်းကြောကြီး တွေ့လား၊ ဘယ်လောက်တန်ဖိုးကြီးတဲ့ လိုဏ်ဂူကြီးလဲ ဆိုတာ ခန့်မှန်းလို့တောင် မရဘူးတဲ့၊ ဒါပေမယ့် ဘာကိုမှ လူလက်နဲ့ မထိအောင် အမှိုက်တစ်စ ဂူထဲမကျအောင် နည်းပညာအကုန်သုံးပြီး တို့လူသားတွေ ဒီဖန်ပြွန်လမ်းကြီးကို တည်ဆောက်နိုင်ခဲ့ကြတာတဲ့၊ မီးရောင်စုံကို ဘယ်နေရာက ဘယ်လိုထွန်းပေးထားမှန်း မသိရတာကိုက ဒီဂူကြီးရဲ့အပျိုရည်အလှကို ပိုကြွအောင် ခြယ်မှုန်းနိုင်တဲ့ တို့လူသားရဲ့ အံ့မခန်း အနုပညာနဲ့ နည်းပညာပဲ"

"အင်းနော်. . . ကြက်သီးတောင် ထတယ်၊ တီဗွီမှာ မြင်ဖူးပေမယ့် အခု မျက်မြင်ကိုယ်တွေ့ ဖြတ်သန်းရမှပဲ ကြက်သီးဖြန်းဖြန်းထမိတော့တယ်"

"ချမ်းရင်လည်း ကြက်သီးထတတ်တယ်. . . ချမ်းလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်”

သူမ ပြီး၍ သူ့ကို ကြည့်ရင်း မြင်ကွင်းဆီ ပြန်လှည့်သည်။

နောက်စေ့နှင့် ကြည့်ရင်း. . .

“မချမ်းပါဘူး ရွာသားလူလည်ကြီးရယ်. . . ဟင်းဟင်း၊ ကျွန်မကို အဲ့လောက်မနုံဘူး ထင်လို့လား၊ ဒီမှာ ခြံစောင်ရှိတယ်”

“အဲ့ဒီစောင်က ဒစ်စကောင့်မှာ (၅၂၈)ကျပ်ပဲ ရှိတယ်၊ ပိုလုံအောင် ထောင့်ငါးရာတန် ခြုံမလားလို့ပါ”

“အွန်. . နာမည်တောင် မသိသေးဘဲနဲ့ ရည်းစားစကား လာပြောနေပုံက ကဗျာမဆန်လိုက်တာ”

“မြို့မှာ ခေတ်မီလူနေမှုစနစ်မှာ ရည်းစားစကားတောင် မပြောကြတော့ဘူးလို့ ကြားဖူးထားပါတယ် ဟုတ်လားဟင်”

“မသိဘူး”

ကားက ဖြည်းဖြည်းလေး မောင်းပေးနေသည်။ မြင်ကွင်းကြီးထဲ လွင့်မျောနေသော စိတ်အစဉ်က သီးခြားကမ္ဘာတစ်ခုထဲ ရောက်နေသလို ဖြစ်နေသည်။ အနီးစပ်ဆုံး ဥပမာပေးရရင် ရင်ဖို ဘတ်စ လူမနှင့်လူဖိုလေးနှစ်ဦး ဆိတ်ကွယ်ရာ လသာညထဲ ရောက်နေသလိုမျိုးပါပင်။ လရောင်၏ဖမ်းစားခြင်း ညှို့ကွင်းထဲ နှလုံးသည်းပွတ်တွေ ညွတ်နူးနေကြသလိုပင် ရင်ခုန်နှုန်း တူညီနေကြသည်ပေါ့။ ခုလည်း. . .

“ဟိုးအောက်ဘက်က ရေအိုင်ကြီး တွေ့လား”

“အင်း. . .”

“အဲ့ဒီရေအိုင်ကို သဘာဝအပျိုစင်လို့ ခေါ်တယ်၊ ရေညှိ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျှင် ပိုးကောင်လေးတစ်ကောင်တောင် မထိဖူးတဲ့ ရှားရှား ပါးပါး ရေအိုင်မို့တဲ့"

အောက်ခြေထိ မြင်နေရသော ရေအိုင်ကို လှမ်းကြည့် ရင်း သူမစိတ်ထဲ အလိုလို အသံမြည်လာ၏။

အချစ်နဲ့ ပတ်သက်လာရင် ကျွန်မလည်း အဲ့ဒီရေအိုင်လို Nature Virgin ပါပဲရှင်။

"ဝမ်းသာလိုက်တာဗျာ"

"အမ် . . . ဘာကိုဝမ်းသာတာလဲ"

စိတ်ထဲက ပြောတာကို သူကြားသွားပြန်သည်ဟုပင် သူမ ထင်သည်။ သို့သော်လည်း ရုတ်တရက် တုန့်ပြန်လိုက်ပြီး မှ . . .

ဘာကိုဝမ်းသာတာလဲဟု အမေးခံရသောကြောင့် တစ် ခုခု နောင်တရသလိုဖြစ်သွားပြီး မသိမသာ မုတ်ဆိတ်ကို ကုတ် ရင်း . . .

"အင်း . . . ဘယ်လိုပြောရမလဲ၊ ကိုယ် ဒီကားလက်မှတ် ဝယ်မိတာရယ်၊ ကိုယ့်ဘေးကခုံမှာ မင်းကလေး ပါလာတာရယ်၊ ဒီဥမင်ထဲမှာ ဒီလိုဂူကြီး ရှိနေတာရယ်၊ အဲ . . ပြီးတော့ ဟိုး အောက်က Nature Virgin ရေအိုင်ထဲ မြူတစ်မှုန်တောင် မကျ ဖူးတာရယ်ဟာ ဝမ်းသာစရာတွေပဲ မဟုတ်လား၊ အဲ . . အဲ့ဒါကို ဝမ်းသာတာပါ"

"သူလည်း လိမ်တတ်တယ်နော် . . ဟင်း . . ဟင်း၊ ဂနာ မငြိမ်ဘူး . . . မယားဘဲနဲ့ မုတ်ဆိတ်ကို လျှောက်ကုတ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက အပြင်ကို ကြည့်နေပေမယ့် ဘာမှမြင်ရပုံမပေါ်ဘူး၊ ပြီးတော့ အသက်ရှူတာ မြန်နေတယ်"

"ရှင်ခုန်လည်း အသက်ရှူတာ မြန်နေတတ်ပါတယ်ဗျာ"

"စကားရထားကလည်း ဒီဘူတာပဲ ဆိုက်ဆိုက်နိုင်လွန်းတယ်"

"ဖြစ်နိုင်ရင် ဒီဘူတာမှာပဲ တစ်ဘဝလုံး ကျောက်ချထားချင်တော့တာ"

ထိုစဉ် ကားသည် ဥမင်ထဲ ပြန်ဝင်၍ အရှိန်တင်ပြီး ဂငယ်ကွေ့ ချိုးကွေ့၏။ လက်ရမ်းပေါ်က သူ့လက်ဝါးပေါ်သို့ . . သူမလက်ဝါး မှောက်ကျမိအောင်ပင် ယိုင်သွား၏။ သူက နွေးခနဲ ဖမ်းဆုပ်ပြီး ချက်ချင်းပြန်လွှတ်ပေးပါသည်။ ကော်ဖီခွက်နှင့် သူ့အရက်ခွက်ဆီ သူမ ရှက်ရမ်း,ရမ်း၍ လှမ်းကြည့်မိပြန်၏။

"မမှောက်ပါဘူး. . . စိတ်ချ၊ ခွက်တင်ထားတဲ့ အဲ့ဒီ ခေါက်စားပွဲလေးတွေက အသေမဟုတ်ဘူး၊ အရှင်တပ်ထားတာ၊ ယူပုံသဏ္ဍာန် BUBBLE ညှိထားတာ ကားယိမ်းရာဘက်ကို ရေပြင်ညီ မြင့်တက်ပေးတယ်၊ INCLINE PLAIN ဖြစ်အောင်ပေါ့"

"ရှင်က ဖစ်စစ်နဲ့ ကျောင်းပြီးတာလား"

"မဟုတ်ဘူး. . . စိတ်ပညာနဲ့ ပြီးတာ၊ ဒါပေမယ့် ဘွဲ့မရလိုက်ပါဘူး. . . ကျောင်းထွက်လိုက်ရတယ်"

"ဘာဖြစ်လို့လဲ"

"ကျောင်းခေါ်ချိန် မပြည့်လို့၊ ထားပါလေ. . . အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပြီးပြီးသားကိစ္စတွေချည်းပါပဲ၊ ပစ္စုပ္ပန်တည့်တည့်မှာ နေထိုင်တာ အကောင်းဆုံးလို့ ဗုဒ္ဓဟောထားတယ်လေ၊ ကိုယ် ဝိုင်နည်းနည်း သောက်မယ်နော်"

"သောက်ပါ. . . ဒါဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ"

"နှစ်ပေါင်း(၁၂၀) လှောင်ထားတဲ့ ပျားရည်ဝိုင်နည်းနည်း မြည်းကြည့်ပါလား၊ ကိုယ်တို့ရွာက ထုတ်လုပ်တာ"

အင်ဖာဗီထွက်ဆို၍ သူမ အနည်းငယ် စိတ်ဝင်စားသွားသည်။ ဖန်သားစက္ကူ တစ်ခါသုံးခွက်ထဲ သူက လက်နှစ်သစ်ကျော်ကျော် ထည့်ပြီး ကမ်းပေးသည်။

ခွက်ချင်း မြှောက်ထိရင်း. . .

"အင်ဖာဗီရဲ့ အလှဆုံးညသည်အတွက်"

"ယူလ်ဘရိုင်းနားကို အောင်မြင်တဲ့အတွက်"

"ချီးယားစ်. . ."

"ချီးယားစ်. . ."

ချိုချိုရှရှနှင့် ရင်ထဲနွေးသွားသော အရသာထူးကို ခံစားရသည်။ တစ်အောင့်အကြာတွင် တစ်ကိုယ်လုံး နွေးလာသည်။ လန်းဆန်းပေါ့ပါးလာသည်။ တရိပ်ရိပ် ပြေးနေသော ဇိမ်ကျလှသည့် ဤဝေဒေဟီယာဉ်ကြီးနှင့် ဤခရီးဖော်နှင့် ခရီးတစ်ခုတည်း အတူတူ သွားဖြစ်နေသော သူမအဖြစ်ကို သူမကျေနပ်လာ၏။ ကျေနပ်ရုံမက ကြည်နူးလာသည်။(နောက် ခဏအကြာ နောက်တစ်ခွက် အပြီး၌) ကြည်နူးရုံမက သူမ အူမြူးလာသည်။ နှစ်ဖိုင်ကြား K.T.V ကို HEAD PHONE နှင့် အပြန်အလှန် ဆိုဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပျော်လှပါသည်။

မကြာခင်မှာပင် တန်ပေါင်းများစွာသော ကျောက်သား ထုထည်အတွင်း အရှိန်အဟုန်တစ်ခုပေါ်တွင် သူမ နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်သွားလေသည်။

အိပ်ရေးဝဝ လန်းဆန်းစွာ သူမ နိုးနိုးချင်း လတ်ဆတ် သော ပန်းရနံ့ကို ဦးစွာရှူရှိုက်မိသည်။

အင်. . . ငါဘယ်ရောက်နေတာပါလိမ့်။ မှန်ပြတင်းတွေ တိုတ်ကာချထားသော အခန်းကျယ်တစ်ခု ဖြစ်သည်။ အိပ်ယာ ဆို၍ သူမကုတင်တစ်ခုသာရှိပြီး ရှင်းလင်းနေသည်။

အို. . ဒါ ငါစီးလာတဲ့ ဝေဒေဟီ ဘတ်စ်ကားကြီးပဲ။ ထိုင်ခုံတွေက ဘယ်လိုပျောက်ကုန်တာလဲ။ ငါ့ထိုင်ခုံက အိပ်ယာ ထို ဖြန့်ခင်းထားတာပါလား။ သူ့ကုတင်ဘေး၌ တွန်းလှည်းစားပွဲ လေး ရှိနေသည်။ စားပွဲပေါ်မှာတော့ သူမ မမြင်ဖူးသော ပန်း တစ်မျိုးကို လှပစွာ ထိုးစိုက်ထားသည်။ ထိုပန်းဆီက ရနံ့က အလုံ ပိတ်ကားထဲ သင်းပျံ့မွှေးကြိုင်နေခြင်းဖြစ်သည်။

သူမ ခြုံစောင်လှပ်၍ ထထိုင်လိုက်သည်။ ရွှင်းခနဲ အသံ ပေါ်ပါနှင့် တံခါးတစ်ချပ် ပွင့်သံနှင့်အတူ ကားယာဉ်မယ်လေး တင်ပန်းတစ်ချပ်နှင့် ဝင်လာသည်။ ပြုံးနေကျအပြုံးကိုပင် မျက် နှာတွင် လှလှပပ ချိတ်ဆွဲထားရင်း. . .

"မင်္ဂလာမနက်ခင်းပါရှင်. . အိပ်ရေးဝမယ် ထင်ပါတယ်၊ နံနက်စာ သုံးဆောင်ပါ၊ အင်ဖာဗီ နွားနို့နဲ့ ရှာလုပ် ပီဇာဘိန်းမုန့် လေးပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးဆုံးပြီလား. . ကျွန်မကို ဘာလို့ မနှိုးတာလဲဟင်"

"ခရီးပန်းလို့ အိပ်မောကျနေတဲ့ ခရီးသည်ကို အိပ်ရေးဝ စေချင်တာရယ် မနက်စာနဲ့ ဧည့်ဝတ်ကျေချင်တာရယ်ပါရှင်"

"သူ. . သူ. . အဲ. . တခြားထိုင်ခုံတွေက ဘယ်ရောက် ကုန်တာလဲ"

"ယာဉ်သန့်ရှင်းကြံ့ခိုင်ရေးအတွက် ပိုးသတ်ဆေးနဲ့ ဖျန်း ဆေးရပါတယ်၊ မနန်းမွေ့ရဲ့ခရီးသွားဖော်က သူနိုးမှပေးဖို့ ဟောဒီ ပန်းတွေနဲ့ စာတစ်စောင် ပန်းအိုးအောက်မှာ ထားခဲ့ပါတယ်ရှင်"

နွားနို့ခွက်ကို လှမ်းနေသော သူမလက်က ပန်းအိုးဆီ ချက်ချင်းရောက်သွားသည်။ စာကိုချက်ချင်း ဖွင့်ဖတ်ရန် ပြင်ပြီးမှ ကားယာဉ်မယ်လေးကို ပြုံးပြလိုက်မိသည်။ အလိုက်သိသော ကားယာဉ်မယ်လေးက. . .

"လွတ်လွတ်လပ်လပ် ဖတ်ပါရှင်. . အေးအေးဆေးဆေး ပေါ့နော်၊ လိုအပ်တာရှိရင် ပြတင်းပေါက်ခလုတ် နှိပ်လိုက်ပါရှင်၊ မနန်းမွေ့သီချင်းဆိုတာ အရမ်းကောင်းတယ်၊ ကျွန်မ အသံတောင် ဖမ်းထားလိုက်သေးတယ်"

"ကျေးဇူးတင်ပါတယ်"

စာရွက်ခေါက်လေး အလျင်စလို ဖွင့်လိုက်သည်။

*ဟလို. . .*

*နှစ်လိုဖွယ် ရေအိုင်လေး. . ၊*

*ကလေးငယ်တစ်ယောက်လို အိပ်ပျော်နေလို့*



www.burmeseclassic.com

www.burmeseclassic.com



မနိုးရက်တော့ဘူး. . ။
ဝေဒေဟီကလည်း နိုးလေ့မရှိဘူး. . ။
ရှာက ကျဉ်းကျဉ်းလေးပါ တွေ့မှာပါ. . ။
ပန်းတွေ ထားခဲ့တယ်. . ရှားပါးပန်းနော်. . ။
ဆံညှပ်ကလေးကတော့ အမှတ်တရ ယူသွားတယ်. . ။

ကာလနဂါးမကြီးရဲ့
(၁၃)ဥမြောက်က ပေါက်တဲ့
သဘောက်သား
"ဒိုင်ယံ"

ကြည့်. . .
အဲ့ဒါလည်း တွေ့တွေ့ချင်း သူမစိတ်ထဲက မေးမိတဲ့ ငေါ့ တွေး ငေါ့မေး မှတ်ဘူးလား. . .
စိတ်မေးခွန်းကို သူဖြေပြန်ပြီ. . .
ရှင်ဘယ်လိုလူလဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း နှစ်

# ဒိုင်ယံနှင့် တစ်ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com

# "ပထဝီ၌ ပွင့်ခြင်း"

တေဇောဓါတ်
အာပေါဓါတ်
ဝါယောဓါတ်
မျှတပေါင်းစပ်
ရင်မြေအရပ်၌
ပထဝီဓါတ်လေး
လိုအပ်သလို
ရောက်ရှိကြွချီ
မေတ္တာပန်းကို ပွင့်လေပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"ပါစံတစ်ရေ"

"ခင်ဗျာ. ."

"ငါမရှိတုန်း ဘယ်ကဧည့်သည်တွေ လာသေးလဲ"

မီးဖိုခန်းမှ ပါစံတစ်ယောက် ယောက်မ,ကိုင်၍ ထွက်လာသည်။ ထုံးစံအတိုင်း စာဖိုမှူးဝတ်စုံဖြူကို အိမ်နေအကျႌဘောင်းဘီ အပေါ်မှ ထပ်ဝတ်ထားသည်။ ခေါင်းဆောင်းအဖြူနှင့် အပြည့်အစုံ ဖြစ်သည်။

"ဆရာ့ကိုယ်စား ကျွန်တော်ကစားပေးလိုက်တဲ့ လူနာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်း အဲ့ဒီကွန်ပျူတာထဲမှာရှိတယ် ဆရာ၊ နေ. . နေ. . ကျွန်တော် ဖိုင်ဖွင့်ပေးခဲ့မယ် ဆရာ၊ ကျွန်တော့်ကုထုံးကို အကဲဖြတ်ပေးပါ၊ ဟောဒီမှာ ရပြီ"

"မင်းဘာတွေချက်နေလဲ"

"ရှားရှားပါးပါး သင်ပေါင်းပိုး ရထားတယ် ဆရာ၊ ရှာလကာရည်နဲ့ ပြုတ်ပြီး ပူစီနန်နဲ့ ရှယ်သုတ်ပေးမယ်၊ အခု ကြက်သွန်ဖြူ ဆီသတ်နေတယ်"

"အေးကွာ. . . ငါးခေါင်းနဲ့ ဝက်သားပြားနဲ့ ဒန့်ဒလွန်သီးချဉ်ရည်ဟင်းလည်း စားချင်တယ်"

"စိတ်ချ ဆရာ. . မြိန်စေရမယ်၊ လျှာကိုသာ ငြိမ်အောင်ခမ်းပေတော့"

ပါစံတူးကလည်း သူ့လိုပင် စိတ်ပညာအဓိကနှင့် နောက်ဆုံးနှစ်ဖြေထားသည်။ သူ့ထံတွင် အလုပ်သင်ရင်း တပည့်ခံနေသော အင်ဖာဇီ ချက်မြုပ်ဖြစ်သည်။ တော်ရုံတန်ရုံ စိတ်ရောဂါရှင်ဆိုလျှင် ပါစံတစ်နှင့်ပင်ပေးတွေ့ပြီး အတွေ့အကြုံ ယူစေသည်။ လိုအပ်မှ သူဝင်ဆုံးဖြတ်လေ့ရှိသည်။ လူပျော်လေး ပါစံတစ်က သူ့ကိုအလွန်ရိုသေချစ်ခင်သည်။ သစ္စာရှိသည်။

သူ ကွန်ပျူတာရှေ့ ဝင်ထိုင်လိုက်သည်။ စကရင်ပေါ်က ခေါင်းစဉ်ကို သူလှမ်းဖတ်လိုက်သည်။

"ခေါင်းထဲဝင်သွားသော ပုရွက်ဆိတ်များ" ဆိုပါလားဟ။ ဒါ ရှေးဟောင်းစာရေးဆရာ ဒါရိုက်တာကြီးတစ်ယောက် ရေးခဲ့တဲ့ ဝတ္ထုကောင်းတစ်ပုဒ်မှန်း စာဖတ်အားများသောသူ သတိရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ ဖွင့်ကြည့်လိုက်သည်။ လျှို့ဝှက်ကင်မရာသုံးလုံး နှင့် မှတ်တမ်းတင်၍ လိုအပ်သလို ပါစံတစ် အယ်ဒီတင်း လုပ်၍ နောက်ခံအသံပါ ထည့်ထားသော (ဇာတ်လမ်းတိုလေးပမာ) လူနာမှတ်တမ်းဖြစ်သည်။

အသက်(၄၀)ခန့် လူတစ်ယောက် နားထင်ကို လက်မနှစ် ဖက်နှင့် ဖိ၍ မျက်နှာရှုံ့မဲ့ပြီး ဒေါက်တာပါစံတစ် ထိုင်နေသော ဆေးခန်းထဲ ဝင်လာသည်။ ပါးစပ်ကလည်း တအင်းအင်း ပြတ် တောင်းပြတ်တောင်း ညည်းညူရင်း စားပွဲရှေ့က ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဒေါက်တာက ထုံးစံအတိုင်း မေးသည်။

"ဘာဖြစ်တာလဲခင်ဗျာ"

"ဘာဖြစ်တာလဲဆိုတာ မပြောခင် ကျွန်တော် ပေါက်စ ဘယ်လိုဖြစ်တာလဲဆိုတာကို အရင်ပြောမှဖြစ်မယ် ဆရာဝန်"

"မဟုတ်သေးဘူးခင်ဗျ. . . ခင်ဗျား အခု ဘာဖြစ်နေတာ လဲဆိုတာကို အရင်ဆုံးပြောဖို့ သင့်ပါတယ်ခင်ဗျ"

"အခု ဘာဖြစ်နေသလဲဆိုတာကို ပြောပြဖို့ရာက ဘယ်လို စဖြစ်ခဲ့တာလဲဆိုတာကို အရင်ပြောပြမှ ဖြစ်ပါမယ်၊ ဆရာဝန် နားထောင်မှာလား နားမထောင်ဘူးလား၊ အဲ့ဒါကို အရင်ပြောပါ"

ဒေါက်တာပါစံတစ် သက်ပြင်းမသိမသာချရင်း. . .

"ကဲ. . . ပြောဗျာ၊ ဘယ်လိုစဖြစ်တာလဲ ကိုပေါက်စ"

"ဟုတ်ပြီ. . . လိပ်ပတ်လည်အောင် နားထောင်ပေးတော့ ရှားရှားပါးပါး ဆရာဝန်တော့ တွေ့ပြီ၊ ဒီလို ဆရာဝန်ရေ တစ်နေ့ အိမ်မှာ ကျွန်တော်အိပ်နေတုန်း ဟောဒီညာဘက်နားရွက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ပုရွက်ဆိတ်နှစ်ကောင် ဝင်သွားတယ်၊ အဲ့ဒီနှစ်ကောင်ဟာ နားရွက်ထဲကနေပြီး ကျွန်တော့်ဦးနှောက်ထဲအထိ ရောက်သွားတယ်၊ ဖြစ်ချင်တော့ အဲ့ဒီနှစ်ကောင်ဟာ အဖိုတစ်ကောင် အမတစ်ကောင်ဖြစ်နေပြီး နားရွက်ထဲ ဝင်ခါစက သူတို့ဟာ သမီးရည်းစားပါပဲ၊

သမီးရည်းစားပီပီ ဆိတ်ကွယ်ရာရှာရင်း ကျွန်တော့်ဦးနှောက်အတွင်းပိုင်းထိ ရောက်သွားတာပါ၊ အဲ့ဒီဆိတ်ကွယ်ရာလည်းရောက်ရော အာဝါဟ ဝိဝါဟ ဖြစ်ပြီး မြေးတွေ တအုံတမကြီးဖြစ်ပြီး ကျွန်တော့်ဦးနှောက်ကို တစစ်စစ် ကိုက်စားနေကြပြီလေ၊ အား. . ကျွတ်. . ကျွတ်. . အား၊ ဟော. . ဟော၊ ကိုက်ကြပြန်ပြီ. . . အား"

ဒေါက်တာပါစံတစ်က နားလည်သောအပြုံးနှင့် နှစ်သိမ့်ရင်း. . .

"ဟုတ်လား. . . ဖြစ်တတ်ပါတယ်ဗျာ၊ ခင်ဗျားလို ဖြစ်တာမျိုးတွေ ကျွန်တော် ခဏခဏ ကြုံဖူးပါတယ်၊ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော် ပျောက်အောင်ကုပေးပါ့မယ်၊ တကယ်ပျောက်ချင်သလား"

"ဘယ်နှယ့်ပြောပါလိမ့် ဆရာဝန်ရာ၊ ပျောက်ချင်လို့ လာပြတာပေါ့"

"ဘယ်ဆရာဝန်တွေ ပြဖူးသေးလဲခင်ဗျ"

"သုံးယောက်တောင် ပြဖူးပါ့ဗျာ၊ ခပ်တုံးတုံးဆရာဝန်တွေပါ၊ ဘာဖြစ်သလဲပဲ ပြောပါတဲ့၊ ဘယ်လိုဖြစ်တယ်ဆိုတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သိစရာ မလိုဘူးတဲ့၊ နောက်ဆုံးတစ်ယောက်ကတော့ ခြောက်ကပ်ကပ်ဆေးခန်းဆိုတော့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို သည်းခံနားထောင်ပေးပါတယ်၊ သေသေချာချာ နားထောင်ပြီးမှပဲ ဆေးခန်းမှားလာတယ်တဲ့၊ ဒီဆေးခန်းကို ညွှန်လိုက်တယ်"

"သူတို့ လမ်းညွှန်တာ မှန်ပါတယ်၊ ကဲ. . . ပျောက်ချင်ရင် ဒီကုတင်ပေါ်မှာ ခဏလှဲမယ်၊ လာဗျာ. . . ပျောက်စေရမယ်၊ မလှဲခင်. . ရော့. . အဲ့ဒီဆေးပြားလေး သောက်လိုက်၊ ဒီမှာ. . ရေ၊ ဟုတ်ပြီ. . . သောက်ပြီးရင် ခဏလှဲမယ်"

အိပ်မွေ့ချနည်း မကျွမ်းကျင်သေးသော ပါစံတစ် ဖီနိုတစ်ပြား စစ်ကူ၍ လူနာကို ကုတင်ပေါ်တွင် အိပ်ပျော်စေလိုက်သည်။ လူနာအိပ်ပျော်သွားမှ သကြားပုလင်းကြီးကိုင်၍ မြင်ကွင်း (ကင်မရာအင်ဂယ်)ထဲ ပြန်ဝင်လာသည်။

အခန်းအနံ့အပြား ဟိုနားနည်းနည်း သည်နားနည်းနည်း သကြားတွေ လိုက်ဖြူးသည်။ သူ့စားပွဲပေါ် လည်း ဖြူးသည်။ စားပွဲပေါ် သကြားပုလင်းတင်ပြီး ကုန်းကုန်းကွကွနှင့် သကြားဖြူးဒေသတွေကို လိုက်လံစစ်ဆေးနေသည်ကို မြင်နေရပြန်သည်။ သေချာအောင် အပြန်ပြန်အလှန်လှန် စစ်ဆေးနေပုံကို ဒေါက်တာပါစံတစ် ပုံရိပ် တဖျတ်ဖျတ် နေရာစုံ ရွေ့ပြခြင်းဖြင့် သိသာစေသည်။ သကြားပုလင်းကို စားပွဲအောက် သွင်းလိုက်၏။

နောက်တစ်ကဒ်က လူနာမျက်လုံး ပွင့်လာပုံဖြစ်သည်။ ခပ်ကြောင်ကြောင် မျက်ဝန်းများဖြစ်သည်။ ဟိုသည် ပတ်သည် လှည့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . ကိုပေါက်စ နိုးပြီလား၊ နိုးနိုးချင်းပဲ ခင်ဗျားကို သတင်းကောင်းပေးရဦးမယ်၊ ဟောသမှာဗျာ. . . ခင်ဗျားနှာထဲက ပြန်ထွက်လာတဲ့ ပုရွက်ဆိတ်လင်မယား"

ပုလင်းထဲထည့်၍ အဖုံးပိတ်ထားသော ပုရွက်ဆိတ် အရှင်နှစ်ကောင်ကို ဒေါက်တာပါစံတစ်က ဂုဏ်ယူဝံ့ကြွားစွာ ပြသသည်။ ကိုပေါက်စက ပြူးကြောင်ကြောင် ကြည့်နေသည်။

"ဟဲ. . ဟဲ. . သူ့သားသမီး မြေးမြစ်တီကျွတ်တွေတော့ ကျွန်တော် အခုပဲ တံမြက်စည်းစာ ကျွေးပစ်တယ်၊ ကွေးနေအောင် ပြေးကုန်ကြပြီ၊ ဟိုကြမ်းခင်းပေါ်မှာ တစ်ကောင်နှစ်ကောင်တောင် လက်ကျန်ရှိသေးတယ်. . ဟေး. . ဟေး၊ ကဲ. . . ဘယ်ကောင်က ခင်ဗျားဦးနှောက်ကို ကိုက်စားဦးမလဲ"

"ဟား. . ဟား. . ဟား. . ဟား"

ကိုပေါက်စက ဟက်ဟက်ပက်ပက် ထရယ်သည်။

ဒေါက်တာပါစံတူး လိုက်ရယ်ရကောင်းနိုး ဟန့်ရကောင်းနိုး ဝေခွဲမရစွာ ကြောင်အမ်းကြည့်နေသည်။ ရယ်၍ ဝလောက်ရှိမှ. . .

"ဒီမယ်ဆရာဝန်၊ ခင်ဗျားက ကျုပ်ကို အရူးလုပ်တာ ကျုပ်မသိဘူး ထင်နေလား၊ ခင်ဗျားတိုက်တဲ့ဆေးမျိုး ငါးလုံးတောင် ကျုပ်ကို တိုးတာမဟုတ်ဘူးဗျ၊ ကျုပ်အိပ်ပျော်တယ် ထင်နေလား၊ အိပ်ချင်ယောင်ဆောင်နေတာ ခင်ဗျားပုရွက်ဆိတ်နှစ်ကောင် ဖမ်းပြီး ဒီပုလင်းထဲထည့်တာ ကျုပ်မမြင်ဘဲ နေမလား၊ အရူးမှ မဟုတ်တာ. ."



www.burmeseclassic.com

www.burmeseclassic.com



"မ. . မဟုတ်ပါဘူးဗျ. . . ခင်ဗျားခေါင်းထဲက"

"ဘယ်ကလာဗျာ. . ဟိုစားပွဲအောက်မှာ သကြားပုလင်းကြီး ခင်ဗျားဝှက်ထားတယ်၊ ဒီဆရာဝန် အရှုးပဲ အရပ်ကတို့ရေ သူ့ကုထုံးက သကြားဖြူးနည်းပါတဲ့ဗျာ"

လူကြားအောင် အော်နေ၍. . .

"နောက်တစ်နည်း ရှိသေးတယ်ဗျ"

"ဘာနည်းလဲ. . . ခင်ဗျားခွဲစိပ်ပေးနိုင်မှာလား၊ ကဲ. . ပြော"

"မဟုတ်ဘူး. . . ဖိနိုခြောက်လုံး ဒါမှမဟုတ် ခုနစ်လုံး ပေးတဲ့နည်းပဲ ရှိတော့တယ်"

"အရှုး. . . ကျုပ်ကို ခွဲစိပ်ပေးမယ့်လူပဲ ရှာတော့မယ်၊ ကျုပ်မှာ ထင်းပေါက်တဲ့ပုဆိန် ရှိတယ်. . ပြန်ယူဦးမယ်၊ အား. . ကျွတ်. . ကျွတ်. . အား"

နားထင်ကို တအားအား နှိပ်ရင်း. . .

ဆေးခန်းက ထွက်သွားသော ကိုပေါက်စ ကျောပြင်ကို လှမ်းကြည့်ရင်း မျက်လုံးပြူး၍ ဒေါက်တာပါစံတစ် သက်ပြင်းချသည်။ ခေါင်းခပ်ဖြည်းဖြည်း ယမ်းသည်။

ဟဟ. . အာ. . အာ. . ကိုက်တယ်ဗျ. . အအ. . ။ သည်တစ်ခါ အော်သူက သူကိုယ်တိုင်၊ သကြားပုလင်းကနေ သူ့ ဘောင်းဘီထဲ ပုရွက်ဆိတ်အနီအုပ်ကြီး မွစာကြဲအောင် ဖြန့်တက် လာပုံရပါသည်။ ဒေါက်တာပါစံတစ် အကြိုအကြားများ တစ်စစ် အကိုက်ခံနေရသဖြင့် ဘရိတ်ဒန့် အမြန်ကနေပုံနှင့် နောက်ခံတီး



www.burmeseclassic.com

www.burmeseclassic.com



ထုံးပါ လိုက်ဖက်အောင်ထည့်ရင်း ကောက်ကွေးတွန့်လိမ်နေသော ပုံသေနှင့် ကဒ်သွားသည်။

ဟင်း . . ဟင်း . . ။ သူရယ်မောရ၍ နေဖြစ်လေသည်။ တစ်ခန်းရပ် ဟာသဇာတ်လမ်းတိုလေးလို ဖြစ်နေသည်လေ။

အစားကောင်း အသောက်ကောင်း စားရလျှင် ချစ်ခင်သူကို သတိရတတ်သည်တဲ့။ ဟဒယနှလုံး ရွှင်ပြုံးစေသော ရသမြောက်သည့် ဟာသတစ်ခုခုကို ခံစားကြည်နူးရလျှင်လည်း မျှဝေခံစားစေချင်သောသူကို သတိရစေတတ်သည် ထင်ပါသည်။

အင်မတန် သန့်ရှင်းကြည်လင်သော စွဲမက်ဖွယ် အပြုံးချက်နှာလေး စိတ်ထဲ ကွင်းခနဲ ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ဆရာဘရသေ့၏မှာစကားကို နားတွင် ပြန်ကြားလာပြန်၏။

"သမုဒယနဲ့ ပတ်သက်တဲ့ ဘဝအကွေ့အချိုးတစ်ခု အခုရွာအပြန်မှာ သားကြုံရတော့မယ်၊ ပုထုဇဉ်ပီပီ ဘဝအရသာမှာ ကြည်နူးပျော်ရွှင်ပါ . . လိမ္မာပါးနပ်ပါ၊ အရေးကြီးတာက တစ်ဖက်သားရဲ့စိတ်ကို ကြားမြင်ဖတ်ကြားနိုင်တဲ့ သားရဲ့အားသာချက်ကို မသုံးမိပါစေနဲ့၊ သူ့ရဲ့မေတ္တာကို ညှို့ငင်ယူတာမျိုး လုံးဝမဖြစ်ပါစေနဲ့၊ သူ့ရင်ထဲက အလိုအလျောက် ယိုလာတဲ့ သံယောဇဉ်ဆိုတဲ့ တွယ်ငြိမှုနဲ့ မေတ္တာစမ်းရေကိုသာ သဘာဝအတိုင်း ငုံလင့်ပါ"

သာသနာရေး ကိစ္စတစ်ခုနှင့် မြို့တော်သို့ အာဂန္တုအဖြစ် ခေတ္တကြွချီလာသော ဘရသေ့ကို ကားဂိတ်သို့ ထွက်ပါနိုး ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုစဉ် မိန့်မြွက်ခဲ့သော အမှာစကားဖြစ်ပါသည်။

ဘရသေ့ မှာကြားတဲ့အတိုင်း သားရဲ့စိတ်ပညာနဲ့ သူ့နှလုံးသားကို ဗိုလ်မကျခဲ့ပါဘူးဖရာ့။ ကား SITTING PLAN ကိုကြည့်ပြီး ကွန်ပျူတာမှာ သူ့ဓါတ်ပုံလေး တွေ့မိကတည်းက တစ်ခုခု ဖြစ်မိတာကို အပြစ်ရှိတယ်လို့ ဆိုမလားဖရာ့။ သူ့ထိုင်ခုံဘေးနား ကပ်ကျအောင် လက်မှတ်ဝယ်မိတာကော အပြစ်ရှိပါသလားဖရာ့။ ရင်တခုန်ခုန်နဲ့ သူ ကားပေါ်ကို တက်လာတာ တစ်ချက်လှမ်းကြည့်ပြီးတော့ အရက်မူးပြီး အိပ်နေတဲ့ပုံစံ လုပ်ပစ်လိုက်ပါတယ်။

"ကာလနဂါးမကြီးရဲ့ ဘယ်နှစ်ဥမြောက်က ပေါက်တဲ့ သဘောက်သားပါလိမ့်"

တဲ့ သူမအတွေးကို နားနဲ့ဆတ်ဆတ် ကြားပါတယ်။

ဆရာသခင့်စကားကြောင့် ချစ်သားငယ် ဘာမှမတုန့်ပြန်ခဲ့ပါ။ ပြီးတော့ တကယ်အိပ်မောကျသွားပါတော့တယ်။ ဆရာရသေ့ကို ပြုစုရင်း မအိပ်မနေ ပညာယူလေ့ကျင့်ခဲ့တာလည်း ပါ,ပါတယ်။

ဆန်းကြယ်တာက အိပ်မက်ထဲမှာ သူမပြောနေတာတွေ အကုန်ကြားနေခဲ့ရခြင်းပါပဲ။ ဆံညှပ်လာညှပ်တာတော့ မသိလိုက်ပါဘူး။ သူ့ဟာမှန်း သေချာသွားတော့ ပျော်လိုက်တာလေ။ သားမျက်နှာကိုတောင် မမြင်ဖူးသေးဘဲနဲ့ သူ သားအပေါ်မှာ စေတနာ တစ်စုံတစ်ရာရှိနေကြောင်း ပေါ်လွင်နေတာမို့ ကြည်နူးလိုက်ရတာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူစားချင်နေတဲ့ငပိ ကျွေးမိတာလည်း ရိုးရိုးသားသား သူ့စေတနာကို တုံ့ပြန်တာပါ။ အကြံအဖန်နဲ့ဝင်တာ မဟုတ်ရပါ။ ကိုယ်စောင့်နတ် သိပါလိမ့်မယ်။ ကောင်းဘွိုင်မှာ သေနတ်သွား ပစ်တာကလည်း သား ကစားနေကျမို့ပါ။ သူလိုက်လာမယ်လို့ လုံးဝမထင်ထားခဲ့ပါ။ သူစိတ်ပူနေပုံလေး ချစ်စရာကောင်းလိုက်တာ။ အို့ . . ဒါဟာ ပုထုဇဉ်ဘဝရဲ့ တကယ့်အနှိုင်းမဲ့ အရသာပါလား အဘရေ။

ဘူဒိတလှိုဏ်ဂူထဲမှာတော့ သူ့ကို ထွေးပွေ့ထားချင်တဲ့ စိတ်ကို တော်တော်ကြီးစားမျိုသိပ်ခဲ့ရပါတယ်။ ဘဝမှာ စိတ်အစဉ်ကို ထိန်းသိမ်းရအခက်ဆုံး ကာလတစ်ခုကို ဖြတ်သန်းခဲ့ရတာပါပဲ။ အချစ်စိတ်ဆိုတာ ကိုယ်စိတ်နှစ်ပါးလုံးကို ဇရမ်းပတာ ဟန်ချက်ပျက်စေတဲ့အရာပါလားဆိုတာကိုလည်း တွေ့လိုက်ရတာပါပဲ။

ပျားရည်ဝိုင်ရဲ့ စိမ့်ပျံ့မှု လွင့်လွင့်မူးမူးမှာ ကြည်ကြည်နူးနူး သီချင်းဆိုပြနေတဲ့ သူမရဲ့အနုပညာကိုယ်ခံအား ရှိပုံကိုလည်း လိုက်ခုန်စွာပဲ ခံစားရပါတယ်၊ ဆိုတဲ့သီချင်းကလည်း ချစ်ရည်းစားထားချင်တယ်တဲ့။

ရှေးအဆိုတော်ကြီး ဖွားဖွားပိုးဒါလီသိန်းတန်ရဲ့အသံထက် သာယာတယ်လို့ ခံစားရပါတယ်။ အားကျမခံ . . ဖိုးဖိုးအငဲရဲ့ "နူးညံ့တဲ့အမိန့်တော်အတိုင်း"ကို ပြန်ဆိုပြအပြီးမှာတော့ သူကလေး တိမ်တွေပေါ် လွင့်မျောပြီး အိပ်မက်လား ဝကယ်လား ရောထွေးသွားပုံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ယောက်လို အိပ်ပျော်သွားပုံလေးက အပြစ်ကင်းလွန်းပါတယ်။ ထိုင်ခုံကို ပြင်ပေး၊ စောင်ခြုံပေးပြီး ဆံစလေးတွေ ဝဲကျနေတဲ့ နဖူးပြင်လေးကို မွှေးကြူမိတာတော့ အပြစ်ရှိတယ်ဆိုရင်လည်း မဟာတာပိန္နင်ရဲထိ ချပစ်ပါတော့ အဖရေ။

"ဆရာ. . . နေ့လည်စာ အသင့်ဖြစ်ပါပြီခင်ဗျာ"

"ဩော်. . . အေး"

သူ့အတွေးကို တပည့်ကျော်က နေ့လည်စာနှင့် ဖလင်ဖြတ်ရင်း ကဒ်ဟု လာအော်သည်လေ။

တေဇောခါတ်
အာပေါခါတ်
ဝါယောခါတ်
မျှတပေါင်းစပ်
ရင်မြေအရပ်၌
ပထဝီခါတ်လေး
လိုအပ်သလို
ရောက်ရှိကြွချီ
မေတ္တာပန်းကို ဖွင့်လေပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ငြိမ် သက်နေသော စိတ်အာရုံကို . အဆုံးအစမဲ့ ကြေဝဋ္ဋာ ဟင်းလင်းပြင်၏ နက်ရှိုင်းသော အမှောင်ထုထဲ သို့ လွှင့်တင်ထားခဲ့သည်။ ခါတ်ကြီးလေးပါးနှင့် ကင်းလွတ်နေရသော စိတ်ဝိညာဉ်၏ဖြစ်တည်မှုသည် အေးချမ်းသော ဝိမုတ္တိ အရသာ ထူးနှင့် တန့်တည်နေ၏။

ဟိုးအဝေးက အစက်အပြောက်သာဖြစ်သော အလင်း စက်ကလေးကို ရှင်းခနဲ အနီးကပ် ဆွဲယူကြည့်လိုက်မိသည်။ နေ



www.burmeseclassic.com

www.burmeseclassic.com



စဉ်စုတစ်ခုဖြစ်၏။ လှည့်ပတ်နေသော ဂြိုဟ်ကိုးလုံးကိုလည်း လှပစွာ မြင်နေရ၏။ သူ့မျက်စေ့ရှေ့၌ လိမ္မော်သီး အလတ်စားလောက်သာရှိသော ဂြိုဟ်ပြာကြီးက အစိမ်းဖန့်သော အပြာရောင်တွေ တလွင့်လွင့် ထုတ်လွှင့်နေပုံက အနက်ရောင်ပိန်းသော နောက်ခံထဲ ရှုမဝအောင် လှနေ၏။

ထိုစဉ် အသံပါးပါးလေး နားစည်မြေးကို လာတိုး၏။

"ညှိသည် ဆရာ"

သူ မျက်လုံးထိုင်နေသောပုံစံကို ပြုပြင်၍ ထိခြင်းငါးပါးနှင့် ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးပူဇော်သည်။ ငြိမ်းအေးနေသောစိတ်က ခန္ဓာကိုယ်ကြီးကို ဘုရားခန်းမှ မောင်းနှင်ထွက်ခွာစေလိုက်သည်။

ညှိခန်းထဲ၌ အရွယ်လတ် အမျိုးကောင်းသမီးတစ်ယောက် ထိုင်နေသည်။ သူဝင်လာသောအခါ မတ်တတ်ရပ်၍ ပြုံးပြီး ဦးညွှတ်သည်။ သူ မှတ်မိပါသည်။ လွန်ခဲ့သောတစ်လနှင့် (၁၁)ရက်က စိတ်ဝေဒနာရှင်ဖခင်ကို လာပြခဲ့သော အမျိုးသမီးဖြစ်သည်။

"ထိုင်ပါခင်ဗျာ. . ဘယ်လိုလဲ ဒေါ်ရွှေစင်ကောင်းအောင် ဖခင်ကြီး ဦးကောင်းအောင် အခြေအနေ"

"ကျွန်မကို အံ့ဩစေတာ၊ အဲ့ဒါပဲ ဆရာ"

ကော်ဖီလာချပေးသော ပါစံတစ် ပြန်ထွက်သွားမှ ဒေါ်ရွှေစင်ကောင်းအောင် စကားဆက်သည်။

"ဖေဖေ စက္ကူတွေ မဖြဲတော့ဘူး ဆရာ"

"ဝမ်းသာပါတယ်ဗျာ. . ဟင်း. . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်စွာ ပြုံးလိုက်သည်။ ကျေးဇူးတင်သောမျက်နှာနှင့် ဒေါ်ရွှေစင်က ရေးပြီးသား ချက်လက်မှတ်လေး စားပွဲပေါ်တင်ရင်း. . .

"အမှန်အတိုင်း ဝန်ခံရရင် အဲ့ဒီ ဆရာ့ကိုလာပြတဲ့နေ့က ဆရာ့ကုထုံးကို ကျွန်မအားမရခဲ့ပါဘူး၊ ပျောက်မယ်လို့လည်း မယုံကြည်ခဲ့တာ အမှန်ပါပဲရှင်"

"ကော်ဖီသောက်ပါဦး"

ကော်ဖီတစ်ကျိုက်ငုံပြီး ပြောချင်အားကြီးနေပုံနှင့် ပြန်ချသည်။

"အဲ့ဒီနေ့က အကျိုးအကြောင်း ကျွန်မက ပြောပြပြီးပြီးချင်း ဆရာက ဖေဖေ့ကို. . လာ. . ဘာဘ သားနဲ့ ဒီနားလမ်းလျှောက်ရအောင်ဆိုပြီး ပခုံးဖက်ပြီး ခေါ်ထုတ်သွားတယ်လေ၊ ကျွန်မ မြင်နေရတာပဲ၊ ဟိုဘက် ကော်ရစ်ဒါအဆုံးထိ အတူတူလျှောက်သွားတယ် ပြန်လာကြတယ်"

"ရပါပြီခင်ဗျာ. . . ပြန်ခေါ်သွားနိုင်ပါပြီတဲ့. . . ဒါပဲ မှတ်လား"

"ဆရာပြန်ခေါ်ဆိုလို့သာ အိမ်ကို ပြန်ခေါ်ခဲ့ရတယ်၊ အရင်လိုပဲ ဖေဖေနားမှာ ဘာစက္ကူမှ မထားရဲဘူးလေ၊ ဖိတ်စာ သတင်းစာကအစ ချက်လက်မှတ်နဲ့ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေပါအကုန် တစ်စစီ ဖြဲနေကျဆိုတော့ ကျွန်မတို့ ဘယ်လိုမှ မယုံရဲဘူးပေါ့ရှင်၊ အရင်က စက္ကူမဖြဲရရင် လိုက်ကိုရှာတာလေ၊ တစ်ခါတစ်လေ သူဖြဲလို့ရတဲ့ စက္ကူတောင် လက်ထဲကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားပေးခဲ့ရတာမို့. . . ဆရာဆီကအပြန်မှာ သူ စက္ကူလိုက်မရှာတော့ဘူး"

ထိုစဉ် E-mail ဝင်လာ၍ ပါစံတစ် ဝင်လက်ခံသည်။

"ဆက်ပြောပါဦးခင်ဗျ"

"သုံးလေးရက် စောင့်ကြည့်ကြတယ်၊ တစ်ပတ်လောက်ကြာတော့ သတင်းစာအဟောင်းတစ်ခု၊ သူ့အနား မသိမသာသွားထားကြည့်တယ်၊ သတင်းစာကို ကောက်ကိုင်တယ်၊ ကျွန်မတို့ ရင်တထိတ်ထိတ် ချောင်းကြည့်နေကြတာပေါ့၊ သတင်းစာကိုအစအဆုံး ဖတ်တယ်၊ ပြီးတော့ စားပွဲပေါ် ပြန်ချထားလိုက်တယ်၊ဝမ်းသာလိုက်တာ ဆရာရယ်၊ နောက်နေ့တွေ စက္ကူမျိုးစုံ သူ့ဝန်းကျင်မှာ ထားကြည့်တယ်၊ ဘာကိုမှ သူဖြဲမပစ်တော့ဘူး ဆရာ၊အအိပ်အစားလည်း မှန်လာလို့ ဝဝစိုစို ဖြစ်လာတယ်၊ မနက်တိုင်းလမ်းလည်းပြန်လျှောက်လာတယ်"

သူ ကြည်နူးစွာ ကော်ဖီငုံသည်။ ဒေါ်ရွှေစင်က ကော်ဖီမသောက်ဘဲ. . .

"ကျွန်မတို့ မြို့တော်အထိတက်ပြီး စိတ်ရောဂါအထူးကုပေါင်းစုံနဲ့ ပြခဲ့ဖူးပါတယ် ဆရာ၊ ပြန်ဖြစ်တာပဲ. . . ပြန်ဖြဲတာပဲ၊အဲ. . အခု ဆရာနဲ့မှ ပျောက်တာ၊ ဆရာ ဖေဖေ့ကို ဘယ်လိုကုသလိုက်တာလဲ ဆရာရယ်၊ ကော်ရစ်ဒါမှာ အသွားအပြန် ဆရာတို့လမ်းလျှောက်တာ နှစ်မိနစ်တောင် ပြည့်မယ်မထင်ပါဘူး၊ဆရာ့ကုထုံးကို သိခွင့်ရှိရင် သိချင်လို့ပါဆရာရယ်၊ ဆရာ့ကျေးဇူးကြီးလှပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ကော်ဖီကို လက်စသတ်လိုက်သည်။

ပါစံတစ်ကလည်း နားထောင်နေသည်မို့ . .

"သင်ရိုးကုထုံးတွေက လူနာကို အိပ်မွေ့ချမယ်၊ နည်းသုံးလေးမျိုးနဲ့ အိပ်မွေ့ချကြတယ်၊ ခန္ဓာကိုယ်က အိပ်နေပေမယ့် စိတ်ကိုနှိုးထားပြီး အတိတ်ကို ပြန်ခေါ်သွားမယ်၊ ခေါ်နည်းတွေကလည်း အမျိုးမျိုးရှိပါတယ်၊ ထားပါတော့ . . လူနာရဲ့စိတ်ဒဏ်ရာ နက်နက်ရှိုင်းရှိုင်း ရခဲ့စေတဲ့အပိုင်းထိ ရောက်အောင်ခေါ်သွားပြီး ဆစ်ပိုင်းပြီး နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းမေးမြန်းမယ်၊

ဖြောင့်ဖျနည်း အမိန့်ပေးနည်းတွေနဲ့ စိတ်ညှို့ပညာရှင်ရဲ့ ကျွမ်းကျင်မှုဆိုင်ရာ ကုထုံးတွေနဲ့ စိတ်ကို ပကတိအခြေအနေ ပြန်ရအောင် အချိန်ယူပြီး ရှည်ရှည်ဝေးဝေး လုပ်ယူရပါတယ်၊ ဒါဟာ ကုထုံးအဟောင်းတွေပါပဲ၊ ကျွန်တော်က ကုထုံးအသစ်ကို သုံးပါတယ်၊ လိုရင်းကို တိုတိုရှင်းရှင်း ဒက်ခနဲထိတဲ့နည်းပါ. .

အဲ့ဒီနေ့က လမ်းလျှောက်ရင်း မျက်လုံးချင်းဆိုင်ပြီး တစ်ချက်ကျွန်တော်ကြည့်လိုက်တယ်၊ ပြီးတော့ လိုတိုရှင်းပဲ မေးလိုက်ပါတယ်၊ ဘဘအိမ်မှာ ပြဿနာ ခဏခဏဖြစ်နေတာ ဘာဖြစ်လို့လဲဆိုတော့ . . အဘ စက္ကူတွေဖြံလို့တဲ့၊ ရယ်ရယ်မောမော ဖြေပါတယ်၊ သူနဲ့ကျွန်တော် ရင်းနှီးတဲ့မိတ်ဆွေတွေလို ခဏချင်း ဖြစ်သွားပါတယ်၊ ပြဿနာဖြစ်တာ မကောင်းဘူးမှတ်လားဆိုတော့ ဟုတ်တယ်. . မကောင်းဘူးတဲ့၊ သူ ခေါင်းတညိတ်ညိတ် ဖြေတယ်၊ ဒါဆိုရင် စက္ကူတွေ မဖြံနဲ့တော့လို့ ပြောလိုက်တာပါပဲ အဲ့ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ အဲ့လို မဖြဲဖို့ပြောတော့ ဖေဖေက ဘာပြန်ပြောလဲ ဆရာ"

"ဘာမှပြန်မပြောဘူးဗျ"

"ဘာမှပြန်မပြောဘဲနဲ့ ဆရာက ရပါပြီခင်ဗျာ ပြန်ခေါ် သွားနိုင်ပြီလို့ စိတ်ချလက်ချ ပြောနိုင်တာလဲ ဆရာ"

"ဒါကတော့ လျှို့ဝှက်ချက်ကိုသိတဲ့ ကျွန်တော့်ပညာပေါ့၊ ဒေါ်ရွှေစင်. . . ဒီပညာကိုတော့ မပြောပါရစေနဲ့ခင်ဗျာ"

"ဟုတ်ကဲ့ပါရှင်. . . အဲ့ဒီနေ့က ဆရာ့တပည့်ကို ပူဇော် ငွေ ဘယ်လောက်ကျပါသလဲဆိုတော့ လုံးဝမပျောက်မှ လာပေးပါ တဲ့၊ အခု လုံးဝစိတ်ချသွားရပြီမို့ ပိုပိုသာသာ လာကန်တော့တာပါ ဆရာ၊ ကျွန်မကို ခွင့်ပြုပါဦးရှင်"

အပျံစား ရိုးရိုက်စ်ကားကြီး ခြံထဲက ထွက်သွားမှ ပါစံ တစ်က. . .

"ဆရာ အဲ့ဒီတုန်းက ဦးကောင်းအောင်ကို အဲ့ဒီအတိုင်းပဲ ပြောလိုက်တာလား"

"အေးလေကွာ. . . အဲ့ဒါ ကုထုံးအသစ်ပဲ၊ ပဝေရှေးက လို ဇစ်မြစ်ကို လျှောက်လိုက်မနေဘဲ ဒွဲဒိုး အမိန့်ပေးခြင်းကို မိတ်ဆွေချင်း အကြံကောင်းဉာဏ်ကောင်းပေးသလို သူလက်ခံ သွားအောင် ပြောခဲ့တာပေါ့"

"မိုက်တယ် ဆရာ"

"အဲ့ဒါ ငါ့နည်းမဟုတ်ဘူးကွ၊ (၂၀)ရာစုက စိတ်ပညာရှင် ကြီး ဘိုးတော်ဆစ်ဂမန်ဖရွိုက်ရဲ့နည်းကွ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ထိရောက်တာပဲနော်၊ ဒါနဲ့ နေပါဦး ဆရာ၊ အဲ့ဒီ ဦးကောင်းအောင် အိမ်ပြန်ရောက်ရင် စက္ကူတွေ ထပ်မဖြတ်တော့ဘူးဆိုတာ ဆရာက ဘာကြောင့်သေချာနေခဲ့တာလဲ"

"ဒါကတော့ ဒီလိုပေါ့ကွာ၊ မင်း ဒီထက် ရင့်ကျက်လာမှ ငါသင်ပေးမယ်"

သူ ပါစံတစ်ကို ဒါပဲပြောလိုက်သည်။ ပါစံတစ် မကြားနိုင်သော သူ့စိတ်ထဲက စကားတွေကတော့. . .

"လေ့ကျင့်ထားတဲ့ ငါ့စိတ်နားထဲ ရှင်းခနဲ ကြားလိုက်တာက ဦးကောင်းအောင်ရဲ့ ရင်တွင်းစကားပဲကွ၊ အင်း. . . ဟုတ်တယ်၊ အိုကြီးအိုမင့်ါကို ဂရုမစိုက်ကြတော့လို့ ဂရုစိုက်လာအောင် တမင်စက္ကူဖြဲခဲ့တာတွေ တော်လောက်ပြီတဲ့. . ဟီဟီ. . တဲ့၊ စိတ်ထဲက ကြိတ်ရယ်သံပါ ငါကြားခဲ့ရတာ နားနဲ့ဆတ်ဆတ်ကြီးလေ"

သူ့စိတ်စကားကို မကြားနိုင်သေးသော တပည့်ကျော် ပါစံတစ်က စကရင်ကို မေးငေါ့ပြရင်း. . .

"ဆရာ. . . ဒီမှာ အီးမေးလ်နဲ့ ဆရာ့ကို ပင့်တာ၊ ဘယ်သူမှမကြားတဲ့ မမြင်တဲ့နေရာမှာ ဆရာနဲ့ နှစ်ယောက်တည်း ဆွေးနွေးပါရစေတဲ့၊ လူသိခံလို့ မဖြစ်လို့ပါတဲ့၊ နေရာ ဆရာရွေးပါတဲ့၊ သူဆွေးနွေးချင်တဲ့ အကြောင်းအရာလည်း ဒီမှာနည်းနည်းဖော်ပြထားတယ်"

သူ မော်နီတာစကင်ပေါ် ဖတ်ကြည့်လိုက်သောအခါ. .

ကျွပ်. .



www.burmeseclassic.com

www.burmeseclassic.com



ခရီးမထွက်ခင်
ကျုပ်သားလေးကို
"ထင်အိန္ဒ" လို့ ကင်ပွန်းတပ်ပြီး
တစ်နှစ်မြောက် မွေးနေ့ပွဲကို
ခမ်းခမ်းနားနား ကျင်းပပေးခဲ့တယ်။
ကျုပ် အိမ်ပြန်လာတော့
ကျုပ်မိန်းမ အာစင်ဒီရဲ့ဗိုက်ထဲမှာ
ကျုပ်သားဟာ ကိုယ်ဝန်အရင့်အမာနဲ့
မွေးတောင်မမွေးသေးဘူးတဲ့။
ကျုပ် တွေးမရ ဖြစ်နေတာ
အဲ့ဒါပဲ...။

အာထင်ကာ"

•

ဒီအီးမေးလ်ကို ဖတ်ပြီးပြီးချင်း ချက်ချင်းဖျက်ပစ်ပါ။ သူ မျက်လုံးအနည်းငယ် ပြူးသွားသည်။

"ဟာ... အာထင်ကာဆိုတာ ကမ္ဘာကျော် မြန်မာ့ အာကာသယာဉ်မှူးပဲ ပါစီတစ်ရေ၊ မဟာ့မဟာ တွေ့ဆုံခန်းပဲကွ၊ ပွဲကြီးပွဲကောင်းတွေ လာပြီထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ပဲနော်ဒသရေအိုင်ကြီးကို အပေါ်စီးမှ မြင်နေရသော တောင်ပတ်လမ်း တစ်နေရာရှိ ရှုခင်းဆင်းကြည့်သောနေရာလေးတွင် သူ ကားထိုးရပ်လိုက်သည်။ အင်မတန်ကြီးမားသော ဝက်သစ်ချပင်ကြီးအောက်ရှိ ခုံတန်းလျားလေးဆီ ဆင်းထိုင်ရင်း ရှုမငြီးနိုင်သော မြင်ကွင်းကြီးဆီ စိတ်ကိုလွှတ်ပေးလိုက်မိသည်။

ဆန်းကြယ်လှသော သဘာဝတရားနှင့် အံ့ဖွယ် ပထဝီအနေအထားနှင့် တည်ရှိနေသော အင်ဖာဗီရွာကိုလည်း အပေါ်စီးမှ သူကြည့်နေမိသည်။ ရွာဟုဆိုသော်လည်း တိုက်တာအိမ်



www.burmeseclassic.com

www.burmeseclassic.com



မြေ ငါးသောင်းကျော်နှင့် ရွာခံနှစ်သိန်းကျော် လူဦးရေရှိသော (ယခင် တိုင်းမြို့တော်ဖြစ်ခဲ့ဖူးသော) ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်သည်။

(လက်ရှိ ယနေ့ခေတ် တရုတ်ပြည် ယူနန်နယ်ရှိ ရှေးဟောင်းမြို့ လီဂျန်းလိုပင် သိပ္ပံလွန်ခေတ်တွင် (၂၀)ရာစုအတိုင်း သီးသန့်ကျန်နေခဲ့သော သို့မဟုတ် တမင်ကျန်အောင်လည်း စည်းစနစ်ကျစွာ ချန်ထားခဲ့သော အင်ဖာဗီရွာဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ အုံ့တစ်ပါးအဖြစ် လာရောက်လည်ပတ်ရန် ခေတ်ဟောင်းယဉ်ကျေးမှုအတိုင်း တသွေမတိမ်းခင်းကျင်းထားသည်။ အင်ဖာဗီမှာ F.R.V မှ လာသည်။ FLOATING ROCK VILLAGE ကျောက်ပေါလောရွာဟု အဓိပ္ပာယ်ရပါသည်။ စာရေးသူ။)

ရှေးလူကြီးသူမများနှင့် ဘူမိဗေဒပညာရှင်များ၏ မှတ်ချက်စကားအရ အင်ဖာဗီသည် ယခင်က မထင်မရှား ရွာသိမ်ရွာလေးတစ်ခုအဖြစ် ကျောက်တောင်တွေကြားတွင် ရှိခဲ့သည်။ ရွာ၏မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မိုးမခတောင်သည် ငလျင်ဒဏ်ကြောင့် မထင်မှတ်ဘဲ ပေါက်ကွဲပြီး တစ်တောင်လုံး မြေကြီးထဲကျုံ့ဝင်သွားပြီး ရေမချိုင့်ဝှမ်းကြီး ဖြစ်သွားခဲ့သည်တဲ့။

ရွာတစ်ဝက်ခန့် ပါသွားခဲ့သည်တဲ့။ မိုးမခတောင်၏ အမြင့်ဆုံး ကျောက်ဆိုင်ကြီးလည်း ပြတ်ရွေ့ကာ ထိုရေမချိုင့်ဝှမ်းကြီးထဲ ထိုးစိုက်ဆင်းခဲ့သည်တဲ့။ နှစ်ပေါင်းကြာလာသောအခါ ထိုချိုင့်ဝှမ်းကြီးက ရေချိုကန် (မနောဒသ)ဖြစ်လာပြီး ရေမ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆိုင်ကြီးက ရေထဲပေါလောပေါ်နေသလို အံ့မခန်း ဆန်းကြယ်စွာ ရေအိုင်အလယ်တွင် တည်ရှိလာခဲ့သည်တဲ့။

ကျောက်ဆိုင်ကြီး၏မျက်နှာပြင်သည် ဧက(၂၀)ကျော် ကျယ်ဝန်းသည့် ပြန့်ပြူးသည့် ကျောက်ဖြာကြီးအဖြစ် ရေမျက်နှာ ပြင်၏အထက် ပေ(၁၈၀၀)ကျော်တွင် ရှိနေခြင်းဖြစ်သည်။

ရှေးမြန်မာတို့က မရရအောင်ပင် ဘုရားတက်တည်ခဲ့ကြ ၍ ကျော်ပေါလောစေတီဟု ကျော်ကြားသည်။ ထူးဆန်းသည်က လပြည့်လကွယ် ညဥ့်သန်းခေါင်နှင့် နေမွန်းတည့်ချိန်များတွင် ရင်ပြင်တစ်ခုလုံး တသိမ့်သိမ့် ယိမ်းထိုးလှုပ်ခါလေ့ရှိခြင်းဖြစ် သည်။

ကျောက်ပြား ဧရာမပုခက်ကြီး စီးရသောအရသာကို ဘုရားဖူးတိုင်း တစုတဝေး ပေးပေးဟားဟား ခံစားရခြင်း နှစ် သိမ့်ပီတိဖြစ်ရခြင်းနှင့် ထိုအချိန်၌ လိုရာဆုတောင်းပြည့်ခြင်းသည် အင်ဖာပီရှာနှင့် ကျောက်ပေါလောစေတီ၏ အနှစ်အရသာ ဖြစ် သည်။ ကမ္ဘာ့အံ့တစ်ပါးထဲပါဝင်ရန် ယူနက်စကိုမှ အသေးစိတ် လေ့လာနေသည်တဲ့။

ကမ္ဘာလှည့်များနှင့် ဘုရားဖူးများ အထူးပသာဒ ဖြစ်ရ သည်က ကျောက်တောင်ကြီး၏ အောက်ခြေပတ်ဝန်းကျင်ကို ကြည်လင်စွာ အနီးကပ်မြင်တွေ့နိုင်ရန် တည်ဆောက်ထားသော ရေအောက်ဖန်ပြွန်ပတ်လမ်းတွေဖြစ်သည်။

အထူးသဖြင့်. . . ကြည်လင်စိမ်းဖန့်သော ရေအောက် ကျောက်ပွင့် ကျောက်ခက် ရေညှိရေမှော်စိမ်းတွေကြား၌ ဧရာမ



www.burmeseclassic.com

www.burmeseclassic.com



ရွှေငါးကြီးတွေ အရောင်မျိုးစုံ အကောင်မျိုးစုံ ပုံသဏ္ဌာန်မျိုးစုံ ကူးခတ်သွားလာနေသည့် အံ့ဖွယ်ရေအောက်ကမ္ဘာကို (ဖွက်ထားသော ရောင်စုံဆလိုက်မီးတွေနှင့်) အနီးကပ်ကြည့်ရခြင်း၌ ပါးစပ်အဟောင်းသားနှင့် ပြင်ပလူ့ကမ္ဘာကို မေ့ကြရတော့သည်။ မေ့မျောတိမ်းမူးဖွယ်ပါပင်။ တပည့်ကျော် ပါစံတစ်က သူ့ရွာကို ဂုဏ်ယူစွာပြောဖူးသည်ကို သူ အမှတ်ရသည်။

"ကမ္ဘာပေါ်မှာ လူလာဖြစ်ပြီးမှ အင်ဖာဗီကို မရောက်ဖူးရင် လူဖြစ်ရှုံးတာပဲဆရာ၊ ကျောက်ဖြာ ပုခက်လှုပ်ချိန်တွေမှာ ကျွန်တော်ရေအောက်ကမ္ဘာထဲ ခဏခဏ သွားကြည့်ခဲ့တယ်၊ ရေအောက် ကျောက်သားကြီးမှာ ကပ်ပေါက်နေတဲ့ရေညှိပင်တွေ တသိမ့်သိမ့် ယိမ်းကနေတာကို ခဏခဏ မြင်ဖူးတယ်၊

ဟုတ်တယ် ဆရာ၊ ရေအောက်ကြမ်းပြင်နဲ့ အဲ့ဒီကျောက်တောင်ကြီးဟာ အဆက်အစပ် လုံးဝမရှိတာ သေချာတယ်၊ ဧကန္တ အဲ့ဒီကျောက်သားထုကြီးထဲမှာ ရောမ ဂူကြီးတစ်ခုရှိပြီး လေခိုနေလို့ရင်လည်း ဖြစ်မယ်၊ ရေထဲ မြုပ်နေတဲ့အပိုင်းကို ဝိုင်းဖိ ညှပ်ထားတဲ့ ကန်ရေဖိအား ညီမျှနေတာရင်လည်း ဖြစ်မယ်၊ ဒါက သိပ္ပံပညာပေါ့၊ ကျွန်တော်ကတော့ ဗုဒ္ဓပီပီ ဗျာဋ္ဌိဟာကို ယုံတယ် ဆရာ၊ ဒါ ဗုဒ္ဓရဲ့ဗျာဋ္ဌိဟာ တန်ခိုးတစ်ခုပဲ. . ဟဲ. . ဟဲ၊ အင်ဖာဗီရွာသားနဲ့ ဗုဒ္ဓဘာသာဖြစ်ရတာ အလိုလို လူဖြစ်ကျိုးကို နပ်နေတာပဲ"

"ဒါပေမယ့်ကွာ. . . နိုင်ငံခြားငွေ လိှမ့်ဝင်တဲ့ မင်းတို့ရွာက စီးပွားရေး အလွန်ကောင်းလာတော့ သူစိမ်းတွေ ငွေထုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖိုက်ပြီး အကြံအဖန်နဲ့ ဝင်လာတာပေါ့ကွာ၊ ရွာခံရဲ့ဆွေမျိုးရင်းချာမှ အခြေချခွင့်ပေးမယ်ဆိုတဲ့ ဥပဒေနဲ့ စီစစ်လက်ခံပေမယ့် (၂၀)ရာစုအမွေဆိုးက ပါလာတယ်လေ၊ ကမ္ဘာပေါ်မှာ လာဘ်ပေးလာဘ်ယူ ပပျောက်သွားပေမယ့် မင်းတို့ရွာမှာ ထုံးစံအတိုင်းရှိနေတုန်းပဲ၊ ဒါကြောင့်ပဲ အိမ်ဈေးမြေဈေး အိမ်ခန်းငှားခတွေ ခေါင်ခိုက်နေတာပေါ့။ မြို့ပေါ်က ဆင်းရဲကျပ်တည်းတဲ့ ဌာနေတွေ အိမ်မြေရောင်းပြီး လယ်ကွင်းတွေထဲ ရောက်ကုန်တာပေါ့ကွ"

သူလည်း ပကတိအခြေအနေကို သူမြင်ရသလို ပြန်ပြောခဲ့သည်ကို မှတ်မိနေသည်။

ကန်ရေပြင်ကိုဖြတ်၍ တောင်ပေါ်တက်လာသော ရေငွေ့ပါသည့်လေကို အဆုတ်ထဲ အားပါးတရ ရှိုက်သွင်းလိုက်စဉ် သူရပ်ထားခဲ့သော ကားဘေးသို့ တက္ကစီတစ်စင်း ထိုးစိုက်လာသည်ကို လှမ်းမြင်လိုက်ရသည်။

လောင်းကုတ်နှင့် လူလတ်ပိုင်းတစ်ယောက် ကားနောက်ခန်းက ဆင်းလာသည်။ ဘေးဘီကို အကဲခတ်ရင်း ရပ်ထားသော သူ့ကားကို ကြည့်သည်။ မတ်တတ်ရပ်ရင်း ဦးညွှတ်ပြလိုက်သော သူ့ကို လှမ်းမြင်ပုံရသည်။ ခပ်အေးအေးပင် လောင်းကုတ်ထဲ လက်ထိုးထည့်၍ သူ့ဆီ ဦးတည်လျှောက်လာသည်။ ခန့်ညားတည်ငြိမ်သူပါပင်။

"အင်ဖာဗီရွာ၌ လျှို့ဝှက်လာခိုနေသော အာကာသ သူရဲကောင်းကြီး အာထင်ကာ"

သူကပင် တရိုတသေ လက်အရင်ကမ်း၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒိုင်ယံပါခင်ဗျာ၊ တွေ့ခွင့်ရတာ ဝမ်းသာပါတယ်"

"ဝမ်းသာပါတယ်. . ကျုပ်အာထင်ကာပါ ကျုပ်လို့ ပြောလို့ရပါတယ်နော်"

"ရပါတယ်ခင်ဗျာ. . . ထိုင်ပါ"

ပြိုင်တူပင် ထိုင်လိုက်ကြသည်။

သူက ဘာစကားမှ စမပြောဘဲ သူ့ပေးရှင့်နှင့် ရောက်ရှိနေသောပတ်ဝန်းကျင်ကို သဟဇာတဖြစ်သွားအောင် အချိန်ပေးထားလိုက်သည်။ ဤသည်မှာ အရေးကြီးသောကဏ္ဍ၌ ပါဝင်သည်။ ပေးရှင့်၏စိတ်အာရုံကို ငြိမ်းချမ်းအေးမြသော သဘာဝမြင်ကွင်းထဲ ပျော့ပါးလွတ်လပ်စေလိုက်ခြင်းလည်းဖြစ်ပါသည်။

အနည်းဆုံးတော့ စိတ်ထဲကြည်လင်လန်းဆန်းသွားခြင်းလည်း ဖြစ်ပါသည်။ ပြီးတော့ လျှို့ဝှက်စွာ ပေးရှင်းစိတ်ထဲက ဘာမြည်နေသလဲဆိုတာလည်း သူ့နားဖရီကွင်စီကို မြှင့်၍ နားစွင့်ရန် ဖြစ်ပါသည်။

ပေးရှင့်၏လက်ကို အသေအချာဆုပ်ကိုင်၍ လက်ခလယ်ချင်း သူ ထိယှက်ဆက်သွယ်လိုက်ပြီးလည်းဖြစ်သည်။ သူ့အာရုံကို ငြိမ်ဆိတ်စေလိုက်၏။

ဟော. . . ခပ်သဲ့သဲ့ စကြားရပြီ။

"သာယာလိုက်တဲ့နေရာလေး. . . စိတ်ထဲကို အေးချမ်းသွားတာပဲ၊ ဒီကလေး နေရာရွေးမှန်တယ်၊ အင်း. . . ငါထင်တာထက် အများကြီး ငယ်ရွယ်နုပျိုနေတဲ့ ဒီလူချောလေးပဲ PSY-



www.burmeseclassic.com

www.burmeseclassic.com



CHOLOGIST လား၊ PSYCHIATRICT လား၊ သူ့ကို ယုံကြည်ရပါ့မလား၊ ဖွင့်မေးရင် ရိုင်းရာများ ကျနေမလား"

အခင်းအကျင်းကို သူဘက်က အလွယ်ဆုံး စတင်နိုင်ပါပြီ။ ယုံကြည်မှု တည်ဆောက်ခြင်းဖြစ်ပါသည်။ သူ့ဘက်က ရိုးသားမှုနှင့်ပင် သည်ပညာတတ် သိပ္ပံသမားကြီးကို သိမ်းယူရပါလိမ့်မည်။

"ရိုးရိုးသားသားပဲ ကြိုတင်ဝန်ခံထားချင်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ PSYCHOLOGIST လည်း မဟုတ်ပါဘူး၊ PSY-CHIATRICT လည်း မဟုတ်ပါဘူးခင်ဗျာ၊ စိတ်ပညာအဓိကနဲ့ ကျောင်းတက်ရင်း ဘွဲ့လွန်သင်တန်းကာလမှာပဲ ရှင်ရသေ့တစ်ပါးနဲ့ ဟိမဝန္တာကို ပါသွားလို့ ဘွဲ့မရခဲ့ပါဘူး၊ ဒါကြောင့် စိတ်ပညာပါရဂူ မဟုတ်သလို စိတ်ရောဂါဆရာဝန်လည်း မဟုတ်ပါဘူး"

သူ့ကို အာထင်ကာ လှည့်ကြည့်ရင်း နှစ်လိုဖွယ်ပြုံးသည်။ အာထင်ကာ၏မျက်လုံးကိုတော့ အနီးကပ် စူးခနဲ စိုက်ကြည့်ရင်း ရင်ဖွင့်စမ်း . . အကုန်ပြောစမ်း . . စွမ်းသမျှ ကူညီမယ်ဟု အမိန့်ပေးလိုက်မိသည်။

"ကျွန်တော့်ကို မိတ်ဆွေရင်းလို ပွင့်ပွင့်လင်းလင်း ယုံယုံကြည်ကြည် ရင်ဖွင့်ပါ . . . တိုင်ပင်ပါခင်ဗျာ"

အာထင်ကာ ကျောက်ပေါလောစေတီကို ငေးရင်း အတွေးကို သူကြားရပြန်သည်။

"သူ ငါ့စိတ်အတွေးကို သိနေပုံပဲ၊ ဖေဖေ ပြောသလို မှန်နေပြီ၊ အဲ့ဒီ ဒိုင်ယံဆိုတဲ့ကလေးဟာ ဂျီးနီးယပ်စ် စိတ်ပညာ ပါရမီ



www.burmeseclassic.com

www.burmeseclassic.com



ရှင်လေးတဲ့၊ ငါ့အရေးကို ဖြေရှင်းပေးနိုင်ပါစေကွာ”

တိမ်ခိုးလား ရေခိုးလား မသိသော အခိုးငွေ့တန်းက ကျောက်တောင်ကြီး၏ခါးလယ်ကို ဖြတ်သန်းသည်။ ကျောက်တောင်ပေါ်က တွဲကျနေသော ရှားပါးသစ်ခွပန်းတောကြီးကို ငွေဖျိုင်းဖြူတစ်အုပ် ဖြတ်သန်းနေပုံက လှလွန်းသည်။

“ကျုပ်ပြောခဲ့သလိုပါပဲ. . . ကျုပ်ခရီးမထွက်ခင် ကျုပ်အင်မတန်ချစ်တဲ့ သားလေးကို ထင်အိန္ဒလို့ ကင်ပွန်းတပ်ပြီး မွေးနေ့. . အဲ. . တစ်နှစ်မြောက်မွေးနေ့ပါ။ တခမ်းတနားကို ကျင်းပပေးခဲ့တာပါ။ ကျုပ်ပြန်လာတော့ သားက မွေးတောင်မမွေးသေးဘူး၊ ကျုပ်ချစ်ဇနီးက ကိုယ်ဝန်အရင့်အမာကို ဆောင်ထားတုန်းပဲ၊ ကျုပ်နေရာက ဝင်တွေးကြည့်၊ ဘယ်လိုခံစားရမလဲဆိုတာ၊ ဒီအဖြစ်ဆန်းကြီးကို ကျုပ် ဘယ်သူ့ကိုမှလည်း ပြောမပြရဲဘူး၊ ဘယ်သူမှလည်း ယုံမှာမဟုတ်ဘဲ”

အာထင်ကာ အကြာကြီး တိတ်ဆိတ်သွားပြန်သည်။

“ဦးလို့ ခေါ်မယ်နော်”

“ရပါတယ်. . . ခေါ်ပါ”

“ဦးက ဘယ်ကို ခရီးထွက်ရတာလဲ”

“အာကာသထဲကိုပေါ့. . . ကွမ်တမ်သီအိုရီနဲ့ ရီလေတီဗရီ သီအိုရီတွေအရ အလင်းလောက်မြန်တဲ့ယာဉ်ကို ဖင်ခုထိုင်ပြီး ဒီကမ္ဘာက ထွက်သွားတဲ့သူဟာ ရက်ပိုင်းသာ အာကာသထဲမှာ ကြာပါစေ၊ ပြန်လာရင် ဒီကမ္ဘာဟာ နှစ်ချီပြီး အိုမင်းသွားရမှာပေါ့၊ ဒါဟာ အရပ်စကားနဲ့ ရှင်းအောင်ပြောပြတာပါ၊ ခုတော့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတဲ့ကမ္ဘာဟာ အိုမင်းမသွားဘဲ အရင်ထက် နုပျိုနေတယ်လေ၊ တစ်စုံတစ်ရာဟာ အကြီးအကျယ် မှားယွင်းနေပြီ”

အလွန်စိတ်ဝင်စားဖွယ်အချက် ဖြစ်သည်နှင့်အညီ. . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဦးနဲ့ ခရီးဖော် အာကာသ သူရဲကောင်း ဘယ်နှယောက် ပါသေးလဲခင်ဗျ"

"ဘယ်သူမှ မပါဘူး၊ တစ်ယောက်စီး ဝိသေန လွန်းပျံယာဉ်နဲ့ ဦးတစ်ယောက်တည်း ပျံသန်းတဲ့အစီအစဉ်ပါ"

"ခရီးစဉ်ရဲ့ရည်ရွယ်ချက်ကတော့. . ."

"MILKY WAY ကြယ်စုကြီးရဲ့အလယ်ဗဟိုကို လေ့လာဖို့ပါ"

"အဲ့ဒီကိုတော ရောက်ခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ခင် မတော်တဆတစ်ခု ဖြစ်ခဲ့တာပဲ၊ SECOND JUMP ခုန်အပြီးမှာပေါ့"

"အဲ့ဒီ JUMP ဆိုတာက ဘာလဲခင်ဗျ"

"JUMP ဆိုတာ ရိုးရိုးလောင်စာအားနဲ့ မောင်းနှင်နေရာ တနေ အလင်းနှုန်းရဲ့ (၂. ၆)ဆနဲ့ ခုန်တာကို ခေါ်တာပါ"

"ဘယ်လို မတော်တဆ ဖြစ်တာလဲခင်ဗျာ"

"အဲ့ဒါက အထူးလျှို့ဝှက်နော်၊ အာကာသဗြူရိုကလည်း ဒီသတင်းကို လုံးဝမထုတ်ပြန်ဘူး . . . စစ်ဆေးဆဲပါပဲ၊ ဖြစ်ပုံက အဲ့ဒီ ဒုတိယအကြိမ်ခုန်ပြီး ပုံမှန်နှုန်းနဲ့ မောင်းနှင်နေစဉ်မှာ ယာဉ် ဦးတည်လမ်းကြောင်းပေါ်မှာ မျှော်လင့်မထားတဲ့ ဓါတ်ငွေ့တိမ် တိုက်ကြီးတစ်ခု ပေါ်လာတယ်၊ ရုတ်တရက်မို့ ရှောင်ချိန်မရတော့ ဘူး၊ ဗြူရိုကို ဓါတ်ငွေ့တိမ်တိုက်ကြီးရဲ့ထိပ်ဖျားနဲ့ တိုက်မိပြီးလို့ နောက်ဆုံးသတင်းပို့လိုက်နိုင်တယ်၊

ပြီးတော့ ကျုပ်ရဲ့နှလုံးသည်းပွတ်တွေ ခန္ဓာကိုယ်အပြင် ကို ကျွံထွက်သွားသလိုမျိုး ခံစားလိုက်ရပြီး မှောင်အတိကျသွား တာပါပဲ၊ ဘာတွေ ဘယ်လောက်ကြာသွားမှန်း ဘာဖြစ်မှန်း လည်း လုံးဝမသိလိုက်တော့ဘူး၊ သတိတရား ပြန်ဝင်လာတော့ ကျုပ်ရဲ့ဝိသေနယာဉ်ပျံဟာ ပစိဖိတ်သမုဒ္ဒရာထဲကို ဦးစိုက်ဆင်းနေ ပြီမို့ ခလုတ်ကိုနှိပ်ပြီး ဆင်းသက်ရေးယာဉ်နဲ့ ခုန်ထွက်ရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ဘူး၊ ကျုပ်ရဲ့ ဆင်းသက်ရေးယာဉ် လေထီး မပွင့်ခင်မှာပဲ ယာဉ်ပျံဟာ ရေပြင်နဲ့ ပြင်းပြင်းထန်ထန် ရိုက်ပြီး ဝုန်းခနဲ တစ်စစီ ပေါက်ကွဲမီးလောင်သွားပါတယ်၊ ကံအားလျော်



www.burmeseclassic.com

www.burmeseclassic.com



စွာပဲ သီသီကလေး အသက်ရှင်လိုက်တဲ့ကျုပ်ကို ဗြူရိုက ရေထဲက လာဆယ်ခဲ့ပါတယ်၊ ယာဉ်ပျက်က BLACK BOX ခေါ်တဲ့ မှတ်တမ်းသေတ္တာတောင် ပြန်မရတော့အောင် ပျက်စီးသွားပါတယ်"

ယာဉ်မှူးဟောင်း အာထင်ကာသည် မောသွားသည့်ဟန်ဖြင့် ခဏနားရင်း လေကို တဝရှူရှိုက်နေသည်။ ကားထဲက သူ အသင့်ယူလာသော ကော်ဖီကို တစ်ငုံသောက်သည်။

"ဗြူရိုမှာ ထုံးစံအတိုင်း ဦးကိုဆေးစစ်တယ် မဟုတ်လား၊ ဘာထူးခြားလဲခင်ဗျ"

"ဆေးစစ်ချက်က ထူးခြားတာ ဘာမှမတွေ့ပါဘူး၊ အားလုံးပုံမှန်ပါပဲ၊ ထူးခြားနေတာက ကျုပ် နောက်ဆုံးပေးပို့ခဲ့တဲ့ သတင်းပါပဲ၊ ဓါတ်ငွေ့တိမ်တိုက်ကြီးရဲ့ထိပ်ဖျားနဲ့ ဝိသေနယာဉ် တိုက်မိတော့မယ်လို့ သတင်းပို့ခဲ့တာပါ၊ ဗြူရိုမှာ လက်ခံရရှိထားတဲ့ သတင်းက ဓါတ်ငွေ့တိမ်တိုက်ရဲ့အမြီးပိုင်းနဲ့ ဝိသေနယာဉ် တိုက်မိတော့မယ်လို့ ဖမ်းယူရရှိထားတယ်. . မဟုတ်ဘူး၊ ဓါတ်ငွေ့တိမ်တိုက်ရဲ့ထိပ်ဖျားလို့ ငြင်းကြည့်ပါသေးတယ်၊ သူတို့က ပြန်ဖွင့်ပြတယ်၊ ကျုပ်အသံပါပဲ၊ ဓါတ်ငွေ့တိမ်တိုက်ရဲ့အမြီးပိုင်းဖြစ်နေတယ်၊ ကျုပ် ငြင်းမရပြုမရ အံ့ဒီမှာ သံသယ မသိမသာ စဖြစ်ခဲ့တာပါပဲ"

ကော်ဖီငုံရင်း ငြိမ်သက်နေပြန်သည်။ မတ်တတ်ရပ်၍ ဟိုသည် ခဏလမ်းလျှောက်သည်။ သက်ပြင်းချရင်း ပြန်ထိုင်သည်။

"အာကာသဗြူရိုဥက္ကဋ္ဌကြီး ဘတ္တလိပာ ကျုပ်ကို သား



www.burmeseclassic.com

www.burmeseclassic.com



အရင်းလို ချစ်ခင်တဲ့သူပါ၊ သူ့ကို ရွာခဏပြန်နားဖို့ သွားနှုတ်ဆက်ခဲ့ပါတယ်၊ သူက ဘာပြောလဲဆိုတော့ ငါ့သားရဲ့မှတ်ဉာဏ်ဟာ သာမန်အိုင်ကျူမြင့်သူတွေထက် အများကြီး သာပါတယ်၊ ဓါတ်ငွေ့တိမ်တိုက်တစ်ခုဟာ အနည်းဆုံး မိုင်သုံးရာ ရှည်လျားတာမို့ . . အမြီးနဲ့ခေါင်း ဘာလို့လွဲချော်သတင်းပို့ခဲ့တာလဲဆိုတာ အဘ တွေးလို့မရဘူး သား၊

ကဲ . . . အေးအေးဆေးဆေး မိသားစုနဲ့ ရွာပြန်နား . .၊ အဘ မင်းကို မဆက်မသွယ်မချင်း သား နားရက်တွေချည်းပဲတဲ့၊ အဘဘတ္တလိကို နှုတ်ဆက်ပြီး သူ့ရုံးခန်းက ပြန်အထွက်မှာ အခန်းတံခါးနားက ပြက္ခဒိန်ဟောင်းကြီးကို မြင်လို့ ကျုပ်က အဘကို ကျီစယ်တဲ့အနေနဲ့ ခေတ်အမီဆုံး သိပ္ပံပညာရှင်ကြီးရဲ့ရုံးခန်းနဲ့ ဟောဟို ပြက္ခဒိန်ထဲက ကချေသည်ရဲ့ အလှဟောင်းက အဘကို စွဲဆောင်တုန်းပဲလားလို့ပြောပြီး လှည့်ထွက်လာခဲ့တယ်၊

အဘအသံ ခပ်တိုးတိုးက ကျုပ်နောက်က ကပ်ပါလာတယ်၊ ဟ . . ဒီကောင်လေးနှယ်၊ ဒါ ဒီနှစ်ထုတ်တဲ့ ပြက္ခဒိန်အသစ်စက်စက်ဥစ္စာကိုတဲ့၊ ကျုပ် အမှုမဲ့ အမှတ်မဲ့ပါပဲ၊ လျှပ်စစ်ကားမောင်းပြီး မြို့တော်က ကျုပ်စခန်းကို ပြန်ခဲ့တယ်၊ ဇနီးနဲ့သားက အင်ဖာဗီက ဖေဖေ့ဆီမှာ ရောက်နေတာမို့ ကားမောင်းရင်းပဲ ဝေဒေဟီ လက်မှတ်လှမ်းဝယ်မိတယ်၊ လက်မှတ်ရတယ်၊

ဒါကြောင့် အင်ဖာဗီရွာသားစတိုင်လ် ဝင်ပြောင်းပြီး ဝေဒေဟီကားဂိတ်ကိုအလာမှာ ဝေဒေဟီ ကားဂိတ်နားက ပိဋကတ္တသာသနိက ရှစ်ထပ်အဆောက်အဦးကို အံ့သြတကြီး သွားတွေ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခြောက်ကပ်ကြမ်းခင်းကို ကွန်ကရိအခင်း လောင်းနေတယ်၊ ကားရပ်ကြည့်ပြီး ကျုပ်မျက်စိကို ကျုပ်မယုံနိုင်အောင် ဖြစ်သွားတယ်၊ ဒီပိဋကတ်သုံးပုံထားမယ့် အဆောက်အဦးဟာ ဖွင့်ပွဲတောင် လုပ်ပြီးပြီ. .၊ ကျုပ်ကိုယ်တိုင် စံပြအာကာသသူရဲကောင်းအဖြစ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့တာပဲ၊

ဗုဒ္ဓဘုရားသခင်ကို တ,လိုက်မိတယ်၊ အခု မျက်စိရှေ့မှာ တူသံ ပေသံ စက်သံတွေ ညံပြီး တည်ဆောက်နေတုန်းပဲလား၊ အံ့ဩတုန်လှုပ်ဖွယ် မြင်ကွင်းကြီးကိုကြည့်ရင်း ကျုပ်တစ်ခုခုဖြစ်တာလား၊ ဒါမှမဟုတ် ကျုပ်ရဲ့ကမ္ဘာမြေပဲ တစ်ခုခုဖြစ်တာလား၊ ကျုပ်တော်တော်ကြာအောင်ပဲ ကားရပ်ပြီး စဉ်းစားနေမိခဲ့တာပေါ့။ ‘ဉာဏ်မမီတာတွေ တွေးမရရင် ခေါင်းထဲပဲ တေးထားလိုက်’ဆိုတဲ့ ဘတ္တလီစကားကို ပြန်ပြီးကြားလို့ သားနဲ့မယားရှိရာ အင်ဖာဗီကို ပြန်ခဲ့တယ်၊ အင်း. . . ဒီရောက်တော့ သားလေး ထင်အိန္ဒြဗိုက်ထဲမှာပဲ ရှိသေးတယ်. . . ဟူး”

သက်ပြင်းမောကို မှုတ်ထုတ်လိုက်သော သူရဲကောင်း အာထင်ကာ၏ရင်ထဲ သူ ဝင်၍ခံစားကြည့်သည်။ အံ့ဩတုန်လှုပ်ဖွယ် ဖြစ်ရပ်ကြီးပါပေ။ သူလည်း လောလောဆယ် ဘယ်လိုမှ ကောက်ချက်မချတတ်။

“ဦးဇနီးသည်ကိုကော ဒီအကြောင်းထုတ် ပြောမိသေးလား”

“သူလည်း ဘယ်လိုမှ လက်ခံနိုင်မယ် မထင်တဲ့အပြင် အာကာသထဲက အပမှီလာတယ်လို့တောင် စွပ်စွဲနိုင်တဲ့ကိစ္စကြီး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ သူက ဒီရွာသူအစစ်ဆိုတော့ ရှေးအယူသည်းတယ်လေ"

"သိပ္ပံပညာရှင်ကြီးကိုရော တိုင်ပင်သေးလား"

"သူ့ကိုတော့ အင်တာနက်ကနေ လှမ်းဝှက်ရင်ဖွင့်တာ ပေါ့၊ ဒီအရပ်သုံးဆဲစကားနဲ့ ပြောရရင် သူလည်း ခေါင်းစားသွား ပုံပါပဲ၊ ဝိသေနယာဉ်ပျံဆီကလည်း သဲလွန်စ ဘာမှမကျန်ရစ် တော့ဘူး၊ သူ အဖြေရှာဆဲပါပဲ"

ငြိမ်သက်၍ အဝေးမြင်ကွင်းထဲ တွေကြည့်နေသော လူ သားကြီးကို သူက ခပ်တွေတွေ ပြန်ကြည့်ရင်း စိတ်တွင်းကတွေးမိ သည်။

. . အင်း . . ငါ့ကို တိုင်ပင်နေတာ ငါ့ရှေ့မှာ ထိုင်နေတာ နေခဲ့ပြီးသားအချိန်တွေကို နောက်တစ်ကြိမ် ထပ်မံဖြတ်သန်းရ မယ့် တကယ့်အံ့ဖွယ်လူဆန်းကြီးပါလား . . ငါဘယ်လိုကူညီရပါ့။

"ဦးက ဘယ်လောက်ထပ်နေရတာလဲ"

"ဘာကို ဆိုလိုတာလဲ ပညာရှင်လေး"

"ဦး နေခဲ့ပြီးသားအချိန်တွေကိုပါ"

"အို . . ဟုတ်ပါရဲ့ . .၊ ခေါင်းရှုပ်နေလို့ အဲ့ဒီအချက်ကို မစဉ်းစားခဲ့ဘူး"

ခဏစဉ်းစားတွက်ချက်နေပုံရသည်။ ပြီးမှ . . .

"(၂)နှစ်နီးပါး . . . အင်း . . . အတိအကျဆိုရင် (၁)နှစ် (၁၁)လ(၂)ရက်၊ ဟုတ်တယ် . . . (၂)နှစ်စာလောက် ဘဝကို နောက်ပြန်ရစ်ပြီး အသစ်ထပ်နေနေရတာပါလား . . . ဟင်းခင်း"

အသံထွက်အောင်ပင် ပြုံးသည် . .။ သူ့ကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်လူသားမှ မရဖူးတဲ့ဘဝမှာ အပိုဆောင်း နေထိုင်ခွင့်ပါပဲဦး"

"ဟုတ်တယ်. . . မောင်နဲ့ တွေ့ရတာ လောလောဆယ် စိတ်ချမ်းသာမှုတစ်ခု ရလိုက်တာပါပဲ"

"ထပ်နေခွင့်ထဲမှာ လူသားပီပီ အမှားရှိခဲ့ရင် ပြင်လို့ရတယ်၊ အန္တရာယ်ရှိခဲ့ရင်လည်း ရှောင်ရှားလို့ရတယ်၊ ဒါဟာ မဟာအခွင့်အရေးပါပဲ"

"ဟာ. . ဟုတ်လိုက်လေ၊ လူသားတွေကြုံမယ့် မတော်တဆမှုတွေ ကပ်ဆိုးတွေ ရှိခဲ့တာပဲ၊ ကျုပ် သတိပေး ကာကွယ်တားဆီးနိုင်ပြီပဲ၊ ကျုပ်သတင်းတွေ ပြန်လှန်ရှာမယ်. . . ကျေးဇူးတင်ပါတယ်"

သူ့ပခုံးကို နွေးထွေးစွာ လှမ်းဖက်ရင်း. . .

"ကဲ. . လာ. . မိတ်ဆွေလေး၊ ကျုပ် မရောက်တာ ကြာပြီဖြစ်တဲ့ ကျောက်ပေါလောက ရေကန်မှာ ရှုခင်းသာ စားသောက်ဆိုင် ရေအောက်ကမ္ဘာကို ငေးမောရင်း တစ်ခုခု ပြုစုပါရစေ"

နှစ်ယောက်သား ကားဆီ ပေါ့ပေါ့ပါးပါး လျှောက်နေရင်း အံ့ဖွယ်လူသားကြီး၏စိတ်ထဲက ရွတ်ဆိုလိုက်သော စကားစုကိုတော့ ဒိုင်ယံ အထိတ်တလန့် ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

ဇရာမ မှန်သားနံရံကြီးအတွင်း နှစ်ယောက်သား ဇိမ်ရှိရှိ အိအိစက်စက်ထိုင်ရင်း တိတ်ဆိတ်သော ရေကန်ကြီးကို ငေးမောနေမိကြသည်။ ဆင်သီဇိုက်စာ ရေဇလားတီးလုံးသံကို ငြိမ့်ညောင်းစွာ ဖွင့်ထားတယ်။ ရေထွက်ပေါက်ပေါင်းလျှာအစုံက ခံတွင်းတွေ့စေသည်။ ကမ္ဘာကျော် တန်ဖိုးကြီး ရေညှိစိမ်းဝိုင်းက မူးမူးရီရီ၊ ဖွဲ့သီမဆုံးနိုင်သော ရေကန်မှာလှချက်ကလည်း မက်မက်စွဲစွဲ ဖမ်းစားထားသည်။

ခေတ်မီတိုးတက်သော လူသားဖြစ်ရခြင်း ရှုမြင်ကြည်



www.burmeseclassic.com

www.burmeseclassic.com



စွဲမက်ဖွယ် အတိပြီးနေသည်။ သူတို့ရှေ့က မှန်နံရံထုကြီးအောက်ခြေတွင် မတ်တတ်ရပ်၍ ရောမရွှေငါးကြီးတွေကို အနီးကပ် ငေးမောနေသော ပရိသတ်တစ်ချို့ ရှိနေသည်။ သူတို့နှင့် ပေတစ်ရာခန့်ဝေးသည်မို့ ရေကန်မှာကြီးနှင့်စာလျှင် အောက်ကမော့နေသော လူသားလေးတွေက သေးသေးလေးတွေ ဖြစ်နေ၍ တစ်မျိုးကြည့်ကောင်းနေပြန်သည်။

ဟင်. . . ဟိုမှာ. . ။

သူ့စိတ်ထဲ ဒိတ်ခနဲ ဝမ်းသာသွားသည်။ အဲ့ဒီအဝေးက လူသားလေးက သေးသေးလေးလှနေတာ သေချာသည်။ သူ၏ သန့်ရှင်းသော ရေအိုင်အပျိုစင်လေး နန်းမွေ၊ ကျောပေး၍ ငါးကြီးတွေကို လက်ယပ်ခေါ်နေဟန်လေးက ကလေးဆန်နေသည်။

ထူးဆန်းစွာပင် GOLDEN FISH ရောမ ငါးလက်လက်ကြီးတစ်ကောင်က သူမနား ခေါင်းထိုးကပ်လာသည်။ LUCKY FISH ဟု တချို့ကခေါ်ပြီး ဈေးကြီးပေး တခုတ်တရ မွေးလေ့ရှိသဖြင့် သူမ ဆွေ့ဆွေ့ခုန် ဝမ်းသာသွားပုံလေးလည်း လှပါသည်။ မှန်နံရံကို သူမလက်နှင့် ပူးကပ်ပွတ်သပ်သည်။ ကင်မရာလေး ထုတ်ရိုက်နေမှ သူ့ဘေးကပုဂ္ဂိုလ်ကြီးက ငါးအမူအယာဆန်းပုံကို လှမ်းကြည့်ရင်း လူကိုပါ မြင်သွားပုံနှင့်. . .

"ဒီကလေးမ တစ်ယောက်တည်းပါလား၊ ဖေဖေလည်း မပါဘူး၊ ခဏနော် ကိုဒိုင်ယံ"

ပြောပြီး ထသွားသည်။ နောက်က လက်သွားတို့မှ ဟိုကလည်း မြင်သွားပုံရသည်။ ဝမ်းသာသွားပြီး ငါးကြီးနှင့် သူမကို



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံသုံးလေးပုံ ရိုက်ခိုင်းသည်။ ပြီးမှ ပုဂ္ဂိုလ်ကြီး၏လက်တစ်ဖက်ကိုပွေ့ပြီး သူ့စားပွဲဆီ လျှောက်လာသည်. . ။ လျှောက်ရင်းလည်း စကားတွေ ရေပက်မဝင်ပြောလာသည်။ သူ့ကို တစ်ချက် ပြုံးပြ ခေါင်းညိတ်ပြီး ဝင်ထိုင်ရင်း ဆက်ပြောနေပြန်သည်။

သူ့ကို ရုတ်တရက် မှတ်မိပုံမရ၍ စိတ်ထဲ ဟသွားသည်။ စကားကောင်းနေခြင်းနှင့် ဒင်း(မ)လိုက် ခေါ် မီးမှိန်မှိန် ထွန်းထားခြင်းကြောင့်ဖြစ်မည်။ အေးလေ. . . ကိုယ်ကလည်း သူမ မြင်ဖူးထားသော ကောင်းဘွိုင်မှ မဟုတ်တော့တာ။ LUCKY FISH ကြီး သူမခေါ်တာ လာ၍ ပျော်နေသောစကားတွေ ပြတ်မှပင်. .

"သမီးနဲ့ မိတ်ဆက်ပေးရဦးမယ်"

သူ့ဘက် သူမ လှည့်လာသည်။ မျက်လုံးချင်းဆိုင်ကြည့်သည်။ သူ့စိတ်လှိုင်း ဖရိုကွင်စီကို မြင်လိုက်သည်တွင်. . .

သူမ စိတ်စကားကို သူက ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"ဟွန့်. . . မုန်းဖို့ကောင်းလိုက်တာ၊ ခုမှ ကြောင်လျှာသီးလည်ပင်းချိတ် မုတ်ဆိတ်ရိတ်ပြီး တောဂရိတ်ပုံ ဖမ်းနေတယ်၊ ခုန မြင်ရက်သားနဲ့ မမြင်ချင်ယောင်ဆောင်နေပြီး"

"သမီး. . . သူက ဒိုင်ယံတဲ့၊ ဦးကာရဲ့အကြံပေးမိတ်ဆွေပေါ့၊ ကိုဒိုင်ယံ. . . သူကတော့ နန်းမွေ့တဲ့၊ ဖေဖေ့သမီးဆိုပါတော့၊ GLOBEL GREEN PEACE မှာ အရာရှိပဲ"

အာထင်ကာ၏စကားအပြီးမှာ စိတ်က "မသိခဲ့သလိုနေမှ" ဟု ဘုတုတုပြောပြီး ပါးစပ်က ပြုံး၍ လက်ကမ်းရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်ရှင်" တဲ့။

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ဒါပေမယ့် ဝမ်းနည်းစရာကောင်းနေတာက အင်ဖာဗီရွာခလေ့က မိန်းမလှလေးတစ်ယောက်ရဲ့လက်ကို လူကြီးသူမရှေ့မှာ ကိုင်ခွင့်မရှိပါဘူးခင်ဗျ"

သူမ ရှက်ကိုးရှက်ကန်း ဟန်လေးနှင့် လက်ပြန်ရုပ်သွားသည်။ မျက်နှာစူပုတ်ပုတ်လေးဖြစ်သွားပြီး. . .

"ဟုတ်လို့လား ဦးဦးကာ၊ ဖေဖေသင်ပေးထားတဲ့ ရွာခလေ့ထဲမှာတော့ အဲ့ဒါမပါဘူး"

"ဖေဖေ မေ့လို့လည်း ဖြစ်မှာပေါ့ သမီးရယ်၊ ကိုဒိုင်ယံကတော့ ရွာခလေ့ကို အတော်လေ့လာထားပုံပဲ၊ ပြီးတော့ အဲ့ဒါက အရှေ့ယဉ်ကျေးမှုလည်း မဟုတ်ဘူးလေ"

"ဒါပေမယ့် ဦးကာကလည်း၊ ဒီလိုမျိုးကြီးက သမီးလေး ပွဲလမ်းသဘင်ဆို လူပုံအလယ် ရှက်ပြီးလဲသေပြီး. . ."

"မရှက်ပါနဲ့ဗျာ. . ဒါ ပွဲလမ်းဘသင်မှ မဟုတ်ဘဲ၊ တောရွာဇနပုဒ်က မြို့ကြီးသူတွေ အရေးမလုပ်သင့်တဲ့ သာမန်စားသောက်ဆိုင်လေးတစ်ဆိုင်ပဲဟာ"

"ရှန်. . . ဘာပြောတယ်၊ ဒါ သာမန်စားသောက်ဆိုင်လေး ဟုတ်လား"

ရန်ထောင်နေပုံလေးက မာန်ပါနေသည်။ ရွာထဲက မြီးကောင်ပေါက်မလေးတွေ စည်းဖန်ခုန်ရင်း ငြင်းခုန်ရန်ထောင်နေပုံမျိုး. .။

"ဟိုး. . ဟိုးထား သမီး၊ ညည်းက ရန်ထဖြစ်တော့မယ့်



www.burmeseclassic.com

www.burmeseclassic.com



ပုံကြီး"

"ဖြစ်သင့်ဖြစ်ရမှာပဲ ဦးကာ၊ ဒါ သာမန်စားသောက်ဆိုင်လား၊ သူပြောတာ ဟုတ်မှမဟုတ်တာ၊ လက်မကမ်းတဲ့အပြင် ရှာခလေ့ ရှာခလေ့ လာလုပ်နေကတည်းက စိတ်တိုနေတာ၊ သုံးစက္ကန့်လောက် လက်လေးလာကိုင်လိုက်ရတာပဲ၊ သူလည်း ဒီရှာသားမဟုတ်ဘူး. . . ဂျစ်ပစီ"

"ဟော. . . သမီးက ကိုဒိုင်ယံကို သိနေတယ်"

သူကတော့ စွာတေးမလေး ချက်ချင်းပြန်ဖြစ်သွားသောတမ္မာမြေ စိမ်းလန်းငြိမ်းချမ်းရေး အရာရှိမကြီးကို ကြည့်ပြီး ရယ်ချင်ပက်ကျိကို မရယ်မိအောင် အတော်ထိန်းနေရပြီ။ ပုဂ္ဂိုလ်ကြီးက နှစ်ယောက်မျက်နှာကို တစ်ပြန်စီ ကြည့်နေ၏။

"ဟုတ်တယ်. . . ရှာခံဖြစ်ရင် ကားပေါ်မှာ ကိုယ့်ခုံဘေးနား အိပ်ပျော်နေတဲ့ ဧည့်သည်ကို ဒီအတိုင်းထားသွားမလား"

"သမီးတို့က အတူတူ လာကြတာလား"

"ဟုတ်တယ် ဦးကာ၊ The same boat လေ၊ ခရီးသွားချင်း ရိုင်းပင်းရမှာပေါ့၊ အဲ့ဒီကားပေါ်မှာ သမီးနိုးလာတော့ တစ်ယောက်တည်း"

"ဟား. . ဟား. . ဟား. . ဒါကြောင့်ကိုး၊ အဲ့ဒါကတော့ ဝေဒေဟီ ကားလိုင်းရဲ့လုပ်တဲ့ ဝန်ဆောင်မှုပဲ သမီး၊ ဦးကာလည်း ဖြစ်ဖူးတယ်"

"အင်. . . တကယ်"

သူ ဝင်ပြောချင်လာသည်။ အိပ်နေပုံလေးကို. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ. . . နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ ချစ်စဖွယ်ကလေးငယ်ကို ဘယ်မိခင်က နိုးရက်မှာလဲ၊ ဝေဒေဟီ ဆိုတာ မိခင်လေ"

ထိုစဉ် ဦးအာထင်ကာထံ ဖုန်းဝင်လာ၏။ ယဉ်ကျေးမှုအရ ဖုန်းဖွင့်ရန် ခဏဟုပြောပြီး ထသွား၏။ တိုင်ကွယ်နား ရပ်ပြောနေ၏။ သူက ချစ်စဖွယ်လေးကို ပြုံးပြရင်း. .

"ကိုယ့်ကိုယ်စား ပန်းတွေထားခဲ့ပါတယ်ဗျာ"

"အကုန်လုံး အမှိုက်ပုံးထဲ ဝုန်းခနဲ ပစ်ထည့်ခဲ့တယ်"

"အင်း. . . ညာပြန်ပြီ၊ အခု ရင်ဘတ်မှာ ထိုးထားတာက"

"ဒါ ဈေးက ဝယ်ထိုးလာတာ"

"ဘယ်ဈေးမှာမှ မရှိဘူး၊ ကိုယ့်ခြံထဲမှာပဲ ရှိတာ. . ပေါ်ပြီ"

"ထထုမှာနော်. . . လက်သံ သိတယ်မလား"

"ကိုယ်က နပမ်းလုံးစေချင်တာ"

"ရှူး. . . ဟိုမယ် ဦးကာ လာနေပြီ"

တိုင်ကွယ်က ထွက်လာသော ဦးအာထင်ကာက ပြုံး၍. . .

"မင်္ဂလာသတင်းပဲဟေ့၊ မိန်းမဗိုက်နာပြီတဲ့. . . ဟဲဟဲ၊ ကဲ. . . ဦးလစ်မယ် တက္ကစီနဲ့ပဲ၊ အဲဒါတွေအားလုံး ရှင်းပြီးပြီနော်"

သူမက အိတ်ဆွဲထဟန် ပြင်ရင်း. . .

"သမီးလည်းလိုက်မယ် ဦး"

"အောင်မာ. . . ငါအကုန်ကြားပြီးသား ကျော်ချောင်းအစ်မ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းမွေ၊ သူများဘာကို မခွဲရဘူးဆိုလဲ. . ငါ့ကို ငရဲမပေးနဲ့၊ နပမ်းအစီစဉ် ဆက်ကဝင်၊ ကဲ. . . ကျုပ်လစ်ပြီ ကိုဒိုင်ယံ. . . Good Luck"

"ဦးကာ အိမ်ကကား သမီးမောင်းလာတယ်. . . ပြန်ယူသွား"

"အေး. . အေး. . အိမ်မှာလည်း ကားလိုမှာပဲ၊ ဟင်း. . တင်း. . သမီးလည်း ကမ္ဘာပတ်ချင်ရင်တောင် ပတ်မောင်းပေးမယ့်သူ ရှိနေပြီပဲ. . . ဟဲဟဲ"

သားဦးရတော့မည်မို့ ရင်ခုန်ပျော်ရွှင်နေသော လူကြီးလူကောင်းကြီးက နောက်ပြောင်ပြီးပင် ထွက်သွားသည်။

"အင်း. . . သားဦးအရှုးဆိုတာ သားအကြီးဆုံးကောင်ရှူးတာကို ပြောတာမှ မဟုတ်ဘဲနော်၊ အဖေနဲ့အမေကို ပြောတာပါလား"

"မသိဘူး. . . သွား"

သူမ ဟိုဘက်လှည့်သွားသည်။ သူက အေးဆေးဆက်ပြောသည်။

"စောစောပိုင်းက သူက လေးနက်တဲ့ကိစ္စတစ်ခု အကြံဉာဏ်တောင်းတယ်၊ အာကာသယာဉ်မှူးလည်း ဖြစ်တယ်၊ လူကြီး=လူကောင်းလည်း ဆန်တယ်၊ ဒါကြောင့် သူ့ရှေ့မှာ သူ့တူမလား ညီမလား လက်တောင် မကိုင်ရဲဘူး"

ဟင်ခနဲ ခေါင်းပြန်လှည့်လာပြီး. . .

"ဟင်. . . အခုန ပြောတော့ အင်ဖာစီ ဝလေ့ဆုံးစံဆို"



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ရဲလို့ အဆင်ပြေသလို ပြောလိုက်ရတာ"

သူမက ထုရန် ဟန်ပြင်လိုက်သည်။ သူက ရင်ကော့ပေး ရင်း. . .

"ထုချင်ထုလေ. . . လက်ဖမ်းဆုပ်ပြီး ဖက်နမ်းပစ်မှာ နော်၊ ဒီနေရာက ချစ်သူချင်း ရန်ဖြစ်လို့ အကောင်းဆုံးနေရာပဲ၊ ဝေဒေဟီကားပေါ် မဟုတ်ဘူး"

ထုမည့်လက်သီး လေထဲတွင် တန့်သွားရသည်။ ဘာ ဆက်လုပ်၍ ဘာဆက်ပြောရမှန်းလည်း သူမ မသိပါလေတော့။

သူကပင်. . .

"ကဲ. . . လက်ပြန်သိမ်းလိုက်ပါ၊ အုပ်ထိန်းသူတောင် ကိုယ်နဲ့ စိတ်ချလက်ချ ထားခဲ့ပြီပဲ၊ ဒီနေရာမှာ လည်ပတ်ကြည့်ရှု စရာတွေ အများကြီးရှိတယ်၊ ကိုယ်ကပဲ လက်နက်အရင်ချပါ တယ်"

လက်ပြန်ချလိုက်ရသည်။ ငူစူစူကြီး လုပ်နေပြန်သဖြင့်. .

"ကိုယ့်ကိုယ်ကို အရာရှိမကြီးဆိုတာလည်း ပြန်သတိရ ဦး၊ မြီးကောင်ပေါက်မလေး ကျနေတာပဲ"

"အို. . . ဒါကတော့ ဒီလိုနေချင်လို့ ဒီကိုလာတာပဲဥစ္စာ၊ ဟိုမှာက ရုပ်တည်ကြီးနဲ့ လူကြီးလို နေရတာ ဘယ်လောက်ငြီးငွေ့ လှပြီမှတ်လဲ"

"ကျောင်းသူဘဝတုန်းက မနေခဲ့ရဘူးလား"

"ကျောင်းသူဘဝက ကလေးပဲရှိသေးတာ စာပဲဖိလုပ်နေ ရတာ၊ (၁၅)နှစ်သမီးမှာ ကျောင်းပြီးတာ၊ ခပ်ရိုင်းရိုင်းပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



နန့်မယ်ကြီတော့ အရာရှိဖြစ်နေပြီ၊ ဘယ်မလဲ မြီးကောင်ပေါက် အရွယ် ရင်ခုန်မှု . . ကဲ . . . ပြော"

ငိုမဲ့မဲ့လေး ရန်တွေ့နေသော သူမဘဝကို သူ ချက်ချင်း မြင်သွားသည်။ (၁၀)နှစ်သား သချ်ာပါမောက္ခတစ်ဦးကို သတင်း သမားက မေးဖူးသည်တဲ့။

"(၁၀)နှစ်သားနဲ့ သချ်ာပါမောက္ခကြီး ဖြစ်လာတာ မကြည်နူးဘူးလား ဆရာကြီး"

"ဘယ်ကလာဗျာ. . ဘယ်တော့မှ ပြန်မရတော့တဲ့ ပျော် ရွှင်ဖွယ် ကလေးဘဝ. . ကျွန်တော့်ဘဝ ပျောက်ဆုံးခဲ့ရတယ်"

(ဉာဏ်ရည်)အိုင်ကျူမြင့်ခြင်း၏ ဝဋ်ကြွေးဟုပင် ဆိုရပေ မည်။ ခုလည်း သူမ ဒီလိုနေချင်လို့ ဒီကိုလာတာပဲဉစ္စာ ဆိုသော စကားကို နှစ်ခါသာ တွေ့ဖူးရုံနှင့် သူ အပြည့်အဝ နားလည်လိုက် လေပြီ။ ပျောက်ဆုံးခဲ့သောဘဝကို လာရောက်ရှာဖွေသူလေးကို မှ ကိုယ်က. . .

"ဒါနဲ့ မြီးကောင်ပေါက်ပီပီ စပ်စုမယ်နော်၊ သူ့အသက် ဘယ်လောက်လဲ"

ခပ်ကြာကြာပင် သူတွေးနေစဉ် အတွေးထဲ ဖြတ်ဝင်လာ သောအမေးက ပညာသား နည်းနည်းပါနေသည်။ သူမကို မြီး ကောင်ပေါက်မလေးဟု လက်ခံလျှင် သူ့အသက်ကို ဖြေရမည့် သဘော။ သိပ်လက်ခံတာပေါ့ကွယ်. . . အရာရှိမကြီးအဖြစ်သာ လက်မခံတာ။ ပြန်သွားမှာစိုးလို့ ရင်ကွဲပက်လက် ကျန်ခဲ့မှာစိုးလို့။

"မေးနေတာ မဖြေဘူးလား၊ ဘာလဲ. . . ညီမဖို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေတာလား"

"မညာရက် မလိမ်ရက်တော့ပါဘူး၊ ကိုယ့်အသက် (၂၃) နှစ်"

"သူများအသက်ကိုကော မသိချင်ဘူးလား"

"ပြောပါ"

"(၂၁)နှစ်. . မြီးကောင်ပေါက်အရွယ်တော့ မဟုတ်တော့ဘူး. . ဒါပေမယ့် မြီးကောင်ပေါက်ပဲ၊ ဒါနဲ့ နေပါဦး ခုန သူ့စကားထဲမှာ မညာရက် မလိမ်ရက်တော့ပါဘူးဆိုတော့ ဘာတွေလိမ်ခဲ့ညာခဲ့လို့လဲ"

"အများကြီးပဲ. . . ပြောပြရရင် တစ်ထောင့်တစ်ညနဲ့ တစ်မနက် ကြာသွားလိမ့်မယ်. . . နားထောင်မလား"

"အင်း. . . (၂)နှစ် (၈)လနဲ့ (၄)ရက် တစ်မနက်ကြီးများတောင်"

"ဟုတ်တယ်. . . နားထောင်မလား"

ထိုစကားကို စကားလုံးရော မျက်နှာအနေရော မျက်လုံးကပါ အလေးအနက် သူပြောလိုက်ခြင်းဖြစ်သည်။ မျက်လုံးချင်း စိုက်ကြည့်လိုက်မိကြသည်။ ကြေကွဲစိတ်နှင့် ပြုံလဲနိမ့်ကျနေသော မျက်လုံးက ဘာပါဝါမှ လွှင့်ထွက်မလာ။ သူမ၏စိတ်စကားတွေကိုလည်း ဘာတစ်လုံးမှ ဖမ်းမရတော့ပြီ။

တစ်ချိန်လုံး ရှိနေခဲ့သော ပျော်ရွှင်လင်းလက်မှုအားကြေကွဲမှုန်မှိုင်းမှုများ ချက်ချင်းအုံ့ဆိုင်းလာ၏။ သူမက သူ့မျက်နှာကို မလွှတ်တမ်း ကြည့်နေရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"သူများ ဘာမှားသွားလို့လဲဟင်၊ သူ အခု ပျော်ရွှင်နေတဲ့မျက်နှာနဲ့ မျက်လုံးပါ. . အခု. . "

"ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲဟင်"

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စာတမ်းတစ်စောင် လာရေးတာလေ၊ ဘယ်လောက်ကြာမလဲ မသိသေးဘူး"

"ပြီးရင်တော့ ပြန်ရမှာပေါ့"

"အင်းပေါ့"

"ဒါဆို တစ်ထောင့်တစ်ညပုံပြင် ကိုယ့်ပုံပြင်တွေ မပြောတော့ပါဘူး"

"အချိန်ရသလောက် ပြောပေါ့၊ အချိန်တွေအများကြီး ရှိသေးတာပဲ၊ အခုနလို ပျော်ပျော်နေကွာ၊ သူ အဲ့လိုကြီးနေတော့ သူများ တကယ်မနေတတ်ဘူး"

"ကဲ. . ဒါဆို မင်းလေး မစားဖူးတဲ့ ဒီဟင်းတွေ ဝအောင်စား၊ ငပိတော့ မပါဘူးပေါ့၊ ပြီးရင် မင်းမရောက်ဖူးတဲ့ ရေအောက်တမ္ဘာထဲ ထဲထဲဝင်ဝင် ကိုယ်လိုက်ပို့မယ်နော်. . ကိုယ့်ရဲ့အပျိုစင် ရေအိုင်လေး"

"အိုကေ. . "

လက်ဝါးနုနုနှစ်စုံ နည်းမျိုးအဖုံဖုံ ရိုက်သံက မှန်မိုင်းအုံဆိုင်းမှုတွေကို ဆွဲဖွင့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း သုံး

## ယခုပင် ပွင့်သစ်လိုက်သော ပန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝငတ်သူချင်း
အဖော်ငတ်သူချင်း
အပျော်ငတ်သူချင်း
စိတ်ထားမြတ်သူချင်း
မေတ္တာတွေ၍
ချစ်ခြင်းပွေ့ပွေ့…
သတင်းလွှေ့လွှေ့…
ပေါင်းဖက်မွှေ၏…။ ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ရေ အောက် ပန်းမှော်ရုံတောကြီးထဲ. . . ရောင်စုံ သဏ္ဌာန်စုံ ငါးမျိုးစုံ ရေသတ္တဝါမျိုးစုံ ဘုံကြီးထဲ ဥဒဟို သွားလာ ခုတ်မောင်းနေသော နှစ်ယောက်စီး ရေငုတ်သင်္ဘောငယ်လေး တွေထဲ ထိုအထဲက ဒွိယံဒွိယံ ချစ်သူစုံတွဲလေးတွေ၏ ရင်ခုန်ပွဲ တော်ထဲ ရေကမ္ဘာကြီး သိမ့်သိမ့်တုန်အောင် ပါဝင်ဆင်နွှဲနေသော အတွဲလေးတစ်တွဲ ရှိသည်။

ဝါသနာပါသော. . . အချစ်ကိုလည်း စောင့်ကြည့်သော တန်ခိုးရှင်တစ်ပါးပါးသော ထိုယာဉ်လေးထဲ ကဲကြည့်လိုက်ပါက



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းခေါမရုပ်ထုလို ကိုယ်နေမပိုမလို သပ်ရပ်တိကျသော လူဖိုလေးက တန်ဘိုးကြီးအနောက်တိုင်းဝတ်စုံနှင့် သူ့ခန္ဓာကိုယ်တို ထုပ်ပိုးထားရင်း ယာဉ်မောင်းနေသည်။

ဖြိုလ်ပြာကမ္ဘာပေါ် ရှိရှိသမျှ ကြွတ္တိယ အလှအပေါင်း တညီတညွတ်တည်း သဘောတူ ဦးခေါင်းညွတ်ရာ လူမလေးက လူဖိုလေး၏ပခုံးကို ဦးခေါင်းနွဲ့မှီ၍ လိုက်ပါလာသည်။ စကားပြောလာကြသည်။

"ကိုယ် လူမှန်းသူမှန်း စသိတဲ့အရွယ်မှာ လူသူမနီး တောကြီးမျက်မည်းထဲမှာ ဘရသေ့ရဲ့ကျောင်းသင်္ခမ်းတစ်ခုမှာ နေရတယ်၊ ကစားစရာက ဇွန်းခရင်းတွေပဲ ရှိတယ်"

"အင်း. . ဇွန်းခရင်းနဲ့ ဘယ်လိုကစားလဲ"

"ဇွန်းခရင်းတွေကို လက်ထဲဆုပ်ပြီး စူးစိုက်ကြည့်လိုက်ရင် ကွေးကောက်ကျသွားရော၊ ကိုယ်သိပ်ပျော်တယ်"

"ဟင်. . . တကယ်"

အံ့သြတုန်လှုပ်သွားသောမျက်နှာများ ရုပ်ဆိုးသွားတတ်သော သဘောရှိသည်။ သူမ မပါဝင်ပါ. .။ မှီအုံး ပခုံးပေါ်မှာ ရုတ်ခနဲ ထ၍ လူဖိုလေး၏မျက်နှာကို ကြည့်ရင်း မေးခြင်းဖြစ်သည်။

"ကိုယ် မင်းကို မညာတော့ဘူး ပြောခဲ့တယ်လေ၊ ကိုယ့်ဘဝအမှန်ကို မင်းဟာ ပထမဆုံးသိသူပါ"

"ယုံပါတယ်. . . ဆက်ပြောနော်"

ပြန်မှီချလိုက်ပြန်သည်။ အိခနဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနှင့်မဟုတ်မူ၍ ပါးနှင့်မို့ပါ။

"သတ္တုဇွန်းတွေ ရိုးရိုးသံဇွန်းတွေဆိုတော့ ကပ္ပိယကြီးက တူနဲ့ရိုက် ပြန်ဖြောင့်ပြီး ဘုရသေ့ မသိအောင် ကြောင်အိမ်ထဲ ပြန်ပြန်ထည့်ထားတယ်၊ နောက်တော့ ဘုရသေ့ ဆွမ်းဘုဉ်းတဲ့ စတီးဇွန်းကြီးပါ ကောက်သွားရော၊ အကြီးကြီး အထူကြီးဆိုတော့ တူနဲ့ တအားရိုက်ဖြောင့်ပေမယ့် မရဘူး၊ အဲ့ဒီမှာ ပေါ်ရော. . ၊ ဘုရသေ့က ခေါင်းတငြိမ့်ငြိမ့် ပြုံးတယ်၊ တိုတိုပြောရရင် နည်း နည်းကြီးလာတော့ အဲ့ဒီစတီးဇွန်းအကောက်ကြီးကို ပြန်ဖြောင့် အောင် ကိုင်တဲ့နည်း သင်ပေးတယ်၊ ဒိပြင်နည်းတွေလည်း အများ ကြီးပေါ့"

"ဘယ်လိုနည်းတွေလဲဟင်. . စိတ်ဝင်စားလိုက်တာ"

"အရာဝတ္ထုတွေကို စိတ်ညို့ပြီး လေထဲ ကြွအောင် မ,ယူ တာတို့၊ ရေအပြည့်ခွက်ကို ဇောက်ထိုးမှောက်ချပေမယ့် ရေတစ် စက် ကျမလာတာတို့၊ ပန်းသီးတစ်လုံးကို ဓါးနဲ့ခွဲ အထဲက အစေ့ ကို ပန်းအိုးထဲက မြေပေါ်ပစ်ချလိုက်တာနဲ့ ချက်ချင်း အစို့ပေါက် အပင်ပေါက်ပြီး တကယ်စားလို့ရတဲ့ပန်းသီးတွေ မျက်စေ့ရှေ့တင် သီးလာတာမျိုးပေါ့"

လူးလဲထလာပြီး သူ့လက်ဖျံကို လှမ်းကိုင်၍. . .

"ဟယ်. . . အဲ့ဒါမျိုးတွေ သူ တကယ်တတ်တယ်"

"တတ်ခဲ့တယ်"

"တတ်ခဲ့တယ်ဆိုတော့ အခုကောဟင်"

"ဘာလဲ. . . ရှုံသွင်းပြီး မျက်လှည့်ပြစားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ချက်ချင်း ကမ္ဘာကျော်ပြီး ခဏအတွင်း ထရီလျံနာ သူဌေးကြီးဖြစ်သွားမှာပေါ့"

"အဲ့ဒီကမ္ဘာကျော်ခြင်း သူဌေးကြီးဖြစ်ခြင်းတွေ ဖြစ်လာမှာစိုးရိမ်တဲ့ ဘရသေ့ကို အဲ့ဒီပညာတွေ မေ့ပစ်ပါ့မယ်လို့ ကတိပေးခဲ့ရတယ်"

"အင်. . . ကမ္ဘာကျော်မှာ သူဌေးဖြစ်မှာကို ဘရသေ့က ဘာလို့စိုးရိမ်တာလဲဟင်"

"အဲ့ဒီကမ္ဘာကျော်သူဌေးဘဝထက် ပိုပြီးပျော်ရွှင်ချမ်းမြေ့ပြည့်စုံတဲ့ဘဝ ရှိသေးတယ်၊ အဲ့ဒီဘဝနဲ့ လွဲချော်သွားမှာစိုးလို့ပေါ့"

"နန်းမွေ့ လိုချင်လိုက်တာ. . . ဘယ်လိုဘဝမျိုးလဲဟင်"

"အလွန်အရေးကြီးတဲ့စကားမို့ နောက်မှ ဖြေမယ်နော်၊ အခု ကိုယ့်ဘဝအကြောင်း ဆက်ပြောပြမယ်"

သူမ အရမ်းသိချင်နေသောမေးခွန်းကို မဖြေ၍ စိတ်နည်းနည်းဖုပြီး စိတ်ဖုတွေးလေးက ငေါ်ခနဲ ထွက်လာပြန်သည်။

. . . သူ အရမ်းလျှို့ဝှက်တာပဲ. . .။

"မလျှို့ဝှက်ချင်လို့ ရင်ဖွင့်နေတာပေါ့"

"ဟင်. . . နန်းမွေ့ အဲ့ဒီစကားကို ပါးစပ်က ပြောတာမှတ်ပဲ သူ ဘယ်လိုကြားတာလဲ၊ သူများ ကြောက်တောင်ကြောက်လာပြီ"

"အဲ့ဒါလည်း နောက်မှ ပြောပြမယ်၊ ဒါကြောင့် တစ်ထောင့်တစ်ညနဲ့ တစ်မနက်လို့ ပြောတာပေါ့ ကိုယ့်စကား ဆက်ရတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟူးခနဲ သက်ပြင်းမောမှုတ်ရင်း သူမ စိတ်လျှော့ချလိုက်ရတော့သည်။

"ကောင်းပါပြီ မောင်တော်ဖျား၊ ဘုရားနှမတော် ခုချိန်ကစပြီး ဝစီပါးစပ်ကို ငွေချည်ထိုး ပိုးအပ်နဲ့ ပိတ်လိုက်ပါပြီ ဖရော့"

"မြို့ကြီးသူက ဒီလို နဘေစကားလည်း တတ်သကိုး"

"မွေးစားဖေဖေရဲ့ အွန်လိုင်းကျေးဇူးတွေပါ၊ ပြီးတော့ နှမတော်နာမည် နန်းမွေဆိုတာလည်း မမေ့အပ်ပါဖျား"

သူ ကြည်ကြည်မောမော ပျော်ရွှင်ရယ်သော ရပြန်ပါသည်။ ထိုစဉ် ဧရာမ ရွှေငါးကြီးတစ်ကောင်၏မျက်လုံးတစ်ဘက်က သူမဘေးရှိ မှန်ပြတင်းပိုင်းမှ ကွက်တိလာချောင်းသည်။

"ဟယ်. . . လှလိုက်တာ၊ ကိုယ် ဒီမှာကြည့်စမ်း"

ပြောပြောဆိုဆို ကင်မရာလေးနှင့် ရိုက်ယူနေသည်။

"ဒီကောင်ကြီး အတွဲချောင်း ဝါသနာဇါတဲ့ ရှေးဟောင်းဂန္ဓဝင် ပန်းချီကျော် ဘိုးဘိုးစောမင်းဝေ သေလို့ ဝင်စားတာဖြစ်မယ်၊ ဟော. . ဟော. . ပြန်ခွာသွားပြီ၊ သူမြင်ချင်တဲ့အခြေအနေမျိုး မဟုတ်လို့"

"အမေ့. ."

အမြီးဖျားခတ်သောရေအဟုန်ကြောင့် အနုမြူစွမ်းအင်သုံး ရေငုတ်သင်္ဘောငယ်လေး ဂျွမ်းသဒ္ဒါလန် ကျန်ခဲ့ခြင်း ဖြစ်သည်။ သူ့အလိုလို အော်တိုပြန်တည့်သွားတော့ သူမက သူ့ရင်ခွင်ထဲ လုံးလုံးလျားလျား ရောက်ရှိနေပြီဖြစ်၏။ သူက ဖွဲ့လေးဖက်ထားရင်း ဖွေးအိမွှေးကြိုင်နေသော ပါးကလေးတို့သာ မွှေး



www.burmeseclassic.com

www.burmeseclassic.com



ကြုလိုက်သည်။

အနူးညံ့ဆုံး ပွင့်ဖတ်ကလေးရေ. . . မင်းအရှုံးပေးလိုက်တော့။

“အွန်. . . သူ့ရည်းစားလည်း မှတ်ဘဲနဲ့”

ပြောရင်း သူမ သူ့ရင်ကို ဖွဖွထု၍ ရုန်းထွက်ပြန်ထိုင်သည်။ သူ တစ်ခုခုပြောရန် လှည့်ကြည့်လိုက်သောအခါ ပါးကလေးကို ပွတ်ရင်း ရှက်သွေးဖြာနေသော မျက်နှာနုအုဖတ်လေးကို အနီးကပ် တွေ့ရသည်။

“အဲ့ဒီပါးလေးကို ဘယ်သူနမ်းဖူးလဲဟင်”

“တစ်ယောက်ပဲ ရှိခဲ့တယ်”

“ဟင်. . . ဘယ်သူလဲဟင်”

“မေမေလေ”

“နန်းမွေ တကယ်ရည်းစားမထားဖူးတာလား”

“ပြောခဲ့ပါပြီကော. . . နန့်ချိန်မရခဲ့ပါဘူးလို့၊ လူကို မယုံသက်ာနဲ့၊ ရှင်ကြီးပဲ မပြောမဆိုနဲ့ ပထမရသွားတာ”

“ဒီခေတ်သစ်မှာ ဘယ်သူက ကြော်ငြာပြီးမှ နမ်းကြ ချစ်ကြတော့လို့လဲ”

“ကိုယ် အီးပါတဲ့မြေ ကိုယ်မေ့နေပြန်ပါပြီ ရွာမလေ့သမားကြီးရယ်”

“ဒါက ရေကမ္ဘာလေ၊ ဖိုမ,ဝလေ့ပဲ ရှိတယ်”

“ကဲပါ. . . ပထမဆုံး အနမ်းခံရတဲ့ မြီးကောင်ပေါက်မလေး ရှက်လို့မဝသေးပါဘူးရှင်၊ သူ ရှေ့တည့်တည့်ကြည့် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ သူ့အကြောင်း ရှက်ရင်း နားထောင်မယ်"

ယာဉ်ငယ်သည် မြေပေါ်သစ်ခွထက် လှ၍ အလွန်ကြီး မားသော ရေအောက်ဂမုန်း ရောင်စုံတောကြီးထဲ ဝင်လာ၏။

"အို. . . လှလိုက်တာ၊ အိပ်မက်ထဲ ရောက်နေသလိုပဲ"

"လှသလောက် ပဋိဇီဝဆေးဘက်လည်း ဝင်တယ်၊ ကဲ. . မျက်စိက အပြင်ကိုကြည့်၊ နားက ကိုယ့်အသံကိုကြည့်"

လက်တစ်ဖက်နှင့် သူမကို ပွေ့ဆွဲယူရင်း ရင်ခွင်ကို မှီစေလိုက်၏။

"ကိုယ် ဘရသေ့ကျောင်းမှာပဲ ဆယ်တန်းအောင်တယ် ဂုဏ်ထူးစုံနဲ့"

"ဟယ်. . . တော်တယ်တော့၊ ဟီဟိ. . ရွာသူအသံ ရွာသူလေနဲ့ ပြောကြည့်တာပါ. . . ဆက်ပြော"

ရွာသူအစစ်လေးပဲ ဖြစ်လိုက်ပါတော့ကွယ်။ ဒီလိုပဲ ကိုယ့်ရင်ခွင်ထဲမှာ တစ်သက်လုံး နေသွားပါတော့။ လုံခြုံနွေးထွေးပါစေ့မယ်။ ကြေကွဲအတွေးက စိတ်အင်အားကို ခဏဆွဲချသွားပြန်သည်။ သူပြန်မှာကို မေ့ထားစမ်း. .။ ဒိုင်ယံ အခက်ခဲဆုံးက ကိုယ့်ကိုယ်ကို အမိန့်ပေးခြင်းပါလားလေ။

"ဟင်. . . ဆက်ပြောလေ၊ သူ့အသံကို မြင်နေရမှ"

"အဲ့ဒီမှာ ဘရသေ့က ဆုံးဖြတ်ချက်ကြီးကြီးကို ချတယ်၊ ငါသား အင်တာနက်ကျောင်းတက်တာ တော်ပြီတဲ့၊ တက္ကသိုလ် ကျောင်းတော်အစစ်ကို လူတွေကြားမှာ သွားတက်ဖို့ အချိန်တန် ပြီတဲ့၊ လက်တွေ့ဖြေဆိုရမယ့် စာမေးပွဲတစ်ခု ကျန်သေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါက လူမှုရေးဘာသာရပ်ပဲ၊

ဘရသေ့က ငယ်စဉ်တောင်ကျေး ဘဝကတည်းက ဝတ်စားနေထိုင်နည်း မြို့တော်သားတွေအတိုင်း အရွယ်အလိုက် သင်ကြားပေးတယ်၊ တောကြီးမျက်မည်းကြီးထဲ မြို့တော်သားလို ဝတ်စားနေထိုင်နိုင်အောင်လည်း ဖြည့်ဆည်းပေးထားတယ်၊ တမ္ဘာကြီးကို မရောက်ဖူးတာကလွဲလို့ အကုန်မြင်နေရတာပဲလေ"

"ကိုယ့်ဘဝက ဆန်းလိုက်တာနော်၊ နန်းမွေ့ကတော့ ရွှန်းတွေ ဆော့တဲ့ကလေးလေး၊ ဖိနပ်မပါ ပုဆိုးကွင်းသိုင်း လေးခွ တစ်လက်နဲ့ ငှက်ပစ်ရင်း တောတွင်းသား တာဇံလို ကြီးပြင်းလာမယ်လို့ ထင်ထားတာ"

ယာဉ်ငယ်သည် ဧရာမ ဂမုန်းပွင့်ကြီး၏ ပွင့်ဖတ်ပေါ် ဖြတ်သန်း၍ ယိမ်းထိုးကြိုဆိုနေသော ဝတ်ဆံဝါဝါတွေကြား ခဏ ရပ်နားလိုက်သည်။ သက်ဝင် ဝတ်ဆံပင်တွေက နွေးနွေးဖွဖွ ရစ်ပတ်ဖက်တွယ်ထားလိုက်ကြ၏။ သူတို့၏မွှေးရနံ့ကို အာရုံခံ တတ်သော ယာဉ်ကိုယ်ထည်က အတွင်းသို့ လိုအပ်သလောက် တွန်းပို့ပေးနေ၏။

"ထူးဆန်းလိုက်တာနော်. . . နွေးနွေးထွေးထွေးနဲ့ မွှေးကြိုင်သွားတာပဲ"

"အဲ့ဒီဝတ်ဆံနံ့ဟာ ဖြူစင်တဲ့ချစ်ခြင်းမေတ္တာတရားကို လည်း အင်အားတိုးပွားစေတယ်၊ ရာဂအားဆေး မှတ်ဘူး"

"ဟုတ်တယ်နော်. . . တစ်မျိုးခံစားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး ခဏကြာအောင် စူးစိုက်ကြည့်လိုက်မိကြ၏။ အသွေးအသားနှင့် အရေပြားဆန္ဒကင်းသော ချစ်ခြင်းမေတ္တာတရားများ လှိုင်းတံပိုးလို ကိုယ်စီရင်တွင်း လှုပ်ခတ်ခြင်းသည် ဖြစ်တည်လာ၏။ တည်ကြည်လေးနက်ခြင်းဖြင့် မျက်ဝန်းချင်း ဆက်သွယ်နေရာမှ စိတ်ထဲက လှိုက်ခနဲ သူမ ပြောလိုက်မိတော့သည်။

. . ကိုယ့်ကို သိပ်ချစ်တယ်၊ ကိုယ့်မျက်ဝန်းကို ထမင်းစားပွဲမှာကတည်းက စွဲလန်းခဲ့တာပါရှင်. . ။

"ကိုယ်ကတော့ မင်းမျက်ဝန်းသေးသေးလေးကို ဝေဒေဟီ ကွန်ပျူတာဖန်သားပြင်မှာ မြင်ကတည်းက ရင်ခုန်ခဲ့တာ"

ပြိုင်တူပင် ဖွဖွဖက်လိုက်မိကြသည်။ ရင်အုံချင်း ဘယ်ညာ လွဲနေသလို နှလုံးသားချင်းတော့ ထပ်တူမကျ။ ရင်ခုန်နှုန်းနရီကတော့ (တိတိပပ) ထပ်တူကျညီလေပြီ။ သူမရင်တွင်းအသံကို ထိုနရီထဲ မြည်လာပြန်၏။

. . ဝတ်ဆံတွေ ဖုံးလို့ ဟိုမျက်လုံးကြီးလည်း မရှိတုန်း ရင်ခုန်နှုန်းလည်း မြင့်နေတုန်း ချစ်ဆုံးကို နမ်းပါမောင်. . ။

ကမ္ဘာပေါ် ရှိရှိသမျှ ဆည်းလည်းအပေါင်းထက် သာသောအသံ၊ ကမ္ဘာပေါ် ရှိရှိသမျှ တေးသီငှက်တို့ထက် ချိုသောအသံ၊ ဆန်းကြယ်သော သူ့စိတ်နားက ကြားဖူးသမျှစကားများထက် ထူးခြားသောအသံ၊ နားဝင်ပီယံ အဖြစ်ဆုံးသော ဤဂီတသံကိုမှ သူ မကြားလျှင် ဘယ်လိုလုပ် ယောကျ်ားဘသာ ပီသတော့မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းမနဲ့မှ မပတ်သက်နဲ့ဟု တားမြစ်ခဲ့ဖူးသော ဘရသေ့စကားကြောင့် သူ့ဘဝ၌ ဘယ်ပါးဘယ်နှုတ်ခမ်းမှလည်း မစမ်းသပ်ခဲ့ဖူးပါ။ သည်တစ်ခါကတော့ ဘရသေ့၏ခွင့်ပြုချက်လည်း ရပြီးပြီလေ။ ငုံ့လင့်နေသော အနီးကပ်မျက်နှာလေးကို ငုံ့ငေးကြည့်နေရာမှ တဖြည်းဖြည်း တဖြည်းဖြည်း. . နွေးခနဲ မွှေးခနဲ အိခနဲ. . ချိုခနဲ. . အို. . ။

ဤသို့ဖြင့်(နှုတ်ခမ်းအသစ်ကလေးနှစ်စုံ ဝတ်မှုန်ကူးခြင်းအားဖြင့်) ရောင်စုံပန်းတောကြီးထဲ နောက်ထပ်ပန်းသစ်တစ်ပွင့် ယခုပင် ပွင့်သစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# တစ်ပွက်တည်းသော ဂယက်လေး

ငြိမ်သက်သွားသော
အသံကွန်ယက်ကြီးထဲ
အသံဂယက်ကလေးနှစ်ပွက်
အကွင်းလိုက် အကွင်းလိုက်
ထပွက်၏..။

တဒုတ်ဒုတ်..တဒုတ်ဒုတ်..
ရင်ခုန်သံလှိုင်း
ညီညီညက်ညက် ထပ်တူနီးပါး
ထပ်တူကျလျက် ထပွက်၏...။
ပွက်နေ၏...။

နောက်ကျတော့ ဂယက်လှိုင်းလေး
တစ်ပွက်တည်းဖြစ်သွား၏...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

ကျောက်ပေါလောစေတီ၏ ယာဉ်ရပ်စခန်းတွင် ကားလေးကို ငြိမ့်ခနဲ ထိုးဆိုက်လိုက်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၂၀၀၀)ကျော်မြင့်သော ယာဉ်ရပ်စခန်းကို ကျောက်တောင်ကြီးတစ်ခြမ်းခန့် ဖြို၍ ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ထားသည်။ စကျင်ကျောက်ပြား အပြည့်ခင်းထား၍ သန့်ရှင်းနေသည်။ ယာဉ်ရပ်စခန်းနှင့် ကျောက်ပေါလောစေတီရင်ပြင်ကျောက်ဖျာကို (C.T) CABLE TRAI´ ခေါ် ကောင်းကင်ကြိုးရထားဖြင့် ဆက်သွယ်ထားသည်။ ကိုက်(၁၂၀၀)ကျော်အဝေးကို



www.burmeseclassic.com

www.burmeseclassic.com



မှန်လုံကောင်းကင်ရထား ဖြည်းဖြည်းစီးရင်း မနောဒသရေအိုင်ကြီး၏အလှနှင့် အင်ဖာဗီရှာကြီးကို အပေါ်စီးက မြင်ရသော မျက်စိပသာဒသည်လည်း ဤဒေသ၏ ကြီးမားသောစွဲဆောင်မှုတစ်မျိုး ဖြစ်သည်။

ဘုရားဖူးခရီးသည်(၂၀)စီဆန့်သော ကောင်းကင်ရထားလေးများ ကြိုးတန်းလန်း ပုတီးတန်းလို ပုံမှန်(အသွားအပြန်)လည်ပတ်နေပုံကလည်း အလွန်လှသည်။ ကားပေါ်က မဆင်းကြသေးဘဲ ထိုမြင်ကွင်းအလှကိုပင် သူမ ခဏငေးနေသည်။

ငေးနေသူကို သူက ငေးနေသည်။

"အင်း. . . သဘာဝတရားကြီးကို မထိခိုက်စေရဘဲ သဘာဝတရားကြီးကို ဖူးမျှော်ခံစားဖို့ လူသားတွေ စဉ်းစားတီထွင်ထားပုံကလည်း အံ့မခန်းပါပဲလားနော်"

"အဲ့ဒါကို မြင်တတ် ခံစားတတ်တဲ့သူ့လေးကို နမ်းခွင့်ရတာကလည်း အံ့မခန်းပါပဲ"

ရဲခနဲဖြစ်သွားသော မျက်နှာလေးနှင့် သူမနှုတ်ခမ်းကို သူမလက်ဖြင့် ယောင်ယမ်းပိတ်ကာလိုက်ပြီး. . .

"တော်ပြီကွာ. . . ရှက်တယ်၊ သူများသတိလက်လွတ်ဖြစ်သွားလို့"

"အတူတူပါပဲ. . . ကိုယ်လည်း အဲ့လိုပဲ"

"လူလည်ကြီး. . . သူ တမင် ဝတ်ဆံတောထဲ မှောင်းသွားပြီး သူများကို ညှို့ငင်ဖြားယောင်းသွေးဆောင်တာ"

"အဲ့ဒါကို ငြင်းတယ်. . . လုံးဝမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘရသေ့စကားကို ပြန်လည်ကြားယောင်သည်။

"သမုဒယနဲ့ ပတ်သက်တဲ့ ဘဝအချိုးအကွေ့တစ်ခု အခု ရွာအပြန်မှာ သားကြုံရတော့မယ်၊ ပုထုဇဉ်ပီပီ ဘဝအရသာမှာ ကြည်နူးပျော်ရွှင်ပါ. . . လိမ္မာပါးနပ်ပါ၊ အရေးကြီးတာက တစ်ဖက်သားရဲ့စိတ်ကို ကြားမြင်ဖတ်ကြားနိုင်တဲ့ သားရဲ့ အားသာချက်ကို မသုံးမိပါစေနဲ့၊ သူ့ရဲ့မေတ္တာကို ညှို့ငင်ယူတာမျိုး လုံးဝ မဖြစ်ပါစေနဲ့၊ သူ့ရင်ထဲက အလိုအလျောက် စိမ့်ယိုလာတဲ့ သံယောဇဉ်ဆိုတဲ့ တွယ်ငြိမှုနဲ့ မေတ္တာစမ်းရေကိုသာ သဘာဝအတိုင်း ငုံလင့်ပါ"

သဘာဝအတိုင်းပဲ စိမ့်ပျံ့စီးဝင်ခဲ့ပါပြီ ဘရသေ့။

စီတီစီးရန် စနစ်တကျတန်းစီနေသော လူတန်းကြီးကို သူ လှမ်းကြည့်သည်။ တိုးရစ်တွေ များသည်။

"ကဲ. . လာ. . လာ၊ သွားတန်းစီကြမယ်၊ ဒီနေ့ လပြည့်နေ့ ကျောက်ဖျာပုခက်စီးဖို့ နည်းနည်းစောနေသေးပေမယ့် ရင်ပြင်ပေါ်မှာ ထူးဆန်းတာတွေ လိုက်ပြချင်သေးတယ်"

"ကိုယ့်အကြောင်းလည်း ဆက်ပြောရဦးမယ်လေ"

"သိပ်ပြောချင်နေတာပေါ့ ကိုစိမ့်ရေအိုင် သန့်စင်လေးရယ်"

ကားထဲက ထွက်လိုက်ကြသည်။ တိုးရစ်အတွဲတစ်တွဲက သူတို့ အင်ဖာဗီ ချစ်သူနှစ်ဦးနှင့် အမှတ်တရ ဓါတ်ပုံရိုက်ပါရစေ ဆို၍ ရိုက်ပေးလိုက်ရသေးသည်။ အင်မတန် လှ၍ လိုက်ဖက်ညီသည်မို့ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုးစူးအာထူး တင်ပါဒေ အိုအောင်မီးအောင် ဗေါင်းရေ ပါစီ" တဲ့။

နောက်မိနစ်အနည်းငယ်ကြာသောအခါ မှန်တွေကာ ထားသော စီတီထဲက နှစ်ယောက်ထိုင်ခုံလေးပေါ် ရောက်ရှိနေလေသည်။ မနောဒသ ရေအိုင်ကြီးအလှကို အပေါ်စီးမှ ညွတ်နူးဖွယ် မြင်နေရသည်။ လွင့်မျောနေသော တိမ်မျှင်ကြားသို့ ဝေဿာလီ ဗျိုင်းဖြူတစ်အုပ် ပျံသန်းနေပုံက နောက်ခံရေကန် စိမ်းစိမ်းရင့်ရင့်နှင့် တင့်တယ်လှပါသည်။

နန်းမွေက ကင်မရာချိန်ရင်း . .

"ဗျိုင်းဖြူဖြူ အုပ်လိုက်ကြီး ပျံတာကို အပေါ်ကနေပြီး ဒီတစ်ခါပဲ မြင်ဖူးသေးတယ် . . လှလိုက်တာနော်"

ရေအောက်ကြမ်းခင်းကို ဒိုးယိုပေါက် မြင်ရအောင်ပင် ရေက ကြည်လင်နေသဖြင့် ရေအောက်ဂမုန်းပန်းတောကြီးကို အပေါ်မှနေ၍ ရောင်စုံပန်းချီကားချပ်ကြီးပမာ ရှုမြင်နေရ သည်။ အရောင်အသွေးမျိုးစုံသော ရွှေငါးကြီးတွေ လူးလာ ကူးခတ်နေပုံကလည်း လှပလွန်းသည်။

စီတီ တဖြည်းဖြည်း ချဉ်းကပ်လာသည်နှင့်အမျှ ပေါ်လောပေါ် ကျောက်တောင်နံရံရှိ သစ်ခွမျိုးစုံ တွဲရရွဲ ပွင့်နေသည်ကို အနီးကပ်မြင်ရပြန်သည်။ ပန်းချီကျော်ပင် ငိုင်ငေးလောက်သည့် အရောင်ပေါင်းစပ်မှုနှင့် ဆင်လိပ်ပြာကြီးတွေက ပန်းပွင့်တွေအနီး နိမ့်တုံမြင့်တုံ လူးလာပျံသန်းရင်း ပန်းဝတ်ရည်စုပ်ရန် အုပ်လိုက်သင်းလိုက် ရှိနေပြန်သည်။ MOVIE HANDSET နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ မှတ်တမ်းတင်ရင်း ပြုံးပျော်ရွှင်ပျနေပုံကလည်း ချစ်စဖွယ် ကောင်းနေသည်။ ဤသို့ဖြင့် ကျောက်ဖျာရင်ပြင်ကို ဆိုက်ကပ် လာသည်။

ရွှေရောင်ဝင်းလက်မှုသည် ဘုရားဖူးအားလုံး၏ ကြည် ညိုခြင်း မျက်နှာပေါ်သို့ ဩရိသရောင်ခြည်အဖြစ် ဟပ်၏။ သမ္မာ သမ္ဗုဒ္ဓ ဉာဏ်တော်ကြီး၏အလင်းသည် ကျောက်ဖျာတန်ခိုး ဖြာ ဆင်းဝင်းလက်နေ၏။ ဘုရားဖူးအပေါင်းကို လင်းဖြာဖြန့်ကျက် အုပ်မိုးထားသလိုရှိ၏။ ကြင်လင်ခြင်းအေးမြခြင်းသည် စိမ့်ခန် ရင်ထဲတိုးဝင်လာ၏။

သောကဗျာပါဒ ပူပန်စိုးရွံ့ တွန့်ကြေနေသည့် မီးတောက် တွေ ရှင်းခန် ရင်ထဲက ထွက်သွား၏။ လိုအပ်လာပါမှ ဗျာဒိုဟာ ဖြသည့် ဗုဒ္ဓအဖသည် မဟာဆရာသခင်သည် လိုအပ်လာ၍ ထင်သည်။

ဤကျောက်တောင်ကြီးနှင့် ဤရပ်ဝန်းဒေသ၌ ဗျာဒိုဟာ ခေါ် အံ့ဖွယ်တန်ခိုးတော်ကို ပြသထားပေပြီ။ ဤအရပ်၌ ရင်သပ် ရှုမောဖွယ်များ ပြည့်နှက်အောင် သူ၏တန်ခိုးကို ပြသထားလေ သည်။ ဉာဏ်တော်အတောင်သုံးဆယ်သာရှိသော ရွှေစေတီ၏ အလင်းသည် နေ့ခင်းကြီးမှာပင် အကွင်းကွင်းနှင့် လွင့်ထွက်နေ သည်။

"ကြည့်စမ်းပါဦး ကိုရယ်၊ နန်းမေ့တို့အားလုံး ရွှေရောင် တွေ ချက်ချင်းဖြစ်သွားတာ ပျော်စရာကြီး. . . လှလိုက်တာ"

သူမကိုယ်သူမ ပြန်ငုံ့ရင်း ပြောခြင်းဖြစ်ပြီး ဟီးဟီးဟု ရယ်



www.burmeseclassic.com

www.burmeseclassic.com



ဟန်လေးက ပီဘိကလေးငယ်လေးလိုပါပင်။ ပြီး၍ သူ့လက်မောင်းကို လာဖက်၏။ သူမ၏ နူးညံ့သိမ်မွေ့ဆုံး ထိတွေ့မှုထဲ ညာဘက်လက်မောင်းသည် အိခနဲ မြုပ်ဝင်သွား၏။

"ဟုတ်တယ်. . . စေတီတော်ရဲ့တန်ခိုးက သက်ရှိသက်မဲ့အားလုံး ရွှေရောင်ပြောင်းပစ်လိုက်သလိုပဲ၊ ဗုဒ္ဓ ပညာပြထားပြီလို့ ခေတ်စကားနဲ့ပြောရင် ရှိုင်းရာများကျမလား မသိဘူး၊ ထိထိမိမိ ပြောချင်ရင်တော့ အဟုတ်ပဲ၊ ဗုဒ္ဓ ပညာပြထားပြီ"

"ဟာမလေးတော်. . စကားလုံးက မြေမျိုလောက်တယ်"

"အလင်းနဲ့ အရင်ဆုံး ဖမ်းစားထားပြီးလေ၊ ပြီးရင် ဟောဒီရင်ပြင်၊ ဒါ လူညီထားတာ မဟုတ်ဘူးနော်၊ ဧက(၂၀)နီးပါး ဒီအတိုင်း ချောမွေ့နေတာ၊ ဒီကျောက်ဖျာပေါ်က ဒီဇိုင်းကြီးဟာလည်း လူသားလက်နဲ့ ရေးထွင်းထားတာ မဟုတ်ဘူး၊ ပထမဆုံး ဒီကျောက်ဖျာပေါ် ရောက်လာတဲ့ ရှေးဘိုးဘွားဘီဘင် အာဒီးကားဆိုတဲ့ အဘိုးဟာ ဒီကျောက်ဖျာပေါ်မှာ ဒီ,ဒီဇိုင်းကြီးကို ဒီအတိုင်း တွေ့ခဲ့တာတဲ့၊ သူပဲ ဒီ,ဒီဇိုင်းအလယ်ဗဟိုက စက်ဝိုင်းထဲမှာ ဒီစေတီကို တည်ခဲ့တာတဲ့၊ ဘယ်လောက် ခက်ခဲခဲ့မလဲနော်၊ ဘာယန္တရားမှ မသုံးဘူးတဲ့၊ အဲ့ဒါလည်း အံ့ဖွယ်တစ်ခုပဲလေ"

"ဟုတ်ပါရဲ့. . . ကျောက်ထွင်းဒီဇိုင်းက စကြ်ဝဠာကို အခြေခံထားပုံပဲ၊ လူသားလက်ရာ အဲ့လောက်မမြောက်ဘူး"

ကျောက်ထွင်းဒီဇိုင်းကြီးအလယ်၌ စေတီလက်ရာသည် သပ္ပါယ်လေစွ။ အချိုးကျလွန်းသည်။ လယ်ဗယ်ကိုရိုပဲ သိအိုရီလိုက်ခေါ် ရေပြင်ညီထောင့်မှန် တိကျပြတ်သားလှ တိုင်းညွှန်း



www.burmeseclassic.com

www.burmeseclassic.com



သော ကိုရိယာမပါ(မသုံးဘဲ) တည်ဆောက်ထားခြင်းလည်း ဖြစ်သည်တဲ့။ ဒသမ(၀၀၀,၀၀၁)စင်တီတောင် မျဉ်းမတ်ကမလွဲ။ အာဂရှေးဟောင်းဗိသုကာ။ ဒါလည်း အံ့ဖွယ်ပဲ။

"ဗောဓိညောင်ပင်နဲ့ လိုအပ်တဲ့သစ်ပင်ပန်းပင်တွေက ကျောက်ဖျာပေါ် ဘယ်လိုများ ပေါက်နေတာလဲ"

"ရှူး. . . တိုးတိုး၊ အဲ့ဒါက သစ်ပင်တုတွေ၊ ဂေါ်ပကာနဲ့ ရွာသားစစ်စစ်တစ်ချို့ပဲ သိတယ်၊ အဲ့ဒီလူစုကို လက်တို့စည်းရုံးပြီး ကိုယ်လုပ်ထားတာ၊ ဒီရွာကို ရောက်လာပြီး မကြာခင်မှာပဲ ဆိုပါတော့"

သူမက သစ်ပင်ကို ကိုင်ကြည့်သည်။

အရွက်ကို ကိုင်ကြည့် သည်။

"ဟယ်. . . တကယ့် သစ်ပင်သစ်ရွက်အတိုင်းပဲ"

သူ ရယ်၍သာနေလိုက်သည်။ မေးမလာပါဘဲ သူအမှန်အတိုင်းပင် ပြောချလိုက်သည်။

"ဘယ်သူမှ မသိစေနဲ့၊ အဲ့ဒါ ဘရသေ့ လုပ်ပေးခဲ့တာ၊ သူ့သိပ္ပံဝိဇ္ဇာ ပေါင်းစပ်ထားတဲ့ပညာ ပြထားတာလေ"

"ညတွင်းချင်း ကျောက်ဖျာပေါ်ပေါက်လာတဲ့ ဗောဓိပင် အပါအဝင် သစ်ကြီးဝါးကြီးများ"

ဆိုတဲ့ အင်ဖာဗီသတင်း ကမ္ဘာကျော်ခဲ့တယ်လေ။

"ဘရသေ့လည်း တတ်ကျွမ်းတဲ့ သူ့ပညာနဲ့ အဖွဲ့ သဗ္ဗညုတကို တသပူဇော်ထားတာပေါ့၊ ခရီးသွားလုပ်ငန်းနဲ့ နိုင်ငံဘဏ္ဍာထဲ ကမ္ဘာသုံးကျပ်ငွေတွေ သောက်သောက်လဲဝင်



www.burmeseclassic.com

www.burmeseclassic.com



တော့တာပေါ့၊ ဘရသေ့ တိုင်းပြည်အပေါ် တာဝန်ကျေနေပုံကို ပြောရင်း ဘရသေ့ကို သတိရလိုက်တာ၊ ဘရသေ့ဟာ အာကာသဗျူရိုက သိပ္ပံပညာရှင်ကြီးပေါ့၊ ထင်ပေါ်ကျော်ကြားမှုကို ငြင်းပယ်တယ်၊ လက်ရှိပညာရှင်အားလုံး ဦးညွတ်ရတဲ့ ဗျူရိုနောက်ကွယ်က ဗုဒ္ဓကို သက်ဝင်လွန်းတဲ့ ဆရာသခင်တစ်ပါးပဲ"

"ဘာဖြစ်လို့ တောထွက်တာလဲဟင်"

"တောမှာမှ ကျင့်လို့ရတဲ့ ဗုဒ္ဓကျင့်စဉ်တစ်ချို့နဲ့ လျှို့ဝှက်တဲ့ နာကျည်းချက်တစ်ခုလည်း ရှိမယ်ထင်တယ်၊ သူ မပြောဘူး"

ထိခြင်းငါးပါးနှင့် ဦးချနေသောစုံတွဲလေးကို ဆည်းလည်းတချို့က ငုံ့ကြည့်ရင်း သာယာရင်းပြောင်းသော ရွှေသားစစ်စစ်အသံကို ပေး၏။ ထိုအသံက အလင်းကို ခိုစီးရင်း ရွှင်းခနဲ ရင်ကို တပ်အပ်လာစိုက်၏။ လှိုက်ခနဲ ဖြစ်ရသည်။ ဘုရားဖူးအားလုံးပဲ ဖြစ်ကြပါလိမ့်မည်။

ဗုဒ္ဓအရှင်အား ဦးခေါင်းညွတ်ထားသူ တစ်ရင်ပြင်လုံး (တက်ညီလက်ညီ ညွတ်နူးနေသူ) အားလုံး လှိုက်ခနဲ ဖြစ်ကြရပါသည်။

ခေတ်ဟောင်းမဟာဂန္ဓဝင် စာဆိုရှင်ကြီး ထူးသိမ်သင်၏ မဟာဝီရ အိုဗုဒ္ဓကို တစ်ခေတ်ဆန်း ဩဂုတ်စတာသံနှင့် ဂေါ်ပက (မျှတအောင်) ခပ်ပါးပါးဖွင့်ထားသည်။ ဘာအလှူမျှ မခံပါ။ ချမ်းသာကြွယ်ဝသော ရှာမျက်နှာဖုံးများမှ ဘုရားဝေယျာဝစ္စကို အိုးဝင်စိုက်လုပ်ကြသည်။ ဖြောင့်မတ်ကြသည်။ သူ အလွန်ရိုသေသော ဂေါ်ပကများဖြစ်သည်။ နိုင်ငံတော်ကလည်း ဂေါ်ပကတွေကို လို



www.burmeseclassic.com

www.burmeseclassic.com



အပ်သမျှ ထောက်ပံ့သည်။ တားယူရသည်အထိဖြစ်သည်။

ဘုရားတရား တကယ်ရှိသော အစိုးရမင်းများလည်း ဖြစ်သည်လေ။ မင်းကျင့်တရား ဆယ်ပါးကို ကိုယ်တိုင်ရွတ်တတ် (စာရွက်မကိုင်) ကိုယ်တိုင်လည်း မြဲမြံစွာ ကျင့်တတ်ကြသည်လေ။ သီလကို ခါးဝတ်ပုဆိုးဟု ဥပမာပေးရမည်ဖြစ်သော်လည်း (ဝေါဟာရအားလုံး ဘောင်းဘီခါးပတ်သာ) သူဌေးကြီးများပီပီ အပြိုင်အဆိုင် ဝတ်ဆင်ကြသောကြောင့် သီလကို ခါးပတ်နှင့် ဘောင်းဘီဝတ်သလို မြဲကြသည်လေ။ သည်လိုမင်းကြောင့် နိုင်ငံတိုးတက်ခေတ်မီနေတာ ဆန်းသလား။

“ဘာဆုတောင်းလဲဟင်”

သူမက အရင်မေးခြင်းဖြစ်သည်။

“နန်းမွှေ ဘာဆုတောင်းပေးသလဲဆိုတာ ကိုယ် အရင်ပြောပြမယ်”

သူမ အလွန်သိချင်နေသော ပဟေဠိနှင့် ပတ်သက်နေခြင်းကြောင့် အလေးအနက် လှမ်းကြည့်သည်။ ပြော. . ဆိုသော မေးလှလေး ငေါ့ပြသည်။

“ဟိုနိုင်ငံခြားသားတွေ ဆုပေးသွားသလို အိုအောင်မင်းအောင် သူနဲ့ပေါင်းပါရစေလို့ ဆုတောင်းတယ်၊ မပီကလာ ပီကလာလေး ပြောသွားတာကိုတောင် နန်းမွှေ ပြန်ကြားပြီး စိတ်ထဲက ကြိတ်ပြုံးလိုက်သေးတယ် ဟုတ်လား”

“အဲ့ဒါကို ကိုဘယ်လိုလုပ် သိနေတာလဲဟင်၊ ကားပေါ်မှာကတည်းက အဲ့လိုမျိုး ခဏခဏပဲ”



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို သူ မာယာတစ်မျိုးမျိုး သုံးခဲ့မိပြီလား။ အားလုံး ဖြောင့်ချက်ပေးချင်လာ၏။

"ဟုတ်တယ်. . . ကိုယ်ဟာ တစ်ပါးသူ စိတ်စကားကို ကြားနိုင်တဲ့ နားတစ်စုံ ရှိတယ်၊ အဲ့ဒါ ပါဝါကို သိပ္ပံနဲ့ဝိဇ္ဇာပညာ နှစ်ရပ်နဲ့ ပေါင်းစပ်ထားတယ်၊ ကိုယ့်ဦးခေါင်းထဲမှာ အမျှင်ဆုံး သတ္တုစပ် အပ်တစ်ချောင်းရှိတယ်၊ နဂိုဗီဇ ကိုယ့်ပါဝါနဲ့ လိုအပ်သလို ချိတ်ဆက်ထားတယ်၊ စိတ်ဖရီကွင်စီကိုတော့ ကျင့်ယူရတယ်၊ မက်ဒီတေးရှင်းနဲ့ပေါ့. . ဗုဒ္ဓနည်းပဲ"

"ဒါကြောင့်ကိုး. . . ကာလနဂါးမကြီးရဲ့ သားထွေးလေးရယ်၊ ချစ်စရာကောင်းတဲ့ အံ့ဖွယ်သရဲလေးပါလား၊ ဒါဆို. . ဒါဆို. . ဟင်. . သူ့ကို စိတ်နဲ့တောင် မပစ်မှားရဲအောင်ပါလား"

ပြောပုံလေးက လှသည်။ တာသည်။ နွဲ့သည်။

"ပစ်မှားပါ. . မကြားချင်ယောင်ဆောင်နေပေ့ါမယ်၊ မညာရင် ပြီးတာပဲ"

"မပစ်မှားရဲပါဘူး. . . ဒါထက် မပစ်မှားရက်ပါဘူးရှင်"

အင်း. . . ဒုက္ခပဲ၊ ငါဖျစ်ညှစ်မိတော့မယ်၊ ရင်ပြင်တော်ကြီးမို့။ တောက်. . . ဆည်းလည်းသံတွေကလည်း သတိလှမ်းပေးပေလို့။ ဩော်. . . ချစ်ခြင်းမေတ္တာတရားရဲ့အောက်မှာ ငါ့စိတ်တွေ အလဲအကွဲပါလား ခွဲရမယ့်သူရယ်။

ငေးကြည့်ရင်း ချစ်သူရွှေ့ မျက်ရည်က (ခွဲခွာခြင်းအငွေ့ ကြောင့်) ဝေ့ခနဲတက်လာသည် ထင်သည်။ ချစ်သူ၏အရှိန်ကပ် မျက်နှာလေးလည်း ဝေ့ခနဲဝေဝါး မျက်တောင်မခတ်မိအောင်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရင်း အောက်မျက်ခမ်းပေါ်က ကျလုကျခင် မျက်ရည်ပြင်ကို မဖိမိအောင် အပေါ်မျက်ခွံတွေကို ချိန်ဆ၍ ခတ်ရသည်။

ဇတ်ခနဲ ပိကျ. . ခက်ခဲသော မျက်တောင်တစ်ခတ် ဖျတ်ခနဲ အောင်မြင်စွာ သူခတ်လိုက်နိုင်သည်။ ဝါးနေသောမြင်ကွင်း ကြည်သွား၏။ ပန်းတစ်ပွင့်၏ပြည့်စုံသောအလှနှင့် နှိုင်းယှဉ်ထားသောအလှ။

". . . ကျွန်မလည်း ခွဲကို မခွဲချင်တော့တာပါ၊ ဒါဟာ သစ္စာစကားပါ၊ ကဲ. . . ကြားလား. . ."

သူ ခေါင်းညိတ်ပြလိုက်သည်။ မျက်ရည်စက်နှစ်စက် သစ္စာရင်ပြင်ပေါ် ဆင်းသက်သွား၏။ ကျောက်ဖျာကြီး သိမ့်ခနဲ ဖြစ်သွားသည်။

ဆည်းလည်းသံတွေ ပိုလို့လာသည်။ စေတီ၏ထီးတော်ထိပ်ဆီက ဖြာလင်းနေသော အဝါအကွင်းကွင်း ဝင်းခနဲ ပိုထွက်လာ၏။ ထို့ထက် ပိုထွက်လာ၏။ သိမ့်ခနဲ သိမ့်ခနဲ ရင်ပြင်ကြီး ယိမ်းထိုးစပြုလာသည်။

ဟေးခနဲ ညီညီညွတ်ညွတ် ညာသံနှင့်အတူ မဟာဝီရ အိုဗုဒ္ဓ. . စာဆိုရှင် ထူးအိမ်သင်၏အသံက ရှေ့ကတိုင်ပေး၏။ ဘုရားဖူးများက လိုက်ရွတ်ကြသည်။ လူအုပ်သံ ပွဲတင်သံနှင့် ဗုဒ္ဓ၏ရောင်ခြည်တော်အောက်၌ ရင်ဝယ်သားကို သိပ်သလို တန်ခိုးဗျာဒိတ်နှင့် ချော့သိပ်နေသော ဗုဒ္ဓ၏ကျောဖျာပုခက်ပေါ် ဗုဒ္ဓကို ပူဇော်နေသည့် သားသမီးများ၏အသံသည် ခဝဂ်ညံ ချမ်းမြေ့နေ၏။ (၂၀)ရာစု သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်စကားကို ပြောခဲ့သည်။

"သိပ္ပံခေတ်လွန်ကမ္ဘာမှာ မေတ္တာတရားနဲ့ သက်ဆိုင်တဲ့ ငြိမ်းချမ်းခြင်းနဲ့ပတ်သက်တဲ့ နူးညံ့သိမ်မွေ့ဆုံး ဘာသာတရား တစ်ခု လိုအပ်မယ်ဆိုရင် ဗုဒ္ဓဘာသာကလွဲလို့ ဘယ်ဘာသာမှ မဖြစ်နိုင်ဘူး" တဲ့။

ယခုအခါ ထိုဟောကိန်း မှန်၏။ ကမ္ဘာ၏ လေးပုံသုံးပုံ ကျော်ကျော်ကို ဗုဒ္ဓ၏ဓမ္မရောင်ခြည် လွှမ်းခဲ့ပြီ။ စစ်မရှိ၊ ငြိမ်းချမ်း ခဲ့ပြီ။ ကျန်သည့်လေးပုံတစ်ပုံခန့်ထဲ စစ်သွေးကြွ မျိုးနွယ်စု အနည်း အကျဉ်း ကျန်နေသေးသည်။ စစ်ငွေ့က ငွေ့ငွေ့ရှိနေသေးသည်။ (စစ်သွေးကြွ မျိုးနွယ်စုအချို့ ဘုရားဖူးလာရင်း ဗုဒ္ဓဘာသာသို့ ပြောင်းရွှေ့သက်ဝင်သွားသည့် မှတ်တမ်းထောင်ချီ ရှိခဲ့ပြီဖြစ် သည်။ စာရေးသူ)

အင်း. . . စစ်ငွေ့လက်ကျန်တွေပါ ငြိမ်းအေးစေချင်လို့ ဗုဒ္ဓပျာငို့ဟာ ပြနေရော့လား။

မကြာခင် ကျောက်ဖျာကြီး ပကတိ ငြိမ်သက်သွားတော့ သည်။

ငြိမ်သက်သွားသော အသံကွန်ယက်ကြီးထဲ အသံဂယက် ကလေးနှစ်ပွက်. . အကွင်းလိုက်. . အကွင်းလိုက် ထပွက်၏။

တဒုတ်ဒုတ် တဒုတ်ဒုတ် ရင်ခုန်သံလှိုင်း ညီညီညက်ညက် ထပ်တူနီးပါး ထပ်တူကျလျှက် ထပွက်၏. . ။

ပွက်နေ၏။

နောက်ကျကျတော့. . (ထပ်ခနဲ. . စက်ဝိုင်းလို့) ဂယက်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းကလေးတစ်ပွက်တည်းဖြစ်သွား၏။

(မေတ္တာအာရုံဓါတ်ခံ ရင့်သန်သူတို့သာ မြင်ကြားနိုင်သော အပွက်ကလေး . )



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"ကျုပ်ရဲ့ပျော်ရွှင်ဖွယ်ရက်များထဲမှာပဲ ကြေကွဲဆို့နင့်ဖွယ် ဖြစ်ရပ်တွေက ဖြစ်လာတာပါပဲ၊ အယ်လ်ဘြာဆောင်းတွေဘာတွေ ရိုက်ကြည့်တဲ့စရိုက် ကျုပ်ဇနီးအာစင်တီက မကြိုက်ဘူး၊ ဘာလေးမွေးမလဲဆိုတာကို အူဝဲအသံနဲ့ ထပ်တူကြားချင်တဲ့ ရင်ခုန်ချင်တဲ့ မဟာမိခင်စရိုက်၊ ကျုပ်ကတော့ သားလေးမွေးမှာ ကြိုသိနေပေမယ့်လည်း ရင်ကတော့ ခုန်နေတာပါပဲ၊ ထင်အိန္ဒြလေး မွေးလာတယ်၊ စနေ နေတက်(၁၀း၁၀း၁၀) ဆယ်နာရီ ဆယ်မိနစ် ဆယ်စက္ကန့်မှာပဲ ထပ်တူဆယ်ဂဏန်းနဲ့ မွေးတာပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ. . အဆန်းပေါ့၊ ဒါပေမယ့် တစ်ပတ်တိတိ နောက်ကျမွေးလာခဲ့တယ်၊ ကျုပ်သိထားတဲ့မွေးနေ့ထက် ခုနစ်ရက်တိတိ နောက်ကျနေတယ်၊

အရင် ထင်အိန္ဒထက် ခု ထင်အိန္ဒက ခုနစ်ရက် ငယ်နေခဲ့တဲ့သဘော၊ အရင် ထင်အိန္ဒ တစ်လပြည့် မီးထုတ်မင်္ဂလာမှာ. . တစ်လပြည့်မွေးနေ့မှာပေါ့ အမှတ်တရကြီးတစ်ခု ဖြစ်ခဲ့ဖူးတယ်၊ အိုင်ကျူမြင့်တဲ့ ကျုပ်သားကို တစ်လသားမှာပဲ ဖယောင်းတိုင်မှုတ်တတ်အောင် ကျုပ် နှစ်ရက်နဲ့ လေ့ကျင့်ပေးနိုင်ခဲ့တယ်. . ဟင်း. . ဟင်း၊ ပရိသတ်တွေ လန့်သွားအောင် ကျုပ်အတွက် ကြွားချင်တာလည်း ပါမှာပေါ့၊ သားဦးမို့ ရူးနေတဲ့ ဖခင်တစ်ယောက်ရဲ့ချစ်ခြင်းလောဘပေါ့၊

ကိုယ့်သားကို လူပုံအလယ် သိပ်ကြွားချင်နေတာပေါ့၊ အဲ. . . ကင်မရာမီးကြိုးနဲ့ တိုက်မိပြီး မွေးနေ့ကိတ်ကြီး မှောက်ကျတယ်. . . သွားရော၊ မွေးနေ့ကိတ်ဆိုတာ ချက်ချင်းမှာ ချက်ချင်းရောက် မဟုတ်တော့ ပွဲပျက်ခဲ့ဖူးတယ်၊ ခု သားထင်အိန္ဒ မွေးနေ့ကျတော့ ကြိုသိနေပြီ၊ ဖယောင်းတိုင် မထွန်းခင် ကင်မရာမီးကြိုးကို ရှောင်ဖို့သတိထားနေမှ. . ဒါမှပွဲမပျက်မှာ၊ သားကိုလည်း ဖယောင်းတိုင်မှုတ် သင်ပြီးပြီ၊ ဟော. . . ဟိုမယ် မွေးနေ့ကိတ်တောင် လာပို့နေပါပကော၊ ဒီစားပွဲပေါ် တင်ပြီးမှ မှောက်ကျခဲ့တာ"

ကျုပ် ဝန်ထမ်းလက်ထဲက မွေးနေ့ကိတ်ကို လှမ်းကြည့်ရင်း လာချမယ့်နေရာနားမှာ ကင်မရာမီးကြိုး ဖြတ်ကျနေတာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ . . .

"ဟော့ . . . အဲ့ဒီကင်မရာကို ကြိုးဖယ်ထား၊ ဟိုမယ် မွေးနေ့ကိတ် အဲ့ဒီနေရာချမလို့"

ကင်မရာအကူ လူငယ်က ကြိုးကို စားပွဲပေါ်က ဖယ်ချသည်။ ကြိုးက စားပွဲနံဘေးကြမ်းခင်းပေါ် ပြုတ်ကျသည်။ ရှူးဖိနပ်အမည်း ဘောင်းဘီဘေးစင်းက ကြိုးကို ခလုတ်ဝင်တိုက်သည်။ ကြိုးက တင်းခနဲရှုန်းကြွ စားပွဲထောက်တိုင်ကို ခွေပတ်ထား၍ တိုင်နှင့်ပတ်နေသောကြိုး တင်းခနဲ တန့်သွား၏။ ကင်မရာ ထမ်းရိုက်နေသော ပခုံးလည်း နောက်ကဆွဲသလို ကြိုးတန့်နေ၍ လည်သွား၏။ (စားပွဲတိုင်နှင့် လူ့လည်တိုင်ခန့်ကို သွယ်ထားသော) ကြိုတစ်ချောင်း တင်းခနဲ ရှုန်းအဆန့် ထိုခဏကလေး၌ပင် နောက်ထပ် ကုမ္ပဏီဘောင်းဘီဝတ် ဝေါကင်းရှူးက ထိုကြိုးကို ခလုတ်တိုက်ချလိုက်တော့၏။

လက်ထဲက မွေးနေ့ကိတ်ကြီး ကြမ်းခင်းပေါ် ဖောက်ထိုးမိုးမျှော် အုပ်ဆင်းလာ . . .

"ကျုပ်ပြောချင်တာက ဖြစ်စဉ်ဟောင်းနဲ့ ဖြစ်စဉ်သစ်ဟာ အခြေအနေ အချိန်ကာလ နည်းနည်းတော့ လွဲတယ်၊ ဖြစ်စဉ်ကြီးကိုတော့ လွှဲပစ်လို့မရဘူး ဖြစ်ဖြစ်နေတယ်၊ မွေးနေ့ကိတ်ဟာ နေရာလွဲ မှောက်ကျတယ် ပွဲပျက်တယ်၊ ပွဲပျက်တာကို ရှောင်လို့မရဘူး၊ အဲ့ဒီမွေးနေ့ပွဲကို ဖြစ်သလိုပဲ ဆင်နွှဲနေစဉ်မှာ လေယာဉ်ပျက်ကျတဲ့သတင်း ဝင်လာဖူးတာပဲ၊ ဟုတ်တယ် . . . ဝီစီကြို (၈၀၈)လေယာဉ်ကွင်းစပ်မှာပဲ ပျက်ကျခဲ့ဖူးတယ်၊ အခု အချိန်



www.burmeseclassic.com

www.burmeseclassic.com



မီတယ်၊ ကျုပ် အဲ့ဒီလေယာဉ်ခရီးစဉ်ကို ရအောင်တားမြစ်မယ် (အသေအပျောက် ဒဏ်ရာရခရီးသည်စာရင်းပါ သူမှတ်မိနေသည်လေ။)

ကျုပ် ဝိသကြုံ လေကြောင်းရုံးချုပ်ကို ဆက်တယ်၊ အဲ့ဒီ ဝိသကြုံ(၈၀၈)ဟာ ကွင်းစပ်မှာတင် ပျက်ကျလိမ့်မယ်လို့ ပြောတယ်၊ ထုံးစံမရှိဘူး. . ဝိသကြုံသိက္ခာကို ချချင်နေတာ၊ ဘယ်က ဖုန်းသရဲလဲတဲ့၊ သေဆုံးဒဏ်ရာစာရင်းနဲ့ လေဆိပ်တာဝါကို ဆက်တယ်၊ သောက်ရူးဆိုပြီး ဆဲဆဲဆိုဆို ဖုန်းပြန်ချသွားတယ်. . . မှတ်ကရော၊ အဲဒီလေယာဉ် ပေါက်ကွဲသွားတယ်၊ ကျုပ်ပြောပြတဲ့ သေဆုံးဒဏ်ရာစာရင်းအတိုင်းပဲ၊ ဒါပေမယ့် ကွင်းစပ်မှာတွင် ပျက်ကျတာ မဟုတ်ဘူး၊ တစ်မိုင်လောက် ပိုဝေးတဲ့နေရာမှာ ပျက်ကျတယ်၊ အဲ့သလိုတွေ ဖြစ်ဖြစ်နေတယ်၊ ကျုပ်ဟာ ဘာလဲ"

"မှတ်မှတ်ရရ အဲ့ဒီနေ့က ဖေဖေ ရေချိုးခန်းမှာ နေ့ခင်း ပိုင်း ချော်လဲတယ်၊ လက်ဆစ်မျက်သွားတယ်၊ ဂေါက်မပြိုင်လိုက်ရဘူး၊ ဗိုလ်လုပွဲ ပြိုင်မယ့်နေ့ကြီး ဒုတိယပဲ ရတော့တယ်၊ ဖေဖေ ရေချိုးတာကို ဘေးက စောင့်ကြပ်ပေးနေခဲ့ရတယ်၊ ဖေဖေက "ငါ သိပ္ပံပညာရှင် အာကာသယာဉ်မှူးသားတစ်ယောက် ဖြစ်မြောက်အောင် မွေးလိုက်ပါတယ်၊ ဘာလဲ. . . မင်းက အခု ရှေ့ဖြစ်ဟောဆရာလားကွ" ဟု ဝေါက်ခြင်းကို ခံရသည်။

လေယာဉ်ပေါက်ကွဲသောကိစ္စ ဖေဖေ သိနေခဲ့၏။ တိုက်ဆိုင်မှုပါကွာတဲ့။ ခု ဖေဖေ ရေချိုးခန်းထဲ လဲတယ်။ လက်ဆစ်နာပြီး ဂေါက်ပြိုင်ပွဲ လွဲတယ်လို့ပြောပြီး ရေချိုးခန်းထဲ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ ဖေဖေမလဲအောင် စောင့်ရှောက်နေချိန်က သူ့ကို ဗေဒင်ဆရာဟု ကောခြင်းဖြစ်၏။ ဒါတောင် သူ့ဟာသူ လွတ်ကျသော ဆပ်ပြာ တက်နင်း၍ လဲပြိုမလို ဖြစ်ရသေး၏။ သူ ဆပ်ပြာတုံးကို ကန်အထုတ်မြန်ပေလို့. . . နို့မို့။

ဟူး. . . ဖေဖေ ဂေါက်ကွင်းသို့ သူ့ကား သူမောင်း၍ ထွက်သွားမှ သက်ပြင်းချနိုင်တော့၏။ မကြာပါ. . . ဖုန်းဝင်လာ၏။ ဖေဖေ ကားပါကင်တွင် ချော်လဲ၍ လက်ဆစ်လွဲသည်။

"အရိုးအကြော အထူးကု(အခမဲ့)အစိုးရဆေးရုံမှာတဲ့၊ ကဲ. . . ချန်ပီယံဆုနဲ့ အဲ့လိုလွဲပါတယ်၊ မနေ့က ကျည်ဆန်ရထား လမ်းချော်တာလည်း ကျုပ်ကြိုတားတယ်၊ ကျုပ်ဘယ်သူပါလို့ လို အပ်လို့ ထည့်ပြောမှ မိုင်တိုင်(၄၉)က သံလမ်းဆက်ဟနေတာကို မြင်အောင်ရှာကြတယ်. . . ပြင်တယ်၊ ရထား အဲ့ဒီမှာ ဘာမှ မဖြစ်လိုက်ဘူး၊ ဆက်မောင်းပြီး မိုင်တိုင်(၆၆)မှာ အဲ့လို ဆက်ပြုတ်နေတယ်. . . မှောက်ရော၊ ကျုပ် ဘယ်လိုလုပ် စိတ်ကောင်းနိုင်မှာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

တက္ကသိုလ် တက်ဖို့ တကယ်တမ်း လူကြားထဲလည်း ဝင်လိုက်ရော၊ အင်မတန် ခက်ခဲဆန်းကြယ်တဲ့ လူမှုဆက်ဆံရေးဘဝကို ကြုံရတော့တာပါပဲ။ အမှန်အတိုင်း ပြောလို့မရတာမျိုး၊ အမှန်တရားဘက်မှာ လူနည်းစုပဲ ရပ်တည်နေတာမျိုး။ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ အတွေးအခေါ် အယူအဆကို ပြောင်းမှဖြစ်မှာကို သိသိကြီးနဲ့ ဆက်ပြီး ရှက်ရမ်းနဲ့ ခေါင်းမာနေတာမျိုး၊ အယူအဆ အတွေးအခေါ်အသစ် လူနေမှုဘဝအသစ်ကို အားကျပြီး တစ်ယောက်တည်းနေရင်း ကျင့်သုံးပေမယ့် လူအများရှေ့ကျတော့(ကျွံထားတဲ့စကားကြောင့်) လူနေမှုဘဝသစ်ကို ဆန့်ကျင်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေတာမျိုး၊ ရယ်စရာရှိတော့ ရယ်ကြပြီး ငိုစရာရှိတော့ မငိုဘဲ ထိန်းနေကြတာမျိုး၊ ရင်ထဲက ဖြစ်နေတာမျိုး၊ လိုလားသယောင် ယောင် ပြုံးပြီး လက်ခံနေတာမျိုးတွေ၊ ထွီခနဲ ထွေးပစ်လိုက်ရမယ့် တံထွေးကို (ဇလုတ်ကလေး မလှုပ်အောင်) ကြိတ်မျိုချလိုက်ရတာ မျိုးတွေ၊ ဒေါသချောင်းချောင်း ထွက်နေပေမယ့် လူပုံအလယ် ပြုံးပြနိုင်အောင် စိတ်ကို မရအရ ထိန်းနေရတာမျိုးတွေ. . .၊

ဟိုစကားလိုပေါ့. .၊ အမှားတွေက ကမ္ဘာပတ်နေချိန်မှာ အမှန်တရားက ဖိနပ်စီးဖို့ ခြေအိတ်စွပ်တုန်းဆိုတာမျိုးတွေ အလွန်များနေတဲ့ လူဘုံခန်းဝါပါကလား အံ့အားတသင့်ကြီး လူနေမှု နိစ္စဓူဝထဲ တွေ့လိုက်ရတာ. . .၊

"အွန်လိုင်း စာသင်သားထဲမှာ ကိုယ်က နံပါတ်တစ်လေ၊ ကင်းလည်း ဖြစ်တယ်၊ ကျောင်းသူတွေကော ကျောင်းသားရာချီ ကပါ တခုတ်တရ မဲဆန္ဒနဲ့ ကင်းအရွေးခံထားရတာ၊ ဒါ ကိုယ် ရည်သွေးတီးလုံးတော့ မဟုတ်လောက်ပါဘူး၊ ခက်နေတာက ကိုယ်ပဲ. . . ကိုယ့်အားသာချက်ဟာ ကျောင်းတော်ကြီးနဲ့ ကိုယ့် ဝန်းကျင်မှာ အလွန်ဆိုးရွားတဲ့ အားနည်းချက် ဖြစ်လာတယ်. .၊

လူတွေစိတ်ထဲက အသံကို ကြားကြားနေရတဲ့ဒုက္ခနဲ့ ဒေါသဟာ ကိုယ့်လူမှုဆက်ဆံရေးမှာ ပြဿနာအကြီးကြီးပဲ ဖြစ် လာတယ်၊ တကယ်တမ်း အခင်ဆုံးလို့ ရွေးချယ်မိတဲ့ သူငယ်ချင်း က. . ကိုယ့်ကို အကြီးမားဆုံး မနာလိုဝန်တိုသူ ဖြစ်နေတာမျိုး၊ အဲ့ဒီဘုရင်မ ရွေးချယ်ခံရတဲ့ ကောင်မလေးဟာ အပျိုစင်အစစ် မဟုတ်ဘူး၊ မင်းကို လာပစ်ရင် မင်းရအောင်ရှောင်ပြီး သူက



www.burmeseclassic.com

www.burmeseclassic.com



အသေကြိုက်နေတာမျိုးပေါ့. . ।

ကျောင်းသူတွေကို သိပ်ဂရုမစိုက်ဖြစ်တာက ရိုးရိုးစင်းစင်း ပြောရရင် ဘရသေ့စကားနဲ့ ပထမကို ဆက်ထိန်းဖို့ တာဝန် ကြောင့်ပါ။ အဲ့ဒါကပဲ မိန်းမတွေ စိတ်ဝင်စားအောင် စတိုင်လ် တမင်ဖမ်းနေတာ ဖြစ်လာပြန်ရော၊ ရင်းရင်းနှီးနှီး အိတ်သွန်ဖာ မှောက် ပေါင်းမယ်ကြံခါမှ. . .

ရှေ့တွင် အပြုံးနဲ့ ဖော်ရွေမှု ချိတ်ထားတဲ့မျက်နှာရဲ့ ငယ် ထိပ်က. . .

"တောသား ဘုန်းကြီးကျောင်းသားက ရာရာစစ"

လို့ အသံက ပူပူလောင်လောင် ထွက်နေပြန်ရော။

"အဲ့ဒီလို ကြားကြားနေရတဲ့ကိစ္စဟာ ဒုက္ခနဲ့ဒေါသပဲ ဖြစ်စေတယ်၊ တရားက ထိုင်တတ်ခါစ ဒေါသကို အမိမဖမ်းနိုင် သေးတဲ့အရွယ်လေ"

"တစ်နေ့ ဘယ်လိုဖြစ်လဲဆိုတော့ အရှေ့တိုင်းဘာသာ ကျူတာပေါက်စက မြန်မာစာ အက်ဆေးတစ်ပုဒ် ရေးခိုင်းတယ်၊ လက်ပ်တော့နဲ့ မှုတ်ဘူး၊ စာရွက်နဲ့ဘောပင်နဲ့ ရေးခိုင်းတာ၊ လက် ရေးလည်း အကဲဖြတ်ချင် ထင်ပ့ါ"

ပြောလက်စ စကားကို သူ ခဏရပ်သည်။ ချယ်ရီပင် အောက် နှစ်ယောက်အတူတူ ထိုင်နေသော ခုံတန်းလျားအဖြူ လေးပေါ် သူ တက်ရပ်သည်။ ချယ်ရီပင်ခွကြား၌ သစ်ခွပန်းခိုင် ချစ်သူရင်ညွှန့်တွင် ထိုးစိုက်ဖူးသော ရှားပါးသစ်ခွခိုင်က လူတစ် ခုန်စာကို အနည်းငယ်လေး ကျော်လွန်၍ ငွားစွင့်ပွင့်နေ၏။ ပန်းကို



www.burmeseclassic.com

www.burmeseclassic.com



သူမော့ကြည့်သည်။ သူမလည်း သူကြည့်ရာ လိုက်ကြည့်သည်။ တွေ့သည်ပေါ့၊ သည်ပန်း သည်ပန်းတွေ အမှိုက်ပုံးထဲ ဝုန်းခနဲ ပစ်ထည့်ခဲ့တယ်လို့ အငေါ်တူးပြီးမှ ရင်ဘတ်ပေါ် ထိုးထားမိတာ သူမိသွားတဲ့ ပန်းဈေးမှာ မရှိတဲ့ပန်း၊ သူမ ရှက်စနိုး ဖြစ်ရသော ပန်း။

ဖတ်ခနဲ ဒူးညွှတ်ပြီး သူလှမ်းခုန်သည်ကို သူမ မြင်လိုက်သည်။ ဟိုက်. . . ရောက်တယ်တော့။ တစ်ပွင့်ခူးတယ်။ သက်သက်သာသာလေးနဲ့ မြက်ခင်းပေါ် ဒူးတစ်ဖက်နဲ့ တောက်လျှောက်ကျလာတယ်။ ဖက်ရွက်လိုပဲ လက်ထဲကပန်းကို ကမ်းရင်း. . .

"ဆရာရေးခိုင်းတဲ့ အက်ဆေးခေါင်းစဉ်က မှော်ဆရာတဲ့၊ အရမ်းရေးလို့ကောင်းတာပေါ့၊ အက်ဆေးထဲမှာ ကိုယ့်ကမ္ဘာကြီးကို အကောင်းဆုံး အလွယ်ဆုံးနည်းတွေနဲ့ ပြုပြင်ပစ်လိုက်တယ်၊ ကမ္ဘာကြီး ပြန်လည်နုပျိုလာတာကို သိသိသာသာ ထင်သာမြင်သာ ရှိလာနေတယ်၊ အပူအအေး ပြန်မျှတလာနေတယ်၊ ရာသီဥတု ပုံမှန်ဖြစ်လာနေတယ်၊ သဘာဝဘေးဒဏ်တွေ လျော့ကျလာနေတယ်၊ ပြုန်းတီးသစ်တောတွေ ပြန်စိမ်းလာနေတယ်၊ ခမ်းခြောက် မြစ်ရေ ချောင်းရေတွေ ပြန်စီးလာနေတယ်၊ ခမ်းခြောက်သယံဇာတတွေ နည်းသစ်နဲ့ ပြန်ဖြည့်လာနိုင်နေပြီ၊ လုံးဝဥဿုံ ကမ္ဘာကြီးသည် ငြိမ်းချမ်းဖုံ ရွာကြီးတစ်ရွာဖြစ်ဖို့ ဦးတည်နေလေပြီ၊ ကိုယ်သာ မှော်ဆရာဖြစ်ပြီး အမှန်ဘက်ကို တကယ်ပြောင်းပေးနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ် ရှိခဲ့ရင်ပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com



အလွန်အရေးကောင်းတဲ့ အက်ဆေးပါပဲ။ ရေးကောင်းကောင်းနဲ့ ရေးလိုက်တာ ဘေးချထားတဲ့စာရွက်ကနေ ဘေးကကျောင်းသူ ၏သည်မရွေး ခိုးချသွားတာ မသိလိုက်ဘူး။ သူက ပေပါအရင်အပ်ပြီး ထွက်သွားတော့ ကိုယ်က သူ့ဆီက ခိုးချတယ်ဖြစ်ကရော။ ကိုယ်က ငြင်းပေမယ့် ဆရာကပါ သူ့ဘက် ပါလာတယ်လေ။

"ဒိုင်ယံ. . . မင်းဟာ ဘုန်းကြီးကျောင်းသားဖြစ်လျက်နဲ့ ဘာလို့ ခိုးချတာလဲ" တဲ့။

ဆရာဟာ အဲ့ဒီကျောင်းသူကို ကြံစည်နေတာ ကြာပြီ။ ဟိုသူငယ်မလည်း ခပ်ပါပါ ဖြစ်နေပြီ။ သည်ပွဲမှာ သူ မနိုင်အောင် ဆရာ ဘက်လိုက်ပေးပါက. . .

ပူဇော်သောအနေဖြင့်. . .

"ဘာညာဘာညာတွေ အကုန်သိနေတော့ နှစ်ဦးနှစ်ဖက် သဘောတူကိစ္စ ကြည်ဖြူကြစေဆိုပြီး ကိုယ်အရှုံးပေးလိုက်တယ်၊ ကိုယ်ပဲ ခိုးချသူ ဖြစ်ပေးလိုက်တယ်"

ကြိမ်ဒဏ်ပြင်းပြင်း ငါးချက်မှာ အပြစ်ပေးတာ နှစ်ချက်၊ ကျန်သုံးချက်က ဂျေလပ်ဇီဆိုတဲ့ သဝန်တိုမှုဒေါသနဲ့ ရိုက်တာ။ အဲ့ဒီချာတိတ်မ ကိုယ့်ကို ကြိုက်နေတာ ဆရာသိတယ်လေ၊ ကြံတုန်း နှိပ်ကွပ်လိုက်ဦးမှ၊ ဘယ်သူက အပေါ်စီးလဲဆိုတာ မင်းကလေး. . ကြည့်။ မင်းကြိုက်နေတဲ့ ဘုန်းကြီးကျောင်းသား သူ့တောင်းစားကို ဟောသလို ငါရိုက်လို့ရသကွဲ့. . . တွေ့လား။

"ဖြန်း. . . ဖြန်း. . . ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်သံကို ကြားနေရတာဟာ အစော့်ကို ဟန်ကျတဲ့ အလုပ်ပဲ။ အသားက မနာပါဘူး။ ဒီစိတ်သံကို မကြားရရင် ဘယ်လောက်များ ဟန်ကျမလဲ။ ထောင်းခနဲ ဒေါသစိတ်တွေ ဖြာလင်းသွားတယ်။

ဖျတ်ခနဲ ဒေါသအလင်းထဲမှာပဲ ကွင်းခနဲ အသေးစိတ် မြင်လိုက်ရတာက စာသင်ခန်းမကြီး၊ စာသင်သားနဲ့ ဆရာသခင် နှင့် ခေါင်းငုံ့ခံနေသော သူကိုယ်တိုင်ကို အသေးစိတ် လှမ်းမြင် လိုက်စဉ် ဖြာဝင်းနေသော ဒေါသအလင်းကို မှိတ်ခနဲ စိတ်ထဲ ပြန်လည်သွတ်သွင်းလိုက်နိုင်သည်။

အပ္ပမ္မာဒေန. . သမ္မာဒေထ. . . ရပြီ။ သူ အခန်းထဲက အထွက်. . .

"ငါပါးသီလတောင် ဒီကောင် မလုံရင် ဘာကိုယုံရဦးမှာ လဲ၊ ပညာရှင်တွေပါ ဝိုင်းယုံနေတဲ့ သူ့ဖခင် ဆရာသခင်ဆိုတာက ကော ဘယ်လိုသီလနဲ့ ဘယ်လိုစွမ်းအင်ရှင်လဲ၊ ဒါဟာ စိမ့်ဖြန့် တွေးခြင်း သီအိုရီပဲ"

ဒေါသဆိုင်းကြိုးသည် ထောင်းခနဲ ပြတ်တောက်သွား ၏။ ကျောင်းခန်းထဲ ပြန်လှည့်မည့်ခြေလှမ်းသည် ဘရသေ့ အရိပ်ကြောင့် ရပ်သွား၏။ ထိုသောစကားကို အတိအကျဆိုသံ ကြား၏။

"ဘာမှ လှည့်မလုပ်နဲ့၊ ဆက်ထွက်ခဲ့ သား၊ ဘရသေ့တို့ မယုံကြည်ခွင့် ငြင်းပယ်ခွင့် သူ့မှာရှိတယ်၊ ဝေဖန်ခွင့် သူ့မှာအ ပြည့်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ကော်ရစ်ဒါဘက် ချိုးကွေ့ထွက်ခဲ့သည်။ ဘယ်ညာရှိ မှန်ပြတင်းတွေ . . ။

"ခွမ်း . . ခွမ်း . . ချလွမ်း . . ချွင် . . ခွမ်း . . ခွမ်းဂလွမ်း"

သူ့စိတ်ထဲ ဒေါသကို ချိုးနှိပ်ပြန်ကန် အဖန်ဖန် ဖြစ်နေသော စိတ်အလင်းမါတ်သည် ကော်ရစ်ဒါတစ်လျှောက်ရှိ မှန်တွေကို တဖျတ်ဖျတ် ကွဲရှမွကျေစေ၏။ တဖြန်းဖြန်းသံနှင့် မှန်တွေက အတွင်းဘက် ကွဲလိုက် အပြင်ဘက်ကွဲလိုက် ဖြစ်နေသည်။ သူ့စိတ် အလင်းပြန့်ကားလျှင် မှန်စမှန်နတွေ အပြင်ကိုပွင့်၍ လွင့်စင်ကုန်ပြီး ဒေါသစိတ်ကို (ဝန်းဖြာနေသော အလင်းဝန်းကို) ပြန်လည်ကျုံ့ယူဆွဲရာတွင် မှန်စမှန်နတွေ သူရှိရာဘက် ကြေမွလွင့်စင်လာကြသည်မှာ ကြည့်၍ လှတောင်မှလှသေး။ ဖွမ်းခနဲ. . . ဖွမ်းခနဲ ပျော်တောင်ပျော်သေး။

"ကိုယ် မှန်တွေကွဲတာ မြင်မှပဲ စိတ်ကျေနပ်သွားတယ်. . ဒေါသပြယ်သွားတယ်"

"ဆက်ပြောဦးလေ ကိုယ်ရယ်"

"ပန်းကလေး နမ်းနေသူကို နမ်းကြည့်မလို့"

"ပန်းထက် မွှေးတယ်ရှင့်"

မှန်ကန်ကြောင်း တွေ့ရှိရလေသည်။

"မာစတာတန်းမှာ ဘရသေ့ ကိုယ့်ကို ကျောင်းလာထုတ်သွားတယ်၊ သင်ရိုးညွှန်းတန်းလည်း အဆုံးထိ ကြေနေခဲ့ပြီလေ၊ ကြိုကြည့်ထားတာ၊ ကျောင်းသခ်န်းမှာပဲ စိတ်ပိုင်းဆိုင်ရာလျှင့်စင်တွေနဲ့ သိလာတဲ့ သီအိုရီအသစ်တွေနဲ့ မျှတအောင် ဘမ်ာသမတ်



www.burmeseclassic.com

www.burmeseclassic.com



ပိုကျအောင် ပေါင်းစပ်လေ့ကျင့်ခဲ့တယ်၊ ဘရသေ့ရဲ့ဇာတိ အင်ဖာဗီမှာ လူ့အကျိုး သယ်ပိုးတယ်"

ဘရသေ့က. . .

"ငါ့သား. . . ကျော်ကြားမှု ချမ်းသာကြွယ်ဝမှုတွေဟာ တကယ့်ပျော်ရွှင်မှုအစစ်ကို မပေးတဲ့အပြင် ပိုဝေးစေတယ်၊ အလယ်အလတ် လူ့ဘဝနဲ့ သဘာဝကျကျ လူ့ဘဝကို ဖြတ်သန်းဆင်ခြင်တုံတရား ရအောင်ဖမ်း၊ မဂ္ဂင်လမ်းဆိုတာ အလယ်က လျှောက်တာ၊ ပျော်ရွှင်မှုအစစ် အဲ့ဒီလမ်းအဆုံးနားမှာ"တဲ့။

ချစ်သူရင်ညွှန့်ပေါ်က သူ့သစ္စာပန်းလေးကို ဖွဖွလေး တိုးနမ်းမိသည်။ ကြွတ္တိယ သဘာဝ အနူးညံ့ဆုံး အရေပြားအချို့နှင့် သူ့ပါး မထိခလုတ် ထိခလုတ်လေး ဖြစ်သွားသည်။ ကြားက ပိတ်သားခံနေတာတောင် ရှိန်းခနဲ ဖိန်းခနဲဖြစ်စေသော ဖောဇ္ဇာရုံအာရုံ. . ။

ဟိုစာရေးဆရာရေးသလို(ဘိုးဘိုးနတ်ရွာမိုးကို ဆိုလိုသည်) ကြက်သီးမွေးညင်းလေးတွေရယ် အိန္ဒြေရရ အရေပြားထဲ ပုန်းနေကြစမ်းပါ၊

ဒီမယ်. . ရှက်ရတဲ့အထဲတဲ့၊ ဟင်းဟင်း. . နန်းမွေ့ အဲ့လိုဖြစ်နေပြီ ကာလနဂါးလေးရဲ့၊ ဒီမှာ အသည်းယားနေပြီ. . ။

လူးလွင့်နေသည့် သူမစိတ်စကားကို စိတ်နားက ကြားရပြန်သည်။

ကုတ်ပေးဦးမှာ. . ။

သူ ချက်ချင်းပြန်ပြောလိုက်နိုင်သော်လည်း အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



က(တစ်စုံတစ်ရာကို ငုံခဲ့ထားသမို့) ချော်နေ၏။ ဝုတ်ပေးဝုန်းမှာ ဖြစ်နေ၏။ နှစ်ခါဆက်တိုက်ပင် ဝုတ်ပေးဝုန်းမှာ ဖြစ်နေ၍ သူမ လန့်၍ငုံ့ကြည့် သူ့ပါးစပ်ထဲက သူငုံခဲ့ထားသောအရာ ထွက်ကျလာသည်။

ရှားပါးပန်းပွင့်ပါပဲ။ နမ်းမဝ ဖြစ်နေစဉ် ဘယ်လိုကဘယ်လို မျိုချချင်စိတ်တွေ ထွက်လာသည်မသိ။ ပါးစပ်ထဲ ရောက်နေ၏။

ထိုစဉ် ပါစံတစ် အပေါ်ထပ်က ဝရံတာမှာ ပေါ်လာသည်။

"ဆရာ. . . ဖုန်းဝင်လာပါတယ်၊ အောက်ထပ်က ရုပ်သံဖုန်းကို ကိုင်ပါ၊ အာကာသယာဥ်မှူးကြီး အာထင်ကာတဲ့၊ အလွန်အရေးကြီးပါသတဲ့"

သူ ပန်းပွင့်ကိုသော်လည်းကောင်း၊ ထိုပန်းပွင့် အရှင်သခင်မကိုသော်လည်းကောင်း ဘာကိုမှ မျိုမချဖြစ်တော့ပါ။ သူ တစ်ပါးအကျိုးအတွက် အိမ်ထဲ တစ်ချိုးတည်း ပြေးဝင်ခဲ့ရပါလေသည်။

"သိပ်အရေးကြီးမှ ကိုဒိုင်ယံရဲ့တန်ဖိုးကြီးတဲ့အချိန်ကို ကျွန်တော်ဖြုန်းမှာပါ"တဲ့။

လူဆန်းကြီးက အခု သိပ်အရေးကြီးသတဲ့. . .။

ဘာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်သိမ်းပိုင်း

# နဂါးငွေ့တန်းရဲ့ပန်းပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

အဆင်း..အပြည့်

အနံ့..အပြည့်

ခွန်အား..အပြည့်

ပန်းအင်္ဂါ..အပြည့်နဲ့

ပန်းမျိုးစေ့ဟာ..ငါ..

အလေ့ကျ မပေါက်တတ်တာ

ဆန်းသလား...

နှမ်းချင်ရင်တော့...စိုက်..ကြည့်..လိုက်...။ ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

"အဲဒါပါပဲ. . . ကိုဗိုင်ယံ၊ ဖေဖေနဲ့ ကျုပ် အခု အတိုက်အခံ ဖြစ်နေတယ်၊ ဖေဖေဟာ မနက်ခင်း လမ်းလျှောက်ရင်း မါတ်ငွေ့ကား အနားမှာလာမှောက်လို့ ပေါက်ကွဲမှုထဲပါသွားတာ ဒီနေ့ပဲလေ၊ ဖေဖေက လုံးဝအယုံအကြည်မရှိဘူး၊ စစ်သားလူထွက်ဆိုတော့ တစ်ယူသန်တယ်၊ ကျုပ် အခု ဖေဖေ့ကို အင်အားသုံး တားမြစ်ထားရတဲ့အခြေအနေပဲ"

ရှန်းကန်အော်ဟာစ် ဒေါသဖြစ်နေသော ဦးအာဗွေောင်းထင်ကို ပါးစပ် ပါပလာစတာ ပိတ်၍ ထိုင်ခုံတစ်လုံးအတွင်း တုပ်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားပုံကို ဖုန်းကင်မရာ အင်ဂယ်လ်ပြောင်းပြီး ပြသည်။

"အဲ့ဒါ လာပါဦးဗျာ၊ နန်းမွေ့ပါ ခေါ်ခဲ့ပါ။ နန်းမွေ့ ချော့ရင် ရနိုင်တယ်၊ ဒီအတိုင်း ကြိုးဖြည်လိုက်ရင် ကျုပ်ဦးနှောက်ကို ပစ်ဖွင့် ပစ်လိမ့်မယ်"

"ဟုတ်ကဲ့. . . အခုလာပြီ"

အာကာသသူရဲကောင်းကြီး ဖန်သားပေါ်က ပျောက်သွားသည်။ ချက်ချင်းပင် ဘရသေ့ အွန်လိုင်းပေါ် ပေါ်လာသည်။ စီးထားသော အိမ်စီးပိတ်ဖိနပ်ကို သူအရင်ချွတ်သည်။ လက်အုပ်ချီသည်။ သူကြည်ညိုသော အဖဘရသေ့ ခန့်ထည်သောအပြုံးနှင့် ပေါ်လာ၏။ သူ လက်အုပ်မိုး ဦးညွှတ်သည်။

"ကျန်းခံ့သာလို့ မာပါတယ်နော် သား"

"အဖပို့သသော မေတ္တာကြောင့်ပါ"

သားအဖ အလွမ်းပြေ ပြုံးကြည့်နေမိကြသည်။ ခဏနေမှ ဘရသေ့က. . .

"အချိန်ဟာ အရာအားလုံးထက် တန်ဖိုးကြီးပါတယ် သား၊ အဘ တိုတိုပဲပြောမယ်၊ အဘ သားမိဘအကြောင်း ပြောပြတော့မယ်"

သူ့ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။ ငယ်ငယ်ကတည်းက မေးဖူးသောမေးခွန်း။ အချိန်တန်တော့ သား သိရမှာပေါ့ကွာတဲ့။ အခု အချိန်တန်ပြီထင်သည်။

"သားရဲ့အဖေ အုပ်စိုးဒိုင်နဲ့ သားအမေ အာဝင်နိုဟာ အာကာသဗျူရိုက သိပ္ပံပညာရှင်ပဲ၊ ဘတ္တိယရဲ့နောက်ကွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမည်မဖော်တဲ့ ပညာရှင်က အဘပဲ၊ ဘတ္တိယဟာ ဘရသေ့ တပည့်တစ်ယောက်ဖြစ်တယ် တစ်နေ့ စစ်တပ်အကြီးအကဲထံက စီမံကိန်းတစ်ခု ကျလာတယ်၊ ဂြိုဟ်သန့်စင်ရေး ပရောဂျက်တဲ့၊ အသစ်တွေ့တဲ့ဂြိုဟ်က သယံဇာတယူဖို့ အဲ့ဒီဂြိုလ်ပေါ်က ပိုးမွှား နှင့် သက်ရှိသတ္တဝါအားလုံးကို ရှင်းလင်းတာ၊

တစ်ချက်. . . လိုအပ်ရင် နှစ်ချက်ပစ်ရုံနဲ့ သက်ရှိရှင်း ခါတ်ငွေ့ဒုံးကျည် ထုတ်လုပ်ခိုင်းတာပါပဲ၊ ဘာမှလည်း သိပ်မှ မခက်တာ၊ ဒါပေမယ့် ဘတို့ ပညာရှင်အဖွဲ့က ငြင်းပယ်လိုက် တယ်၊ ဒါ ပါဏာတိပါတာလေ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ် မှုလေ၊ စီမံချက်အတိုင်း လက်နက်ထုတ်ပေးရင် ဒိုင်နိုဆောခေတ် တောင် မျိုးတုန်းနိုင်တဲ့စွမ်းအင်လက်နက် ဖြစ်လာမှာလေ၊

ဘရသေ့ရဲ့ဖော်မြူလာကို ပြိုင်ဘက်ပညာရှင် ထိသနက ခိုးထားပြီးပြီလေ၊ ဘ ကွန်ပျူတာကို ဖြတ်ခိုးတာလေ၊ ဘတို့အုပ်စု က ငြင်းပေမယ့် ချမ်းသာလောက်တဲ့ ငွေကြေးပမာဏကြောင့် ထိသနဘက်ကို ဘရသေ့ရဲ့လူတွေ ပါသွားတယ်၊ သားရှေ့ရေး အတွက် သားအဖေနဲ့အမေလည်း ပညာနဲ့ဉာဏ်ကို ရောင်းစားရ တဲ့အုပ်စုထဲ ပါသွားတယ်၊ ဓါတ်ခွဲခန်း မတော်တဆဖြစ်ပြီး ပေါက် ကွဲတယ်၊ အားလုံးပါသွားတယ်၊ အကြီးအကဲက သားအဖေထက် ပါဝါရော အိုင်ကျူပါ မြင့်တယ်လို့ မှတ်တမ်းဝင်ထားတဲ့သားကို မရအရ ရှာနေပြီ၊

ဘရသေ့ တရားကျင့်ချင်နေတာရယ်၊ ငါ့သားဘဝအေး တောမှီပြီး ကာကွယ်ချင်တာရယ်ကြောင့် တောကျောင်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခဲ့တာပဲ၊ နိုင်ငံတော်နဲ့ မြူရိုကိစ္စတွေတော့ ဂုဏ်ထူးဆောင် အမြဲတမ်း အကြံပေးရာထူးနဲ့ ထမ်းဆောင်ဆဲပါပဲ၊ ခုလည်း မြူရိုကို ကိစ္စတစ်ခုနဲ့ ရောက်နေတယ် သား"

"ဘရသေ့ကိုယ်တိုင် လာရတဲ့ကိစ္စဆိုတော့ မြူရိုအတွက် အရေးကြီးမှာပဲ၊ သားသိခွင့်ရှိမလား အဖ"

"အဲ့ဒါပြောမလို့ အွန်လိုင်းပေါ် တက်လာတာ သား"

"အာကာသယာဉ်မှူး အာထင်ကာကိစ္စလား အဖ"

သူ ရင်တခုန်ခုန် မေးခြင်းဖြစ်သည်။ သူဖြေရှင်း၍မရသော ပြဿနာလည်းဖြစ်နေသည်။ ဘရသေ့က ရှင်းလေ့လည်း ရှိသည်လေ။

"ဟုတ်တယ် သား၊ အာထင်ကာ ကေ့စ်ပဲ၊ ဘတို့ အဖြေရပြီ၊ သားဆီက ရတဲ့သဲလွန်စနဲ့ပဲ"

"သားဆီက သဲလွန်စ ဟုတ်လား အဖ၊ ဘာသဲလွန်စပါလိမ့်"

"သား ဝက်(ဘ်)ဆိုက်ထဲက အာထင်ကာနဲ့ တွေ့တဲ့မှတ်တမ်းကို ဘ လှမ်းဖတ်ရင်း အဲ့ဒီသဲလွန်စကိုတွေ့တာ"

သူ ချက်ချင်းသတိရသည်။ အာထင်ကာနှင့် ပထမဆုံးဆွေးနွေးအပြီး ရေကောက်ကမ္ဘာ စားသောက်ဆိုင်ကို ဖိတ်ကြား၍ ကားဆီလာနေစဉ် အာထင်ကာ၏စိတ်ထဲက စကားစုလေး သူ အထိတ်တလန့် ကြားလိုက်မိသော အာထင်ကာ၏ (သူ့ကိုင် သူ ချထားပုံရသော)ကောက်ချက်နှင့် ဆုံးဖြတ်ချက်ဖြစ်သည်။

"အင်း. . . ဒီပညာရှင်လေး မဆိုးဘူး၊ ဒါဟာ ငါ့ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဟုတ်မဟုတ်ဟုတ် သေမယ့်လူတစ်ယောက်ကို ငါမသေအောင် တားကိုတားရမယ်၊ သူက ငါ့အဖေတဲ့"

စိတ်စကားကျဉ်းကျဉ်းလေးက ကျယ်ပြောလှချည့်။ ထိုစကားလေးကနေ ဘရသေ့ ဘာကိုသဲလွန်စ ရတာတဲ့လဲ။

"သိပ္ပံသဲလွန်စ အတော်များများဟာ သံသယကနေ ရတတ်တယ်၊ ပန်းသီး ဘာလို့ကြွေတာလဲ. .၊ နယူတန် မြေကို သံသယ ရှိလာတယ်၊ အဲဒီမှာ မြေဆွဲအားကို တွေ့ရှိတယ်၊ ခုလည်း အာထင်ကာ သူ့ကိုယ်သူ ဒါဟာ ငါ့ကမ္ဘာ ဟုတ်ဟုတ်မဟုတ်ဟုတ် သူ့သံသယပေါ်မှာ ဘရသေ့တို့ အဖြေရှာရတာပေါ့၊ သားရဲ့မွေးစားဖေဖေ ဗြူရိုဥက္ကဋ္ဌ ဘတ္တလိက လိုရင်းကို ဆက်ရှင်းပြလိမ့်မယ်၊ သူ ဘရသေ့နားမှာ အခုရှိနေတယ်"

"မင်္ဂလာပါ သား၊ အာထင်ကာဟာ ဘာလဲ ဘယ်သူလဲ၊ ဘဘ လိုရင်းပဲရှင်းပြတော့မယ်၊ အာထင်ကာရဲ့ဇစ်မြစ်ကို သားသိပြီးရင် သားကို အရေးကြီးတဲ့တာဝန်ပေးဖို့ ဘရသေ့နဲ့ ဘဘ ဆုံးဖြတ်တယ်၊ တာဝန်က တစ်. . အာထင်ကာရဲ့ဇစ်မြစ်ကို သားကိုယ်တိုင် သူ့ကိုအသိပေးရမယ်၊ နှစ်. . သူ့ကိုယ်သူ လောလောဆယ် ဘယ်လိုခံယူသလဲဆိုတာ စူးစမ်းဖတ်ကြားပြီး သူ ဘာကို ရွေးချယ်ရွေးချယ် အချိန်ခဏစောင့်ဆိုင်းဖို့ သားက တိုက်တွန်းပေးရမယ်၊ သူလည်း ကျေနပ်နိုင်တဲ့စကားနဲ့ သူ့ကို နှစ်သိမ့်ထားလိုက်ပါ၊ လိုအပ်ရင် စိတ်ညှို့ပညာပါ သုံးသင့်ရင်သုံးပါ"

"ကောင်းပါပြီ ဘဘဘတ္တလိ သား တာဝန်ကျေစေရပါမယ်၊ ကဲ. . . သား သိပ်သိချင်နေပြီ၊ အာထင်ကာဟာ ဘာလဲ. .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ. . ဘယ်ကလဲ"

"အေး. . . ဘတို့ သူ့သဲလွန်စကနေ ပြန်တွေးသွားရင်း နက္ခတ္တ စကြာ့မှန်ပြောင်းကြီးကို ပါဝါ သုံးဒသမခြောက်ဆ ထား တင်ကြည့် လိုက်တဲ့ အခါ. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . အုံ့ဩဝမ်းသာ ရင်တွေလည်း ခုန် သိပ္ပံဝိဇ္ဇာပညာရှင်တွေပီပီ အတွေးစုံနဲ့ ဦးနှောက်တွေ ချာလပတ် ရမ်းသွားစေတဲ့ အသစ်တွေ့ရှိချက်ကြီးပေါ့ အဲ့ဒါပဲ သား မင့်ဘရသေ့ ပြောဦးမယ်တဲ့"

"မိန့်ပါ ဘရသေ့"

"သား အခု နန်းမွေကိုခေါ်ပြီး အာထင်ကာဆီကို ပြေးတော့၊ သူ့ဖေဖေ(အာကောင်းထင်)အသက်ကို ကယ်တင်ဖို့ ကြိုးစားနေတဲ့ အာထင်ကာအနီးမှာ သားတို့ရှိနေဖို့ လိုအပ်တယ်၊ ကယ်တင်နိုင်တာ မကယ်နိုင်တာကတော့ သဗ္ဗေသတ္တာ ကမ္မသကာလို့ နှလုံးသွင်း နှစ်သိမ့်ပေးပါ. . ဒါပဲသား၊ အာကောင်းထင်ဟာ ဗြူရိုရဲ့စစ်ဘက်လုံခြုံရေးမှူးဟောင်းပဲ၊ ဘရသေ့နဲ့ သား ဖေဖေမေမေရဲ့ အကျိုးကို လိုလားသူလည်းဖြစ်တယ်၊ သူလည်း အငြိမ်းစားပေးခြင်း ခံရသူ. . . တို့လူပဲ"

ဘရသေ့ မကွယ်ပျောက်မီ သူ ရှိခိုးလိုက်သေးသည်။

"အာကာသယာဉ်မှူး ဦးကာထင်ကာရေ. . . ခင်ဗျား ဘဝနဲ့ ခင်ဗျား ဘာဆိုတာပြောဖို့ ကျွန်တော်လာနေပါပြီ၊ တစ်ခုခု ရွေးချယ်ဖို့ အသင့်ပြင်ထားပါခင်ဗျား၊ စိတ်အင်အားတွေ ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်နေပါစေ”

. . အင်း. . . ချစ်သူလေးကို အကုန်ဖွင့်ပြောမယ်၊ မခွဲခင် ကိုယ့်ရင်ကို မင်းအကုန်မြင်ရစေမယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"ဝ. . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . အဲ့ဒါပါပဲ နန်းမေ့"

"အင်း. . . ဒါကြောင့်ဖြစ်မယ်၊ ဦးဦးအာထင်ကာ. . ဦးကာဟာ တစ်မျိုးကြီးပဲလို့တော့ နန်းမေ့ ထင်သား၊ တချို့ အမှတ်ရစရာတွေကို သူ မေ့မေ့နေတတ်တယ်၊ နန်းမေ့တို့ တက္ကသိုလ်ကို သူလာဖူးတယ်၊ အာကာသ အတွေ့အကြုံ လာဟောတာ၊ အဲ့ဒီမှာ နန်းမေ့နဲ့ တွေ့ဖူးတယ်၊ သူ မေ့နေသလိုပဲ. . . ဇဝေဇဝါနဲ့၊ ဒါနဲ့ အရေးကြီးတာ ကိုယ်မပြောသေးဘူး၊ သူက ဘယ်သူလဲ၊ ဘယ်ကလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ရောက်ပြီ၊ အရေးကြီးစကားမို့ အထဲကျမှ နား ထောင်တော့နော်"

အထဲက ဖခင်ကို အပြင်မထွက်အောင် လျှပ်စစ်ခြံတံခါး Lock ချထား၍ ဖုန်းနှင့် ဆက်သွယ်မှ အာထင်ကာ ကိုယ်တိုင် လာဖွင့်ကြိုသည်။ နာရီကြည့်ရင်း. .

"အားရှိသွားတယ်. . . ကိုဗိုင်ယံနဲ့ သမီးနန်းမွေ၊ ဖေဖေ အိမ်ထဲကနေ တစ်အောင့်နေရင် အတိုင်းသား ကြားရလိမ့်မယ်၊ ဝုန်းခနဲ မါတ်ငွေ့တင်ကားကြီး လမ်းထိပ်မှာ အက်စီးဒင့်ဖြစ်တဲ့ အသံ လာတော့မယ်. . . လာကြ၊ အိမ်ထဲကပဲ အဲ့ဒီအသံကို စောင့်မယ်"

ခေတ်သစ်ဗိသုကာနှင့် ရှေးဟောင်းဗိသုကာအတတ် ပေါင်းစပ် ဆောက်လုပ်ထားသော အုပ်ချုပ်ရေးမှူး အာကောင်း ထင်၏ အိမ်မဂ်လာသည် အပြင်ပန်းအားဖြင့် ခမ်းနားတိတ်ဆိတ် နေ၏။ မွှေးပျံ့အေးမြနေ၏။

ဝန်းကျင်အခြေအနေထဲမှ အကောင်းဘက် ညွှတ်ယိမ်း သော ညွှန်ကိန်းလက်တံရန့်ကို ခပ်ပါးပါး ရှူရှိုက်ရသလို ရှိ၏။

အာစင်တီတို့ သားအမိ ရှော့ပင်းသွားတယ်ဟု ပြောရင်း အာထင်ကာက ဧည့်ခန်းတံခါးကို ခလုတ်နှိပ်ဖွင့်လိုက်သည်။ ဧည့် ခန်းအလယ် ထိုင်ခုံပေါ်တွင် ဒေါ်သချောင်းချောင်းထ ရှန်းကန်နေ သော အဘိုးကို အာကောင်းထင်ကို ရှင်းခနဲပင် လှမ်းမြင်လိုက်ရ သည်။ တောင့်တင်းကြွခိုင်ဆဲမို့ ဒေါသကြောင့် ရှန်းကြွနေသော ကြွက်သားနှင့်အကြောတွေ ပြိုင်းရိုင်းထနေသည်။ သင်းဝင်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကောင်းထင် သဘောကျတာကို အရင်လုပ်ရမည်။ ဒါမှ သူ့ဘက်ပါအောင် ခေါ်၍ရမည်ဖြစ်၍ ပါးစပ်က ပလာစတာကို ခွာရင်း ခပ်တိုးတိုး. .

"စကားပြောရအောင် ဘဘ၊ ခပ်ဖြည်းဖြည်း ပြောကြေးပေါ့. . . သဘောတူလား"

ခေါင်းငြိမ့်ပြသည်။ သူ့ပါးစပ်က ပလာစတာကို ဗျိခနဲ ဆွဲခွာလိုက်သည်။

"ကျေးဇူးပဲ မောင်ဒိုင်ယံ၊ ခြေတွေလက်တွေပါ ဖြည်စမ်းကွာ"

"ဒေါ်သသံ ထွက်နေသေးတယ် ဖေဖေ၊ သမီး ဖြေပေးမှာပါ၊ လောလောဆယ် ဖေဖေ ဒေါသစိတ်ကို ရအောင်ပယ်သတ် ရှုရှိုက်မှတ်"

နန်းမွေစကားကို နားထောင်သည်။ ရှုရှိုက် ငါးမိနစ်ခန့် မှတ်ပြီး ဒေါသရောင် ကျသွားတယ်။

သမီးကြောင့်ပေါ့ကွာ. . . တဲ့။

"မကြာခင် ဓါတ်ငွေ့တင်ကားကြီး အက်စီးဒင့် ဖြစ်တော့မယ်၊ ဝုန်းခနဲ အသံကြီး လာတော့မယ်လို့ ဦးအာထင်ကာ ပြောပါတယ်၊ ဟုတ်မဟုတ် ခဏစောင့်ကြည့်ရအောင်ပါခင်ဗျာ၊ ဒါ သက်သေပြချက်ပါပဲ"

သူပေးသောအကြံကို အဘိုးအို လက်ခံသည်။

နာရီကြည့်ရင်း(ဖခင်အပေါ် အင်အားသုံးထားမိ၍ ခံချိသွားလေး ဖြိုပြရင်း)



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သုံးမိနစ်တောင် ကျော်လာပြီ. . ဘာလို့. . ."

"ဝုန်း. . အုန်း"

သိမ့်ခနဲ ဖြစ်သွားသည်။ ကျယ်လောင်သောအသံကြီး အားလုံးကြားလိုက်ရသည်။

"အဲ့ဒါပဲ ဖေဖေ၊ သား မတားရင် အဲ့ဒီနား ဖေဖေရောက်နေခဲ့ပြီ. . . ပါသွားပြီ၊ ခုတော့ ဖေဖေရှိနေခဲ့ပြီ"

ဦးချကန်တော့၍ ပတ်ထားသော ပလာစတာကြိုးများ ဝိုင်းဖြည်ပေးကြသည်။

"အဲ့လိုမျိုးတွေ တကယ်ရှိတာလား သား၊ ကဲ. . . အားလုံးကို ကျေးဇူးတင်တယ်၊ ခြံထဲ အညောင်းအညာ ဆန့်ဦးမယ်"

အိမ်တံခါးဖွင့်ပေးလိုက်သည်။ ခြံတံခါးကိုတော့ လော့(ခ်)ချထားဆဲ ဦးအာကောင်းထင် အပြင်ကိုတော့ ထွက်ခွင့်မရသေး။ အဘိုးအို မရှိခိုက်ပင် ဇစ်မြစ်ကိုစွ ပြောသင့်ဘည်ဟု သူဆုံးဖြတ်သည်။

"ဦး ပြဿနာ တစ်ခုကို ကျော်ဖြတ်ရာမှာ အောင်မြင်သွားလို့ ဦး စိတ်တန်ခိုး မြင့်တက်နေမှာ သေချာပါတယ်"

"မောင်ရင်ပြောတဲ့အတိုင်းပါပဲ၊ ကျုပ်တည်ငြိမ်နေတယ်"

"ဒါဆို ကျွန်တော် ဦးရဲ့ဇစ်မြစ်ကိုပြောရင် လက်ခံဖို့ အသင့်အနေအထားလို့ ဆိုလိုတာလား"

သူ့မျက်လုံးကို အသေအချာ စူးစိုက်ကြည့်လာသည့် ယာဉ်မှူးကြီးကို ပါဝါတင်၍ သူပြန်ကြည့်လိုက်ရင်း. . လက်ခံရမယ်. . လက်ခံမှဖြစ်မယ်. . လက်ခံနိုင်ရမယ် ဟူ၍ အမိန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ မှိန်ဖျော့သွားသောမျက်ဆံကို သူလှမ်းမြင်ရသည်။ လွှမ်းမိုး၍ လွယ်ပါသည်။

"ကျုပ်ဟာ အရာအားလုံးကို လက်ခံပါ့မယ်၊ ကျုပ်ဘယ်သူလဲ"

သူ့အာရုံတွေကို သူ့စကားလုံးတွေအပေါ် အချိုးညီညီ ပစ်တင်လိုက်ရင်း. . .

"ဗုဒ္ဓသကျမုနိက အနန္တစကြဝဠာလို့ပဲ ဟောသွားတယ်၊ စကြဝဠာတွေ နေစဉ်စုတွေ မရည်မတွက်နိုင်အောင် ရှိတယ်၊ အဘဘတ္တလိရဲ့စကားအတိုင်း ပြောရရင် ရေတွက်လို့ရတဲ့ (ကမ္ဘာမြေနေ အာကာသနေ)လူတွေထဲမှာတောင် ချုပ်စွပ်အမှာ ရှိသေးတာပဲ၊ ကမ္ဘာ့လူဦးရေထက် အနန္တများတဲ့ စကြဝဠာကြီးထဲမယ် တို့နေတို့ နေစဉ်စုတို့ ဂြိုလ်ကြီးကိုးလုံးတို့ ကမ္ဘာနဲ့ ထပ်တူချုပ်စွပ်တူတဲ့ ဂြိုဟ်ပြာကြီးတစ်စင်း ရှိနေနိုင်တာပေါ့၊ ရှိလို့ပဲ အသစ်ပြုပြင် ပါဝါတင်ထားတဲ့ နက္ခတ္တစကျွမ်ပြောင်းကြီးက တွေ့တာပေါ့ တို့ကမ္ဘာရဲ့ အမွှာပူးကမ္ဘာကြီး" တဲ့ ဦးရေ၊

ဒီသတင်းဆန်း ကမ္ဘာကိုတော့ မကြေငြာသေးဘူး၊ ဦးက အဲ့ဒီကမ္ဘာကနေ ဒီကမ္ဘာကို ရောက်လာတာ၊ အဲ့ဒီကမ္ဘာက ဒီကမ္ဘာထက် အသက်ကြီးတယ်၊ တစ်စက္ကန့်ရဲ့တစ်သန်းပုံတစ်ပုံ အသက်ကြီးတယ်၊ နှစ်ပေါင်း သန်းချီလာတော့ (၂)နှစ်နီးပါး အချိန်ကွာဟလာတယ်တဲ့၊ ဦးက အဲ့ဒီနောင်တော်ကမ္ဘာက လာတာ ဒီက ဦးရဲ့အမွှာညီက ဟိုကမ္ဘာရောက်ပြီး ဘာတွေကရောက် ကမ ဖြစ်နေပြီလဲ မသိဘူး၊ ဓါတ်ငွေ့တိမ်တိုက်ကို အမြဲမိုင်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ပြိုင်တူနီးပါး တိုက်ပြီး လားရာလွဲထွက်ပြီး ကမ္ဘာပါ လွဲလာတာ"

ချက်ချင်းသဘောပေါက်သွားပုံရသည်။

သူ့စိတ်စကားကိုလည်း ထပ်ကြားရသည်။

. . ငါထင်တဲ့အတိုင်းပါပဲလား ဒါဟာ ငါ့ညီမယား ငါ့ညီမိသားစုပါပဲ. .

"ဦး အေးအေးဆေးဆေး စဉ်းစားပါ၊ ဒါရိုက်ပုံသန်းနိုင်တဲ့ယာဉ်က တီထွင်တုန်း၊ နောက်မျိုးဆက်သစ်မှ ရရင်လည်း ရမယ်၊ ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ ဦး ဒီကမ္ဘာသားအဖြစ် ခံယူမလား၊ နောင်တော် အခြားကမ္ဘာသားအဖြစ် ခံယူမလား၊ ဒါဟာ လူတစ်စုပဲ သိတာ၊ ဦးဖခင်အပါအဝင် အိမ်သားတွေတောင် မသိသေးတဲ့ လျှို့ဝှက်သတင်းပဲ၊ ကမ္ဘာကို သတင်းမှောင် ချထားလို့လည်း ရတယ်၊ ကြေငြာလို့လည်း ရတယ်၊ ဦးဆုံးဖြတ်ချက်အပေါ် မူတည်နေပါတယ်၊ ဦးက အိမ်ရှင်လား ဧည့်သည်လား၊ စဉ်းစားပြီးမှ ဖြေပါ"

"ဟင်းဟင်းဟင်း. . . အဖြစ်မှန်အတိုင်း ဧည့်သည်လို့ ကြော်ငြာလိုက်ရင်တော့ မီဒီယာတွေ ဗျူးတာနဲ့တင် သန်းကြွယ်သူဌေး ဖြစ်သွားမှာ အသေအချာပဲနော်၊ အာစရိလေး၊ ကိုယ့်ကမ္ဘာ ကိုယ့်အိမ်ပြန်ဖို့က မသေချာသေးဘူး၊ ဟိုမယ် ဘာတွေဖြစ်နေသလဲဆိုတာကို လှမ်းကြည့်လို့ရအောင်လည်း သိပ္ပံက မစွမ်းသေးတော့. . . အင်း. . . စဉ်းစားရ အတော်ကျပ်ပါလား"

"ကမ္ဘာအမွှာ တွေ့ရှိခြင်း. . .၊ နဂါးငွေ့တန်း တင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သင်လည်း အဲ့ဒီမှာ ရှိတယ်"

ဟူသော ကမ္ဘာ့သမိုင်းဝင် သတင်းကြီးနှင့် လှုပ်ရှားသွားမည့် လူသားထု၏စိတ်ကူးယဉ် အတွေးလှိုင်းကြီးကို သူလှမ်းမြင်ယောင်သည်။ ထပ်တူဖြစ်နိုင်သော အတွေးလှိုင်းက. . .

"ငါတစ်ယောက် သပ်သပ်ရှိနေတယ်တဲ့၊ ဘာလုပ်ရင်ကောင်းမလဲ"

ဟူသော လူတိုင်းရင်ကို လှုပ်ခါစေသည့် အတွေးလှိုင်းကြီး။

"ကဲ. . . အာစရိလေး၊ မောင့်ကိုပဲ လေးစေလိုက်မယ်၊ အကောင်းဆုံး အကြံပေးပေတော့၊ ကိုယ်က ဧည့်သည်ဖြစ်သင့်လား အိမ်ရှင်ဖြစ်သင့်လား"

"အကောင်းဆုံးစကားလုံး သုံးရရင်တော့ အိမ်ပြန်ဧည့်သည်ပါပဲ၊ ရှေးဟောင်းစကား ရှိတယ်ဦး၊ ရောမရောက်နေပြီပဲ ရောမလိုပဲကျင့်ရင်း ကန့်သတ်ချက်နဲ့ ရထားတဲ့အချိန်တွေကို ဗုဒ္ဓမမွ လေ့လာလေ့ကျင့်ရင်းပေါ့၊ တန်ဖိုးရှိရှိ လူ့ဘဝ ဒုလ္လဘကို အသုံးပြုသင့်တယ်လို့ပဲ အကြံပေးပါရစေ၊ လူ့ဘဝကနေပြီး မဂ္ဂင်လမ်းနဲ့ သစ္စာတရားကိုရှာရင်း မဂ်ဖိုဆိုက်အောင် ကျင့်ကြံဖို့ပါပဲ"

"သိပ်ကိုကောင်းတဲ့ အကြံဉာဏ်ပါပဲ၊ ဟုတ်တယ်. . . သိပ်အောင်မြင် သိပ်ချမ်းသာခြင်းဟာ မဂ္ဂင်လမ်းကို ရှာမတွေ့အောင် မှုန်ဝါးစေတယ်"

ထိုစဉ် ခြံထဲက ဖေဖေ့အသံ ဝင်လာသည်။

"သားကြီးအာထင်ကာ. . . မင်းတားဆီးမှု အောင်မြင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ခြံတံခါး လော့ခ်ချထားတာ ဖွင့်တော့၊ ဖေဖေ လမ်းလျှောက်ချင်တယ်”

စိတ်ချလက်ချပင် ဖွင့်ပေးလိုက်သည်။

လမ်းထိပ်မှ ပေါက်ကွဲမှုသည် ခြံတံခါးဝအနီးသို့ ဆိုင်ယာနိုက် ဆလင်ဒါ ဓါတ်ငွေ့ဗူးကို အဖုံးခလုတ် ဖွင့်လျက်သား ပို့ဆောင်ထားလိမ့်မည်။ ဖခင်က အနီးသို့သွားကာ စပ်စုလိမ့်မည်ဟု အာထင်ကာ ဘယ်လိုမှ ကြိုမတွေးထားခဲ့ပါ။

သဗ္ဗေသတ္တာသည် တိကျသော ကမ္မသကာနှင့် ရောက်ရှိလာခဲ့ခြင်းသာဖြစ်တော့သည်။

ဖေဖေ. . ဖေဖေ. . ဖေဖေ. . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ခွဲခွာခြင်း၌. . .

မည့်သည့်ခွဲခွာခြင်းမျိုးမဆို. . .

စိတ်နှလုံးကို ထိခိုက်နာကျင်စေသည်သာဖြစ်၏။

ခွဲရဦးတော့မည်ဟူသော နာကျင်သည့်ဖိစီးစိတ်သည် ဝေဒေဟီ ညော့်ကြိုခန်းမကြီးတစ်ခုလုံးကို ဖိချထားသလို ဖြစ်နေ၏။ ညော့်ခန်းဆိုဖာပေါ် ချထားသော သူ့လက်ဝါးပေါ်သို့ သူမ လက်အုပ်၍ ဆုပ်ကိုင်ထားခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဘာစကားမှ မပြောဖြစ်ကြဘဲ ခွဲ၍ဘယ်လိုနေထိုင်မလဲ ဟူသော အတွေးတွေသာ လူးလွန့်ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . မြို့တော်အထိ လိုက်ပို့ပါလားဟင်၊ ကားပေါ်မှာ အတူနေရတဲ့အချိန် နည်းနည်းထပ်ပေးပါလား"

"လိုက်ပို့ချင်တယ် နန်းမွေ၊ အပြန်. . အပြန်မှာ တစ်ယောက်တည်း၊ အဲ့ဒီအထီးကျန်မှုဟာ ကိုယ်ရှူးသွပ်သွားနိုင်တယ်"

"စိတ်ချနေပါ. . . စာချုပ်သက်တမ်းပြည့်ရင် အလုပ်ကထွက်ပြီး အင်ဖာဗီကို အပြီးလာခဲ့မှာပါ။ တစ်နှစ်ကျော်ကျော်ပဲ စောင့်ရမှာလေ"

"တစ်နှစ်ဆိုတာ နည်းတဲ့အထီးကျန်မှုလား. . . လုံလုံလောက်လောက် ရူးသွားလို့ရတဲ့အချိန်ပဲ၊ ပြီးတော့ နန်းမွေ အရမ်းဝါသနာနဲ့ စေတနာပါတဲ့အလုပ်ကို ကိုယ့်ကြောင့် မထွက်စေချင်ဘူး၊ အကောင်းဆုံးနည်းလမ်းတစ်ခု မရှိတော့ဘူးလား ကံကြမ္မာ ဇာတ်ဆရာရယ်"

ထိုစဉ် သူတို့ ကျောပေးထားသောဆိုဖာနောက်က အသံထွက်လာသည်။

"သိပ်ရှိတာပေါ့"

"ဟယ်. . . ဦးကာတို့မိသားစု ဘာကိစ္စနဲ့ လိုက်လာတာလဲဟင်"

"ဝမ်းသာစရာ အီးမေးလ်တစ်ခု ဝင်လာလို့ အချိန်မီ လာပေးတာ၊ သမီးဖုန်းကလည်း ပိတ်ထားလို့"

"ဘာသတင်းပါလိမ့်"

"သမီးတင်လိုက်တဲ့ အင်ဖာဗီ စိမ်းလန်းငြိမ်းချမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းကို သမီးရဲ့ဌာနချုပ်က အရမ်းသဘောကျတယ်တဲ့၊ စံပြစာတန်းဆုငွေ တစ်သန်းရတဲ့အပြင် အင်ဖာဗီမှာ ရုံးခွဲဖွင့်ဖို့နဲ့ ဂျိပိဗိရဲ့ အာဏာကုန် ပါဝါကုန် လွှဲအပ်ခံရသော အင်ဖာဗီရဲ့သံတမန်အဖြစ် သမီးနန်းမွေ့ကို ရာသက်ပန် ခန့်အပ်ပါသတဲ့"

"ဟေး. . ."

ရဟူး. . .

ဟူ၍ ထအော်၍ ခုန်လိုက်သော အသံနှင့်ဟန်က ဝေဒေဟီ ခန်းမကြီးကို အုပ်မိုးထားသော ဖိစီးမှု မှန်သမျှကို ဆွဲလှန်ပစ်လိုက်တော့သည်။

သန့်စင်ရေစိမ့်ရေအိုင်လေးက. . .

နွေးနွေးအိအိ ရှိလှ၏။

တိုးဖက်လိုက်သောအခါ. . .

"အဟီ" ဟု ကြိတ်၍ စိတ်ထဲ ရယ်သံလေး ကြားလိုက်ရသည် ထင်သည်။

လို၍မရခြင်း ကင်းပါစေ

ဘောင်မြိုင်စာပေ

www.burmeseclassic.com